KBZ Pay

# တောင်ကြီးတိုင်း

ရှမ်းပြည်နယ် ကိုယ်စားပြုအဖြစ် ထုတ်ဝေသည်။

SHAN YOMA CEMENT

သတင်းဂျာနယ်

VOLUME.6, ISSUE.9 THURSDAY, FEBRUARY 27, 2020




## ဗုဒ္ဓရုပ်ပွားတော်ပြတ်များ ဖျက်ဆီးခံရမှုနှင့် ပတ်သက်၍ စည်ပင် အမှုဆောင်အရာရှိအား အရေးယူပေးရန် ရှမ်းပြည်နယ် ဝန်ကြီးချုပ်ထံ တင်ပြထား

စာမျက်နှာ (၃) သို့ >>>

## တာချီလိတ်တွင် တရားမဝင်လောင်းကစားမှု ပပျောက်ရေး ဆောင်ရွက်ထားကြောင်း ပြည်နယ်ဒုတိယရဲတပ်ဖွဲ့မှူး ပြော

စာမျက်နှာ (၅) သို့ >>>

## လားရှိုးမြို့နယ်တွင် အာဖရိကဝက် အပြင်းဖျားရောဂါ ဖြစ်ပွားသည့် ဝက်များ တွေ့ရှိ

စာမျက်နှာ (၇) သို့ >>>



## အရှေ့အာရှ ဆောင်းခိုငှက်များ ပျံသန်းရာ လမ်းကြောင်း ၉ ခုတွင် အင်းလေးကန် ပါဝင်

စာမျက်နှာ (၂၆) သို့ >>>

## ကျိုင်းတုံတက္ကသိုလ်တွင် အငေးသင် ဘွဲ့ယူမည့် ကျောင်းသားများအား ဘွဲ့ဝတ်စုံနှင့် ဓါတ်ပုံဖိုးငွေ ပိုမိုတောင်းခံနေဟု ဆို

စာမျက်နှာ (၆) သို့ >>>

VOLUME.6, ISSUE. 9 THURSDAY, FEBRUARY 27, 2020
ကမ္ဘောဇတိုင်း

# ကမ္ဘောဇဘဏ်မှ ကျပ်သန်း ၆၀ တန်ဖိုးရှိ အသက်ကယ်လှေ နှင့် ကယ်ဆယ်ရေးပစ္စည်းများ လှူဒါန်း



ကမ္ဘောဇဘဏ်မှ ဝေးလံခေါင်သီသော ဒေသများရှိ ပြည်သူများအတွက် သဘာဝဘေးအန္တရာယ်ရှိသည့် ဒေသများနှင့် အရေးတကြီး လိုအပ်သည့် အသက်ကယ်လှေနှင့် ကယ်ဆယ်ရေးပစ္စည်းများ ကျပ်သန်း ၆၀ လှူဒါန်းခဲ့ကြောင်း သိရသည်။

အနာဂတ်တွင် အသယ်ကယ်လှေများရှိနေနိုင်ရေးအတွက်ကမ္ဘောဇဘဏ်မှ မကြာသေးမီက ကျပ်ငွေ ၅၆ သန်းကျော် တန်ဖိုး ရှိသည့် အသက်ကယ်လှေ ၂၆ စင်းကို သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဌာနနှင့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းသို့ လှူဒါန်းခဲ့ကြောင်း သိရသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန လက်အောက်ရှိ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဌာန၊ UNDP တို့၏ ဦးဆောင်မှုဖြင့် ကမ္ဘောဇဘဏ်တွင် အသစ်ဖွဲ့စည်းလိုက်သော Social Purpose and Impact Partnerships Committeeသည် သဘာဝဘေးအန္တရာယ်ရှိသည့် ဒေသများအတွက် အရေးတကြီး လိုအပ်သည့် အသက်ကယ်လှေကဲ့သို့သော ကယ်ဆယ်ရေး ပစ္စည်းများ ထောက်ပံ့ပေးအပ်ပြီး သဘာဝဘေးဒဏ်ကို ခံနိုင်သော လူမှုအဖွဲ့အစည်းတစ်ရပ်ကို ထူထောင်ပေးရန် ဆိုသည့် ဆုံးဖြတ်ချက်တစ်ရပ်ကိုချမှတ်ခဲ့ကြောင်း သိရသည်။

အဆိုပါ အသက်ကယ်လှေများအား ရန်ကုန်တိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးများရှိ သက်ဆိုင်ရာ ကြက်ခြေနီ ကိုယ်စားလှယ်ရုံးများသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ပြီးခဲ့သည့်၂၀၁၉ ခုနှစ်၊ ဩဂုတ်လအတွင်း ရေကြီးခြင်း၊ မြေပြိုခြင်းများကို ကြုံတွေ့ခဲ့ရပြီး ကမ္ဘောဇဘဏ်သည် Yangon Rescue Organization မှ တစ်ဆင့် မွန်ပြည်နယ်အတွင်းမှ ရေဘေးသင့် ပြည်သူများထံသို့ ငွေကျပ် (၃၅) သန်းကို လှူဒါန်းခဲ့ပြီး ကမ္ဘောဇဘဏ် အနေဖြင့် နိုင်ငံတစ်ဝှမ်းရှိ ကယ်ဆယ်ရေး လုပ်ငန်းများအတွက် ဆက်လက်ပြီး ပံ့ပိုးကူညီမှုများ ပြုလုပ်ပေးခဲ့ရာတွင် ဘဏ်၏ ရည်မှန်းချက်နှင့်အညီ သဘာဝဘေးအန္တရာယ် တားဆီးကာကွယ်ရေးနှင့် သဘာဝဘေးအန္တရာယ်လျှော့ချရေးအစီအစဉ်များတွင် အရင်းအမြစ်များကို ရင်းနှီးမြှုပ်နှံပေးလျက်ရှိကြောင်း သိရသည်။

ကဗျာ

## သွေးနှီးခဲ့ပေ ပင်လုံမြေ

......

သမိုင်းတစ်လျှောက် ၊ ရွှံ့ကြောက်မဲ့ပုံ
ကမ္ဘာတုန်အောင် ၊ ပမာဆောင်ခဲ့
စည်းလုံးခဲ့စွာ၊ ညီညွတ်စွာပင်
မှတ်ကျောက်တင်ပေ ၊ ပင်လုံမြေ။

ရင်းနှီးချစ်ခင် ၊ ကြည်လင်စိတ်ထား
တိုင်းရင်းသားတို့ ၊ ပေါင်းစည်းလို့တွေး
လွတ်လပ်ရေးကို ၊ တူတောင်းဆိုခဲ့
ထင်ရှားခဲ့ပေ ၊ ပင်လုံမြေ။

တစ်မြေတည်းနေ ၊ တစ်ရေတည်းသောက်
အုံ့ဩလောက်စွာ ၊ ပြည်မြန်မာကား
ဘိုးဘွားအမွေ ၊ မပျက်စေရေး
"ရေးကြီးတဲ့မြေ ၊ မြင်ကုန်စေ"
"သွေးနှီးခဲ့ပေ ၊ ပင်လုံမြေ"

မောင်အေးချမ်း(တောင်ကြီး)
12.2.2020 ,2:22 PM

# မွေးရာပါ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ဝေဒနာရှင်ကလေးများကို ကမ္ဘောဇဘဏ်မှ အခမဲ့ ခွဲစိတ်ကုသ ပေးသွားမည်

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ကြီးမှူး၍ ကမ္ဘောဇဘဏ်နှင့် စင်္ကာပူနိုင်ငံ အခြေစိုက် Smile Asia Medical Mission မှ နိုင်ငံတကာ ခွဲစိတ်ဆရာဝန်ကြီးများ အတူတကွ ပူးပေါင်းဆောင်ရွက်သည့် ကမ္ဘောဇဘဏ်၏ (၉)ကြိမ်မြောက် မွေးရာပါ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ဝေဒနာရှင်ကလေးများအတွက် အခမဲ့စရိတ်ငြိမ်း ခွဲစိတ်ကုသမှု အစီအစဉ်ကို ဧပြီလ ၂၃ ရက်နေ့မှ ၃၀ ရက်နေ့ အထိတောင်ကြီးမြို့၊ အမျိုးသမီးနှင့် ကလေးအထူးကု ဆေးရုံကြီးတွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ နေရာအနှံ့အပြား ပြည်နယ်နှင့် တိုင်းအသီးသီးတွင် မွေးရာပါ နှုတ်ခမ်းကွဲ အာခေါင်ကွဲ ကလေး/ လူကြီးများအား ခွဲစိတ်ရန်အတွက် စာရင်းများအား လက်ခံပေးနေပြီဖြစ်ကြောင်း သိရသည်။

ခွဲစိတ်ကုသမှုအတွက် လူဦးရေအကန့်အသတ်ရှိ၍ ဖုန်းနံပါတ် (၀၉-၄၂၇ ၅၆ ၂၀၀၃ နှင့် ၀၉-၄၂၇ ၅၆ ၂၀၀၄ ) များသို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

□



Kanbawza Tai
NEWS JOURNAL (Represents for Shan State, Myanmar)

“ငွေလဝန်း”
ပင်ရင်းထီဆိုင်
(လက်လီ/လက်ကား)
သံလျှင်လမ်း၊ ကံရွှေရပ်ကွက်၊ တောင်ကြီးမြို့
ဖုန်း ၀၉ ၄၂၅၃၀၃၁၁၃

VOLUME.6, ISSUE.9 THURSDAY, FEBRUARY 27, 2020

# ဗုဒ္ဓရုပ်ပွားတော်မြတ်များ ဖျက်ဆီးခံရမှုနှင့် ပတ်သက်၍ စည်ပင် အမှုဆောင်အရာရှိအား အရေးယူပေးရန် ရှမ်းပြည်နယ် ဝန်ကြီးချုပ်ထံ တင်ပြထား

ရှမ်းပြည်နယ်မြို့တော်၊ တောင်ကြီးမြို့၊ စိန်ပန်းရပ်ကွက်၊ ပြည်တော်အေးလမ်း၊ အောင်မြေဘုံစံ သာမဏေကျော် ကျောင်းတိုက်နှင့် ရှမ်းပြည်နယ် ရဲတပ်ဖွဲ့မှူးရုံး အနီးရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်များ ဖျက်ဆီးခံရမှုနှင့် ပတ်သက်၍ ဖျက်ဆီးရန် ညွှန်ကြားသူ တောင်ကြီးမြို့နယ် စည်ပင်သာယာရေးဌာနမှ အမှုဆောင်အရာရှိ၊ ဒုတိယညွှန်ကြားရေးမှူး ဦးအေးကိုနှင့် တာဝန်ရှိသူများအား အရေးယူပေးရန် အောင်မြေဘုံစံကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တခေမာနန္ဒက ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်ထံ မေတ္တာရပ်ခံတင်ပြထားသည်ဟု သိရသည်။

ယင်း မေတ္တာရပ်ခံ တင်ပြစာတွင် တောင်ကြီးမြို့နယ် စည်ပင်သာယာရေးဌာနမှ အမှုဆောင်အရာရှိ ဦးအေးကို၏ ဖောက်လွှဲဖောက်ပြန် ပြုလုပ်မှုများ၊ အစိုးရနှင့် ပြည်သူကြည်ဖြူမှုမရှိအောင် လုပ်ဆောင်နေခြင်းများကို ဆရာတော် အနေဖြင့် အတတ်နိုင်ဆုံး ထိန်းသိမ်းဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ကြောင်းနှင့် ယခု ဗုဒ္ဓရုပ်ပွားတော်များကို ဖျက်ဆီးခြင်းသည် အောက်ခြေဝန်ထမ်းများက မည်သို့ပင် ဆောင်ရွက်စေကာမူ တာဝန်အရှိဆုံးပုဂ္ဂိုလ် ဦးအေးကို၏ ခိုင်းစေချက်သာ ဖြစ်သည့်အတွက် ဆိုးရွားသည့် လုပ်ရပ်ဖြစ်ကြောင်းဖော်ပြပါရှိသည်။

မေတ္တာရပ်ခံ တင်ပြစာကို ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်ထံ လိပ်မူ ပေးပို့ထားပြီး နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ပြည်ထောင်စုအစိုးရအဖွဲ့ ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ၊ ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် ဗမာတိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး ဒေါက်တာ အောင်သန်းမောင်၊ ရှမ်းပြည်နယ် အစိုးအဖွဲ့ အတွင်းရေးမှူး ဦးစိုးစိုးဇော်နှင့် ရှမ်းပြည်နယ်ရဲ တပ်ဖွဲ့မှူး ရဲမှူးချုပ် တင်ကိုကိုတို့အား မိတ္တူပေးပို့ တင်ပြထားကြောင်း သိရသည်။

“၈၈ တောင်ကြီးမြို့မှာ xxxx အရေးအခင်း ဖြစ်တာ ဘုန်းကြီးနဲ့ ဖြစ်တာပါ။ ဘုန်းကြီးရဲ့ ကိုရင်လေးကို စော်ကားလို့ ဖြစ်တာပေါ့။ အဲဒီကနေပြီး ဒီနေ့ ဒီမိုကရေစီ ရရှိရေး ဒို့အရေး ဖြစ်လာတာပါပဲ။ ကိုရင်လေးထိတာတောင် မခံတဲ့ ရဟန်းတစ်ပါးက ဘုရားကိုထိရင် ဘယ်လောက်ထိ ခံစားရလဲဆိုတာ အားလုံးသိစေချင်တာပါ”ဟု အောင်မြေဘုံစံကျောင်းတိုက်မှ ၈၈၈ ဆရာတော်ဘဒ္ဒန္တခေမာနန္ဒက ကမ္ဘောဇတိုင်းသို့ မိန့်ကြားခဲ့သည်။

အဆိုပါ ဗုဒ္ဓရုပ်ပွားတော်များ ဖျက်ဆီးဖယ်ရှားခံရမှုနှင့် ပတ်သက်၍ အောင်မြေဘုံစံ သာမဏေကျော် ကျောင်းတိုက် ဂေါပကအဖွဲ့မှလည်း စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိနှင့် တာဝန်ရှိသူများအား တောင်ကြီး မြို့မရဲစခန်းတွင် ရာဇသတ်ကြီးဥပဒေပုဒ်မ ၂၉၅ ဖြင့် အမှုဖွင့် တိုင်တန်းထားကြောင်း သိရသည်။

“ဗုဒ္ဓဘာသာဝင်တွေ အထွဋ်အမြတ်ထားတဲ့ ဗုဒ္ဓဆင်းတုတော်တွေကို ဖျက်ဆီးဖယ်ရှားတာ ဘယ်လိုမှ လက်ခံနိုင်စရာအကြောင်း မရှိပါဘူး။ ဒါနဲ့ပတ်သက်လို့ ဆရာတော်၊ သံဃာတော်တွေကလည်း အလွန်အမင်း စိတ်မကောင်းဖြစ်နေရတယ်လို့ သိရပါတယ်။ ဒါကြောင့် ဂေါပကအဖွဲ့အနေနဲ့ ကျူးလွန်တဲ့ စည်ပင်သာယာဌာနက တာဝန်ရှိသူတွေကို တရားစွဲဆိုခဲ့တာဖြစ်ပါတယ်”ဟု အောင်မြေဘုံစံ သာမဏေကျော်ကျောင်းတိုက် ဂေါပကအဖွဲ့ဝင် တစ်ဦးက ကမ္ဘောဇတိုင်းသို့ ပြောသည်။

စိန်ပန်းရပ်ကွက်၊ အောင်မြေဘုံစံ ရှင်သာမဏေကျော် ကျောင်းတိုက်အတွင်းရှိ မဟာဗောဓိပင် ပလ္လင်ခွေ၌ ကိန်းဝပ်စံပယ်တော်မူသည့် ဗုဒ္ဓမြတ်စွာဘုရားရုပ်ပွားတော်ဆင်းတုတော်များအား ဖေဖော်ဝါရီလ ၂၀ ရက်၊ နံနက်ပိုင်းက တောင်ကြီးမြို့နယ် စည်ပင်သာယာရေးဌာနမှ ဝန်ထမ်းအိမ်ရာ တည်ဆောက်ရန်အတွက် ဖယ်ရှားခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။





ထိုသို့ ရုပ်ပွားတော်များ ဖယ်ရှားခဲ့ရခြင်းနှင့် ပတ်သက်၍ ယင်းနေ့ နံနက်ပိုင်းက အောင်မြေဘုံစံ သာမဏေကျော် ကျောင်းတိုက်မှ သံဃာများမှ ဗုဒ္ဓရုပ်ပွားတော်များကို ဖျက်ဆီးသည့် စည်ပင်သာယာရေးဌာနကို အရေးယူပေး၊ သာသနာတော် ဖျက်ဆီးသူများ အလိုမရှိ စာသားများပါဝင်သည့် စာရွက်များ ကိုင်ဆောင်ကာ ကန့်ကွက်ဆန္ဒဖော်ထုတ်ခဲ့ပြီးနောက် ရှမ်းပြည်နယ်ရဲ တပ်ဖွဲ့မှူး ရဲမှူးချုပ် တင်ကိုကိုနှင့် တောင်ကြီးခရိုင် အုပ်ချုပ်ရေးမှူး ဦးကိုကိုလွင်တို့က ဗုဒ္ဓရုပ်ပွားတော်များကို မူလအတိုင်း ပြန်တည်ပြီး မြေရာဇဝင်ကို ပြန်လည်စစ်ဆေးကာ သာသနာတော် မညှိုးနွမ်းစေရေး အတွက်အလေးထားအဆင်ပြေအောင် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း လာရောက်ညှိနှိုင်း လျှောက်ထားခဲ့သည့်အတွက် ကန့်ကွက်မှုကို ရပ်နားခဲ့ကြောင်း သိရသည်။

ဖယ်ရှားခံရသည့် ရုပ်ပွားတော်များမှာ လွန်ခဲ့သည့် ၁၉၈၂ ခုနစ်မှ စတင်၍ ရဟန်း သံဃာများနှင့် အများပြည်သူ ကောင်းမှုဖြင့် တည်ထားကိုးကွယ်ခဲ့ခြင်းဖြစ်ပြီး အဆိုပါ မြေနေရာတွင် ယခင် စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ ဦးသောင်းစိန်က ဆရာတော်၏ သာသနာပြုလုပ်ငန်းများ မလုပ်ဆောင်မီ စည်ပင်သာယာဌာနမှ ဝန်ထမ်းများအား ခေတ္တ နေထိုင်ခွင့် ပြုရန် လာရောက်လျှောက်ထားသည့်အတွက် ဆရာတော်က ခွင့်ပြုခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

" မြေ ပိုင်ဆိုင်တာကို ဘာမှ မပြောလိုဘူး၊ အားလုံးကို အစိုးရကပဲ ပိုင်ဆိုင်တာ၊ အတု မရှိတဲ့ ဘုရားကို အဂါရဝ ဖြစ်အောင် ပြုမူလို့ဖြစ်တာ။ ကိုရင်လေး ထိတာတောင် မခံတဲ့ ရဟန်း တစ်ပါး အနေနဲ့ သာသနာ ညှိုးနွမ်းအောင် လုပ်ဆောင်တာကို ဒီအတိုင်း ထိုင်ကြည့် မနေနိုင်ဘူး၊ အခု ဘုရားဖျက်တာကိုလည်း အစိုးရကလည်း မသိဘူးလို့ ထင်ပါတယ်။ စည်ပင်ကပဲ လုပ်နေကြတာပါ။ ”ဟု အောင်မြေဘုံစံ ကျောင်းတိုက် မှ ၈၈၈ ဆရာတော် ဘဒ္ဒန္တခေမာနန္ဒက ကမ္ဘောဇတိုင်းသို့ မိန့်ကြားသည်။

ထို့အတူ တောင်ကြီးမြို့နယ် စည်ပင်သာယာရေး အမှုဆောင် အရာရှိ ဦးအေးကိုက ယင်းမြေနေရာသည် စည်ပင်ပိုင်မြေ ဖြစ်ကာ ဝန်ထမ်း အိမ်ရာ တည်ဆောက်ရန် အစိုးရ ဘတ်ဂျက် ကျပြီးသား ဖြစ်ပြီး တင်ဒါ ခေါ်ယူ ဖိတ်ခေါ်သော်လည်း တင်ဒါလျှောက်သူမရှိသည့်အတွက် ဌာနအနေနှင့် ဆက်လက်၍ လုပ်ဆောင် သွားမည်ဟု ခမ်းသားငေါ်ဝ်း မီဒီယာသို့ ပြောဆိုထားကြောင်း သိရသည်။

ယင်းကဲ့သို့ ဗုဒ္ဓရုပ်ပွားတော်များ ဖယ်ရှားခံရမှုနှင့် ပတ်သက်၍ စိန်ပန်းရပ်ကွက် သံဃနာယကအဖွဲ့ အကျိုးတော်ဆောင်ဆရာတော်၊ သီရိမင်္ဂလာရွှေမန်း ပရိယတ္တိစာသင်တိုက်ဆရာတော် ဘဒ္ဒန္တ ဝိလာသဂ္ဂက ပြည်နယ်ဝန်ကြီးချုပ်ထံသို့ ကန့်ကွက်ကြောင်း တင်ပြထားပြီး ရှမ်းပြည် နိုင်ငံရေးအကျဉ်းသားဟောင်းများအဖွဲ့မှလည်း ကန့်ကွက်ကြောင်း သဘောထား ထုတ်ပြန် ကြေညာထားသည်။

တောင်ကြီးမြို့နယ် စည်ပင်သာယာရေးဌာနမှ ဂန်ထမ်း အိမ်ရာ တည်ဆောက်ရန်အတွက် ဖယ်ရှားရှင်းလင်းမှုများ ပြုလုပ်ခဲ့သည့် အဆိုပါနေရာတွင် မဟာဗောဓိညောင်ပင်၌ ပလ္လင်ခွေဖြင့် ဗုဒ္ဓရုပ်ပွားတော် ၅ ဆူ စံပယ်တော်မူလျက် ရှိပြီး အနီးတွင် စည်ပင်သာယာ ဂန်ထမ်းများ၏ တဲအိမ်များ ရှိနေသည်။

□



ကမ္ဘောဇတိုင်း
VOLUME.6, ISSUE 9 THURSDAY, FEBRUARY 27, 2020

# ဟိုပန်ခရိုင်ရဲတပ်ဖွဲ့မှူး အပါအဝင် ရဲတပ်ဖွဲ့ဝင်အချို့၏ နိုင်ငံ့ဘဏ္ဍာငွေ အလွဲသုံးစားမှုနှင့် ပတ်သက်၍ အရေးယူမှုများ ပြုလုပ်နေ

မင်းဇော်မင်း

ရှမ်းပြည်နယ်မြောက်ပိုင်း၊ "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဟိုပန်ခရိုင် ရဲတပ်ဖွဲ့မှူးအပါအဝင် ရဲတပ်ဖွဲ့ဝင်အချို့၏ နိုင်ငံ့ဘဏ္ဍာငွေ အလွဲသုံးစားပြုမှုများနှင့် ပတ်သက်၍ ထိရောက်သည့်အရေးယူမှုများ ဆောင်ရွက်လျက်ရှိပြီး နောက်နောင် ထပ်မံမဖြစ်ပွားစေရေးအတွက် ကြပ်မတ်ဆောင်ရွက်သွားမည် ဖြစ်သည်ဟု ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူက ပြည်ထောင်စုလွှတ်တော်တွင် ပြောဆိုခဲ့သည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ၁၅ ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ကို ဖေဖော်ဝါရီလ ၂၁ ရက်က ကျင်းပရာ အစည်းအဝေးတွင် ပြည်ထောင်စု စာရင်းစစ်ချုပ်၏ ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလ အထိ ၆ လတာ စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာအား ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်၊ သဘောထားမှတ်ချက် အစီရင်ခံစာကို ဆွေးနွေးစဉ် ဒုဝန်ကြီးက ယင်းကဲ့သို့ ပြန်လည်ရှင်းလင်းပြောကြားခဲ့ခြင်း ဖြစ်သည်။

ဟိုပန်ခရိုင် ရဲတပ်ဖွဲ့မှူးရုံးမှ အလွဲသုံးစား ပြုလုပ်ခဲ့သည့် နိုင်ငံ့ဘဏ္ဍာငွေ ကျပ်သန်း ၄၁၇ ဒသမ ၄၀၉ နှင့် ပတ်သက်၍ ဟိုပန် ခရိုင်ရဲတပ်ဖွဲ့မှူးကို ရဲစည်းကမ်း ထိန်းသိမ်းရေးဥပဒေအရ ထောင်ဒဏ် ၂ နှစ်နှင့် ငွေထုတ်သူ အရာရှိ ရဲမှူးကို ဒုရဲမှူးအဆင့်သို့ ၂ နှစ် ရာထူး လျှော့ပြစ်ဒဏ် ချမှတ်ခဲ့ပြီးဖြစ်ကြောင်းနှင့် ခရိုင်ရဲတပ်ဖွဲ့မှူး၊ ဘဏ်မန်နေဂျာတို့အား ၁၉၆၃ ခုနှစ်၊ အများနှင့် သက်ဆိုင်သည့် ပစ္စည်းကာကွယ်စောင့်ရှောက်ရေးဥပဒေ ပုဒ်မ ၃ (အပက-၃) ဖြင့် ထပ်မံ တရားစွဲဆိုခဲ့ရာ ခရိုင်ရဲတပ်ဖွဲ့မှူးအား အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ်၊ ငွေထုတ်သူ အရာရှိနှင့် ဘဏ်မန်နေဂျာတို့အား ပြစ်မှုဆိုင်ရာ ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၂၅၁ (၁) အရအမှုမှ အပြီးအပြတ်လွှတ်စေရန် အမိန့်ချမှတ်ခဲ့ကြောင်း ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူက ပြောဆိုခဲ့သည်။

ထို့အပြင် ဌာနတွင်းစာရင်း စစ်အဖွဲ့ဖြစ်သည့် ရှမ်းပြည်နယ်ဒုတိယရဲတပ်ဖွဲ့မှူးနှင့် ဒုတိယရဲမှူး (ရေး/ထောက်) တာဝန်ခံတို့အား အငြိမ်းစား လစာအတွက် ရဲမှုထမ်းသက် တစ်နှစ်စီ လျှော့ချခဲ့ပြီး အကြီးတန်းစာရေးအား နှစ်တိုး ၂ နှစ် ရပ်ဆိုင်းသည့် ပြစ်ဒဏ်များ ချမှတ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

"အလွဲသုံးစားငွေတွေ မဆုံးရှုံးဖို့အတွက် ယခင်ဟိုပန်ခရိုင်ရဲတပ်ဖွဲ့မှူးအမြဲတမ်းစာရေးနဲ့ဟိုပန်ဘဏ်မန်နေဂျာတို့ရဲ့ ပိုင်ဆိုင်မှုတွေကို ငွေကြေးခဝါချမှု တိုက်ဖျက်ရေး ဥပဒေအရ ငြိစွန်းမှုရှိ/မရှိစစ်ဆေးပြီး ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေးအတွက် ဆောင်ရွက်လျက် ရှိပါတယ်"ဟု ဗိုလ်ချုပ်အောင်သူက ပြောသည်။

အဆိုပါအမှုတွင်ထွက်ပြေးတိမ်းရှောင်နေသူ အငယ်တန်းစာရေးကို လားရှိုးခရိုင်တရားရုံးမှ ပြစ်မှုဆိုင်ရာ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၈၇/၈၈ အတည်ပြုနိုင်ရေးအတွက် ၎င်းပိုင်နေအိမ်နှင့် ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အလားတူ အမှတ် (၄) လုံခြုံရေး ရဲတပ်ဖွဲ့(ခွဲ)၏ ၄/၂၀၁၈ မှ ၉/၂၀၁၈ လအထိ ၆ လအတွင်း ချက်လက်မှတ် ၂၄ စောင်ကိုအမှန်ထုတ်ယူရမည့် ငွေပမာဏထက် ထပ်တိုးဖြင့်ဆင်ပိုထုတ်၍ ငွေကျပ် ၈၇ ဒသမ ၈၉ သန်းအား အလွဲသုံးစားပြုလုပ်ခဲ့သည့်ကိစ္စနှင့် ပတ်သက်၍ ၈/၂၀၁၈ နှင့် ၉/၂၀၁၈ လတို့၌ အသုံးစရိတ်မှ ကျပ်သန်း ၇၅ ဒသမ ၆၃ သန်း စိုက်ထုတ်ရှင်းခဲ့ခြင်းမှာ ဘတ်ဂျက်အသုံးစရိတ်မှ ခနိမ့်သုံးစွဲခြင်း မဟုတ်ဘဲ လုံခြုံရေးရဲတပ်ဖွဲ့(ခွဲ)မှူး၊ ကြီးကြပ်သူ အရာရှိ ဒုတိယရဲမှူး၊ ငွေထုတ်သူအရာရှိနှင့် အကြီးတန်းစာရေးတို့အား စိုက်ထုတ်လျော်ခိုင်းစေခြင်းဖြစ်ကြောင်းနှင့် ငွေထုတ်သူအရာရှိ ဒုတိယရဲမှူးကို အမှုထမ်းသက် ၃ နှစ် လျှော့ချအရေးယူခဲ့ပြီးဖြစ်ကြောင်း ဒုတိယဝန်ကြီးက ပြောဆိုခဲ့သည်။

အမှတ်(၃) ရဲလေ့ကျင့်ရေး သင်တန်းကျောင်း၏ ကျပ်သန်း ၁၀၀ ဒသမ ၅၀၅ အလွဲသုံးစားပြုလုပ်ခဲ့သည့် ကိစ္စနှင့်ပတ်သက်၍ ကြီးကြပ်သူအရာရှိအား ရဲစည်းကမ်းထိန်းသိမ်းရေးဥပဒေအရ အငြိမ်းစား လစာအတွက် ရဲမှုထမ်း သက် ၂ နှစ် လျှော့ချခြင်း၊ ငွေထုတ်သူအရာရှိ ဒုတိယရဲမှူး ၂ ဦးနှင့် တာဝန်လွှဲပြောင်းလက်ခံသူ ၁ ဦးအား ရဲစည်းကမ်းထိန်းသိမ်းရေး ဥပဒေအရ အငြိမ်းစား လစာအတွက် ရဲမှုထမ်းသက် ၂ နှစ်လျှော့ချခြင်းပြစ်ဒဏ်များ ချမှတ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ထို့အပြင် အလွဲသုံးစားပြုသည့် ကာလအတွင်း တာဝန်ထမ်းဆောင်ခဲ့သည့် ကျန် ၁ ဦးအား ရဲစည်းကမ်းထိန်းသိမ်းရေးဥပဒေအရ ရဲတပ်ဖွဲ့မှ ထုတ်ပယ်ခြင်း၊ အကြီးတန်း စာရေးအား ဝန်ထမ်းအဖြစ်မှ ထုတ်ပယ်ခြင်းအပြင် စစ်ကိုင်းမြို့၊ ရွာသစ်ကြီးရဲစခန်းတွင် (ပ)၇၈ /၂၀၁၈ ရာဇသတ်ကြီးပုဒ်မ ၄၀၉ ဖြင့် အမှုဖွင့်တိုင်တန်းခဲ့ရာ အလုပ်နှင့် ထောင်ဒဏ် ၁ နှစ် နှင့်ငွေဒဏ် ၁ သိန်း ပေးဆောင်ရန် နှင့် ငွေဒဏ်မဆောင်ပါက နောက်ထပ် ထောင်ဒဏ် ၁ နှစ် ကျခံစေရန် ပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း ၎င်းက ပြောသည်။

အလားတူ ရေနံမြေလုံခြုံရေး ရဲတပ်ဖွဲ့(ခွဲ)မှ အလွဲသုံးစားပြုငွေ ၁၉ ဒသမ ၃၉ သန်း အား ရဲဝန်ထမ်းများ ရသင့်ရထိုက်သည်ကို ထုတ်မပေးဘဲ အလွဲသုံးစား ပြုခဲ့သည့်ကိစ္စနှင့် ပတ်သက်၍ကြီးကြပ်သူအရာရှိဖြစ်သည့် တပ်ဖွဲ့ခွဲမှူး ဒုရဲမှူး၊ ငွေထုတ်သူအရာရှိ ဒုတိယရဲအုပ်နှင့် ငွေစာရင်းတာဝန်ခံ ရဲဒုတိယတပ်ကြပ်တို့အား အချိုးကျ ငွေသား စိုက်ထုတ်ပေးလျော်စေခဲ့သည့်အပြင် ကြီးကြပ်သူအရာရှိဖြစ်သည့် တပ်ဖွဲ့ခွဲမှူး ဒုရဲမှူး၊ ငွေထုတ်သူ အရာရှိ ဒုတိယရဲအုပ်တို့အား ရဲစည်းကမ်းထိန်းသိမ်းရေး ဥပဒေအရ အငြိမ်းစား လစာအတွက် ရဲမှုထမ်းသက် ၂ နှစ် လျှော့ချခြင်းနှင့် ငွေစာရင်းကိုင်တာဝန်ခံ ရဲဒုတိယတပ်ကြပ်တို့အား ၂၀၁၉ ခုနှစ်၊ မတ်လ ၂၅ ရက်တွင် ရဲပြေးအဖြစ် ကြေညာခဲ့ပြီး ရေနံချောင်း မြို့မရဲစခန်းတွင် အမှုဖွင့်ထားကြောင်း သိရသည်။

# ရပ်စောက်မြို့ သနပ်တောင်ဆည် ပြုပြင်ရေးလုပ်ငန်း ဆောင်ရွက်ရာတွင် ပွင့်လင်းမြင်သာမှု မရှိဟု ဆို

ထမ်သီ

ရှမ်းပြည်နယ်တောင်ပိုင်း၊ တောင်ကြီးခရိုင်၊ ရပ်စောက်မြို့နယ်၊ မကျီးကုန်းကျေးရွာအုပ်စုရှိ သနပ်တောင်ဆည် အထွေထွေပြုပြင်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် တာဝန်ယူ ဆောင်ရွက်ခဲ့သည့် ကုမ္ပဏီအနေဖြင့် ပွင့်လင်းမြင်သာမှု မရှိကြောင်း ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၊ ဒေသခံဆည် ကော်မတီဝင်များနှင့် ရပ်မိရပ်ဖများမှ ပြောဆိုခဲ့သည်ဟု သိရသည်။

"ကျောက်ကြီးတွေလာပုံတာကို ရွာသားတွေပြောမှ သိရတယ်။ ကျွန်တော်တို့ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနဲ့ ဆည်ကော်မတီဝင်တွေ၊ ရွာသူရွာသားတွေဆီ အကြောင်းကြားတာ၊ အသိပေးတာ ဘာတစ်ခုမှ မရှိဘူး။ လုပ်ငန်းဆောင်ရွက်ပြီးနောက်တစ်နေ့ ရေလွှဲတွေဖက် မလုပ်ဘဲ ရေပိတ်ပစ်လိုက်လို့ ရွှေပုစွန်ကုမ္ပဏီကသရက်ခြံ အပါအဝင် တောင်သူတွေရဲ့ ကြက်သွန်နဲ့ ဟင်းသီးဟင်းရွက် စိုက်ခင်းတွေ ရေပြတ်သွားတယ်။ သူတို့လုပ်တာကို ဘယ်သူမှ မသိရပါဘူး" ဟု မကျီးကုန်း ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးဘကြည်က ပြောသည်။

ထို့အတူ လွယ်ကိုးကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးချစ်သဲကလည်း အဆိုပါဆည်၏ အထွေထွေ ပြုပြင်ရေး လုပ်ငန်းအပေါ် မိမိတို့နှင့် တစ်စုံတစ်ရာ တိုင်ပင်ဆွေးနွေးခြင်း မရှိသဖြင့် တောင်သူများဘက်တွင် အခက်အခဲများနှင့် စိုးရိမ်စိတ်များ ဖြစ်ပေါ်ခဲ့ကြောင်း၊ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးမှူးထံသို့ စာဖြင့် တင်ပြခဲ့သောကြောင့်၊ ဖေဖော်ဝါရီလ ၂၀ ရက်တွင် မြို့နယ်အုပ်ချုပ်ရေးမှူး ရုံးခန်း၌ နှစ်ဖက် တွေ့ဆုံပြီး လိုအပ်သည်များကို ပြန်လည်ပြုပြင်ပေးမည် ပြောဆိုခဲ့သော်လည်းမည်သို့ဆောင်ရွက်မည်ကို မသိရှိရသေးကြောင်း ပြောဆိုခဲ့သည်။

"သူတို့ ဘက်ဟိုးတူးရင်း ရေလွှဲဆည်တစ်ခု ပျက်တာကို ပြန်လုပ်ပေးမယ်ပြောတယ်။ ကျွန်တော်တို့က အဲဒီနေရာကို ကျောက်ကြီးနဲ့ ဘိလပ်မြေသရိုး ကိုင်စေချင်တယ်။ သူတို့က ကျောက်ထုပ်ထည့်မယ်။ အဲဒါကို လက်မခံပါဘူး"ဟု ဆည်ကော်မတီဝင် ဦးသော်လင်းရှိန်က ပြောသည်။

အဆိုပါကိစ္စနှင့် ပတ်သက်၍မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနမှ SAE ဦးအောင်ဇော်လင်းအား ဆက်သွယ်မေးမြန်းရာ ဆည်ပြုပြင်ရန်အတွက် ယခင် ရှမ်းပြည်နယ် အစိုးရလက်ထက်ကတင်ပြခဲ့ပြီး ပြုပြင်ရန် ၃ နေရာခန့်ရှိရာ ရရှိသည့် ငွေကြေးပမာဏနှင့် ဝင်ဆံ့သည့် ယခုနေရာ၌ ဝင်ရောက် လုပ်ကိုင်ခြင်း ဖြစ်ကြောင်း ပြန်လည် ဖြေကြားခဲ့သည်။

ထို့အတူ ဆည်တည်ဆောက်ရေး တာဝန်ယူဆောင်ရွက်ခဲ့သည့် သဒ္ဒါမြင့်မိုရ်ကုမ္ပဏီမှ မန်းနေးဂျင်းဒါရိုက်တာဦးစည်သူအောင်အားဆက်သွယ်မေးမြန်းရာတွင်မူ ၎င်းအနေဖြင့် ခရီးထွက်နေသည့်အတွက် ပြန်ရောက်မှသာ ကွင်းဆင်းလေ့လာ၍ ဆုံးဖြတ်မည်ဟု ပြောသည်။

ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်၊ ရပ်စောက်မြို့နယ်၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် နိုင်ငံပိုင်အခန်း (ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့်) ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းနှင့် ရင်းနှီးမြှုပ်နှံမှု လျာထားချက်များတွင် ရပ်စောက်၊ လက်ရှိက်သနပ်တောင်ဆည် အလျားပေ ၁၀၀ x အနံ ပေ ၉၀ x အမြင့်ပေ ၂၀ အတွက်၊ လျာထားငွေကျပ် ၅၅ သန်းဖြစ်ပြီး သဒ္ဒါမြင့်မိုရ်ကုမ္ပဏီမှ ငွေကျပ် ၅၃ ဒသမ ၉၀ သန်းဖြင့် တင်ဒါအောင်မြင်ခဲ့ကာ လက်ရှိမြေပြင်၌ အလျား ၅၃ ပေ၊ အနံ ၅၂ ပေ side spillway ဆောင်ရွက်မည်ဟု အချက်အလက်ပါ ဗီနိုင်း တပ်ထားသော်လည်း၊ စာချုပ်တွင် အလျား ၅၂ ပေ x အနံ ၄၅ ပေ x ရေတံခါး ၂ ပေါက်ဟု ပါရှိသဖြင့် ကိန်းဂဏန်းများ ကိုက်ညီခြင်း မရှိကြောင်းဒေသခံများမှ ပြောသည်။

သနပ်တောင်ဆည်သည် ရပ်စောက်စော်ဘွားကြီး စောခွန်ဆိပ်လက်ထက်မှ စ၍ အစိုးရအဆက်ဆက် ပြုပြင်ထိန်းသိမ်းခဲ့သော လက်ရှိက်ဆည်တစ်ခုဖြစ်ပြီး ဆည်အရင်းအမြစ်မှ ရေသုံးမြောင်း အရှည်မှာ ၆ မိုင် ၃ ဖာလုံရှိကာ မကျီးကုန်းကျေးရွာအုပ်စုနှင့် လွယ်ကိုင်းကျေးရွာအုပ်စုရှိ ရွာ ၉ ရွာမှ တောင်သူလယ်သမားများ၏ လယ်နှင့် နွေသီးနှံ စိုက်ခင်း စုစုပေါင်း ဧက ၃၀၀၀ ခန့်ကို အကျိုးပြုနေသည့် ဆည်တစ်ခုဖြစ်ကြောင်း သိရသည်။

အဆိုပါသနပ်တောင်ဆည်တွင် ရိုးရာဓလေ့အရ ဆည်တက်ပွဲကို နှစ်စဉ် တပေါင်းလဆန်း ၂ ရက်မှ စတင်၍ ၁၀ ရက်တိုင်တိုင် ကျင်းပပြုလုပ်လေ့ရှိကြောင်း သိရသည်။

# တာချီလိတ်တွင် တရားမဝင်လောင်းကစားမှု ပပျောက်ရေးအတွက် ဆောင်ရွက်ထားကြောင်း ပြည်နယ်ဒုတိယရဲတပ်ဖွဲ့မှူး ပြော

ထက်တိုင်းကျော်

ရှမ်းပြည်နယ်အရှေ့ပိုင်း၊ တာချီလိတ်မြို့နယ်အတွင်း တရားမဝင် လောင်းကစားမှုများ ကင်းရှင်း ပပျောက်ရေးအတွက် စီမံချက်ဖြင့် ဆောင်ရွက်ထားပြီး ဖြစ်သည်ဟု ရှမ်းပြည်နယ် ဒုတိယရဲတပ်ဖွဲ့မှူး ရဲမှူးကြီး တင်ဇော်ထွန်းက ကမ္ဘောဇတိုင်းသို့ ပြောဆိုခဲ့သည်။

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် တောင်ကြီးမြို့သို့ လာရောက်စဉ်က တာချီလိတ်မြို့ရှိ လောင်းကစားလုပ်ငန်းများ နှင့်ပတ်သက်၍ သိရှိထားကြောင်း ပြောကြားခဲ့ပြီးနောက် တာချီလိတ်တွင် လောင်းကစားလုပ်ငန်းများအား ဖမ်းဆီးခြင်း၊ ပိတ်သိမ်းခြင်းများကို ကျားမင်း စီမံချက်ဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အပူတပြင်း ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

"တာချီလိတ်မှာ လောင်းကစားလုပ်ငန်း ပပျောက်စေရေးအတွက် စီမံချက် ချပြီး လုပ်နေပါတယ်။ ကျွန်တော်ကိုယ်တိုင် အနီးကပ်ကြီးကြပ်ပြီး လုပ်ဆောင်နေတာ ဖြစ်ပါတယ်" ဟု ကျိုင်းတုံမြို့ရှိ ရှမ်းပြည်နယ် ဒုတိယရဲတပ်ဖွဲ့မှူး ရဲမှူးကြီး တင်ဇော်ထွန်းက ကမ္ဘောဇတိုင်းသို့ ပြောသည်။

တာချီလိတ်တွင် ယင်းကဲ့သို့ စီမံချက်ဖြင့် လောင်းကစားပပျောက်ရေးလုပ်ငန်းများဆောင်ရွက်နေခြင်းကြောင့် လတ်တလောတွင် လောင်းကစားနှင့် ဆက်နွယ်သော လုပ်ငန်းများ ရပ်နားထားသော်လည်း ရဲတပ်ဖွဲ့နှင့် ဌာနဆိုင်ရာများနှင့် ညှိနှိုင်း၍ နောင်တစ်ချိန်တွင် တရားမဝင် လောင်းကစား လုပ်ငန်းများ ပြန်လည် ပေါ်ပေါက်လာနိုင်ကြောင်း ဒေသခံများမှ ဝေဖန်ပြောဆိုလျက်ရှိသည်။

အဆိုပါ ကိစ္စနှင့် ပတ်သက်၍ ကျိုင်းတုံမြို့ရှိ ရှမ်းပြည်နယ် ဒုတိယ အုပ်ချုပ်ရေးမှူး ဦးရဲနိုင်က "လောင်းကစားနဲ့ ပတ်သက်တဲ့ နည်းဥပဒေ မထွက်သေးပေမယ့် အများပြည်သူတွေရဲ့ တရားဥပဒေ စိုးမိုးမှုအောက်မှာ စိတ်အေးနားအေးနေ ထိုင်နိုင်စေဖို့အတွက် လောင်းကစားကို ခွင့်ပြုပေးမှာ မဟုတ်ပါဘူး။ ဒီလောင်းကစားလုပ်ငန်းလုပ်နေတာကို သိတဲ့ ပတ်ဝန်းကျင်ပြည်သူတွေအနေနဲ့ အချိန်မရွေးသတင်းပေး ဆက်သွယ် စေချင်ပါတယ်။ ပါဝင်ပတ်သက်တဲ့ ဌာနကိုပါ အရေးယူတာ လုပ်ဆောင်ပါမယ်" ဟု ကမ္ဘောဇတိုင်းသို့ ပြောသည်။

တာချီလိတ်မြို့သည် ထိုင်း၊ တရုတ်၊ လာအိုနိုင်ငံများနှင့် နယ်နိမိတ်ချင်း ထိစပ်နေပြီး ယင်းနိုင်ငံသားများဝင် ထွက်ကူးလူးဆက်ဆံမှုများ ရှိနေကာ ဟိုတယ်၊ မိုတယ်များနှင့် ရပ်ကွက်အတွင်းရှိ နေအိမ်အချို့တွင် အွန်လိုင်း လောင်းကစား၊ ငါးမန်းဂိမ်းခုံနှင့် ငွေကြေးအလျော်အစား ပြုလုပ်သည့် လောင်းကစားလုပ်ငန်းများကြောင့် တရားဥပဒေစိုးမိုးမှုအားနည်းနေပြီး နာမည်ဆိုးဖြင့်ကျော်ကြားခဲ့ကြောင်း သိရသည်။






# ၁၀ ကြိမ်မြောက် ခနဆုံဆည်းရာနေ့ပွဲကို ပင်းတယတွင် ပြုလုပ်မည်

စိုင်းရာဇာ

၁၀ ကြိမ်မြောက် ခနဆုံစည်းရာနေ့ အခမ်းအနားကို ရှမ်းပြည်နယ်တောင်ပိုင်း၊ ခနကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ ရုံးစိုက်ရာ ပင်းတယမြို့တွင် မတ်လ ၇ ရက်၌ ပြုလုပ်သွားမည်ဖြစ်ပြီး ပွဲတော်သို့ ခနတိုင်းရင်းသားများရှိရာ မြို့နယ်အားလုံးကို ဖိတ်ကြားသွားမည် ဖြစ်ကြောင်း ခနတိုင်းရင်းသားရေးရာ အဖွဲ့ချုပ် (ဗဟို)ထံမှ သိရသည်။

နှစ်စဉ် တပေါင်းလဆန်း ၁၄ ရက်ကို ခနဆုံဆည်းရာနေ့အဖြစ် သတ်မှတ်ထားပြီး ယခုနှစ် ပင်းတယမြို့တွင် ကျင်းပပြုလုပ်မည့် ခနဆုံဆည်းရာနေ့ အခမ်းအနားသို့ ခနတိုင်းရင်းသားများ နေထိုင်ရာ ရွာင၊ ကလော၊ ရပ်စောက်၊ နောင်ချို၊ တောင်ကြီး၊ ကျောက်မဲ၊ ရန်ကုန်နှင့် မန္တလေးမြို့တို့အား ဖိတ်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

"ခနရိုးရာ ဆွမ်းတော်ကြီး ဝင်မှာပေါ့။ ခနတွေရှိတဲ့ ၉ မြို့နယ်ကို ဖိတ်ကြားမယ်။ ဆွမ်းဆန်စိမ်း လောင်းလှူပွဲ လုပ်မယ်။ ညမှာတော့ အပျော်အနေနဲ့ အက၊ အလှ၊ အဆိုတွေနဲ့ ကျင်းပမယ်။ ဆုံဆည်းရာနေ့ အထိမ်းအမှတ်အနေနဲ့ ဒီနှစ်ကတော့ ဘောလုံးပွဲ မပါတော့ဘူး။ တခြား ပြိုင်ပွဲတွေနဲ့ ပျော်ပွဲ၊ရွှင်ပွဲတွေ လုပ်ပေးမယ်"ဟု ခနတိုင်းရင်းသားရေးရာအဖွဲ့ချုပ်(ဗဟို) ဥက္ကဋ္ဌ ဦးနေမျိုးကျော်က ကမ္ဘောဇတိုင်းသို့ ပြောသည်။

ယခုနှစ် ခနဆုံဆည်းရာနေ့တွင် ရိုးရာ ခြင်းလုံးပြိုင်ပွဲ၊ ဘော်လီဘောပြိုင်ပွဲ၊ ချောတိုင်တက်ပြိုင်ပွဲ၊ ကလေးများအတွက် ပျော်ပွဲ၊ရွှင်ပွဲများ ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ခနတိုင်းရင်းသားတွေ အများစုက ဗုဒ္ဓဘာသာ ကိုးကွယ်တယ်။ ရွှေဥမင်ဘုရား ဗုဒ္ဓပူဇနိယ ကျင်းပတဲ့ အချိန်နဲ့ တွဲပြီး အနယ်နယ်အရပ်ရပ်မှာရှိတဲ့ ခနတိုင်းရင်းသားတွေ စုစည်းတွေ့ဆုံနိုင်ဖို့ ဖြစ်ပါတယ်" ဟု ဦးနေမျိုးကျော်က ဆက်လက် ပြောဆိုခဲ့သည်။

ထို့အပြင် ခနဆုံဆည်းရာနေ့ အခမ်းအနားတွင် လူမှုရေး အသင်းအဖွဲ့များ၊ စာပေယဉ်ကျေးမှုအသင်းများမှ ကိုယ်စားလှယ်များကိုလည်း ဖိတ်ကြားသွားမည် ဖြစ်ကြောင်း သိရသည်။

ခနတိုင်းရင်းသား အများစုမှာ ရှမ်းပြည်နယ်တောင်ပိုင်း၊ ခနကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မြို့နယ်များဖြစ်သည့် ပင်းတယနှင့် ရွာငံမြို့များတွင် အများစုနေထိုင်ကြပြီး မြန်မာတစ်နိုင်ငံလုံးတွင် လူမျိုးအလိုက် အမှတ်စဉ် ၁၀ တွင် တည်ရှိကာ လူဦးရေ ၈ သိန်းကျော် ရှိနေကြောင်း သိရသည်။

ရှမ်းပြည်နယ်အတွင်းတွင်မူ ခနတိုင်းရင်းသားများသည် ရှမ်း၊ ဗမာနှင့် ပအိုဝ်းတိုင်းရင်းသားများနောက်တွင် စတုတ္ထ လူဦးရေအများဆုံး လူမျိုးများဖြစ်သည်ဟု သိရသည်။

# သမဝါယမအသင်းချေးငွေ ပြန်မဆပ်ဟု ဆိုကာ လူ ၁၆ ဦးကို အမှုဖွင့်

မင်းဇော်မင်း

ရှမ်းပြည်နယ်တောင်ပိုင်း၊ ကလောမြို့နယ်၊ ဟဲဟိုးမြို့တွင် သမဝါယမအသင်းပိုင်ချေးငွေ ၆၄ သိန်းအား ပြန်မဆပ်သဖြင့် ဟုဆိုကာ ချေး ငွေရယူထားသူ ၁၆ ဦးကို သမဝါယမအသင်းဝင်မှ လိမ်လည်မှုဖြင့် အမှုဖွင့်ထားကြောင်း သိရသည်။

"အမှုမှာ အတိုင်ခံရတဲ့သူတွေအားလုံးကိုဖမ်းဆီးမှာပါ။လုပ်ဆောင်နေပါတယ်"ဟု ဟဲဟိုးနယ်မြေ ရဲစခန်းမှူး ရဲအုပ်ဇော်ဝမ်းက ကမ္ဘောဇတိုင်းသို့ ပြောသည်။

ကလောမြို့နယ်၊ ဟဲဟိုးမြို့၊ အမှတ် (၂) ရပ်ကွက်နေ ဦးသိန်းဝင်းသည် ရွှေလီဦး စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းတွင် တာဝန်ယူ ဆောင်ရွက်နေစဉ် ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်က ဟဲဟိုးမြို့၊ အမှတ် (၂) ရပ်ကွက်နေ ဦးမြင့်နိုင်ပါ ၁၆ ဦး အဖွဲ့အား တစ်ဦးလျှင် အစိုးရသမဝါယမအသင်း ပံ့ပိုးချေးငွေ ၃၆၃၀၀၀ ကျပ်နှင့် အသင်းပိုင်ငွေ ၃၇၀၀၀ ကျပ်၊ စုစုပေါင်း တစ်ဦးလျှင် ၄၀၀၀၀၀ ကျပ်နှုန်းဖြင့် ၁၆ ဦးအတွက် ငွေကျပ် ၆၄ သိန်း ထုတ်ချေး ပေးခဲ့ပြီးငွေများကို ၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၈ ရက် နောက်ဆုံးထား၍ ပြန်လည်ပေးဆပ်ရန် အသိသက်သေများ ရှေ့တွင် ခံဝန်ကတိ လက်မှတ်နှင့် လက်ဗွေများရယူခဲ့ကြောင်း သိရသည်။

ထို့နောက် စာချုပ်သက်တမ်းပြည့်ချိန်တွင် ငွေများအား ပြန်လည်ပေးဆပ်ရန် အကြိမ်ကြိမ် တောင်းခံခဲ့သော်လည်း ပြန်လည်ရရှိခြင်း မရှိသဖြင့် ဦးသိန်းဝင်းမှ ၎င်းတာဝန်ခံ ချေးယူထားသည့် ငွေကျပ် ၆၄ သိန်းအား ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်တွင် ၎င်းပိုင်နေအိမ်ကို ပေါင်နှံကာသမဝါယမအသင်းသို့ ပြန်လည်ပေးသွင်းခဲ့ရသည့်အတွက် ပေးဆပ်ရန် ရည်ရွယ်ချက်မရှိဘဲ ယုံကြည်အောင် ပြောဆိုကာ ငွေလိမ်လည်ရယူခဲ့သည်ဟုဆိုကာ ဦးမြင့်နိုင်ပါ ၁၆ ဦးအား ဦးသိန်းဝင်းမှ ဖေဖော်ဝါရီလ ၂၁ ရက်တွင် ဟဲဟိုးနယ်မြေရဲစခန်း၌ အမှုဖွင့် တိုင်တန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယင်းသို့တိုင်ကြားခံရသူများမှာ ဟဲဟိုးမြို့၊ အမှတ် (၂)ရပ်ကွက်နေ ဦးမြင့်နိုင်၊ ဒေါ်ဆွေနွယ်မြင့်၊ ဒေါ်ပပဝင်း၊ ဒေါ်စမ်းစမ်းဝင်း၊ ဒေါ်စမ်းအေး၊ ဒေါ်လှအုံးမယ်၊ ဒေါ်သူဇာအေး၊ ဒေါ်ထွေးခိုင်၊ ဒေါ်သန်းအေး၊ ဒေါ်သင်းသင်းအေး၊ ဒေါ်စောသဉ္ဇာလွင်၊ ဦးဗိုလ်ဝင်း၊ ဒေါ်မြသီ၊ ဦးသန်းထွန်းဝင်း၊ ဦးညီညီထွန်းနှင့် ဒေါ်ခင်လှတို့ဖြစ်ကြောင်း သိရသည်။

၎င်းတို့ ၁၆ ဦးအား ဟဲဟိုးနယ်မြေရဲစခန်းတွင် (ပ)၁၇/၂၀၂၀၊ ရာဇသတ်ကြီး ပုဒ်မ ၄၂၀ ဖြင့် အမှုဖွင့်ထားကြောင်း သိရသည်။

VOLUME.6, ISSUE 9 THURSDAY, FEBRUARY 27, 2020
ကမ္ဘောဇတိုင်း

# ကျိုင်းတုံတက္ကသိုလ်တွင် အဝေးသင် ဘွဲ့ယူမည့် ကျောင်းသားများအား ဘွဲ့ဝတ်စုံနှင့် ဓါတ်ပုံဖိုးငွေ ပိုမိုတောင်းခံနေဟု ဆို




ထက်တိုင်းကျော်

ကျိုင်းတုံတက္ကသိုလ်တွင် ဖေဖော်ဝါရီလ ၂၈ ရက်၌ ကျင်းပမည့် အဝေးသင်တက္ကသိုလ် ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ဘွဲ့ယူမည့် ကျောင်းသား/သူများအား ဘွဲ့ဝတ်စုံငှားရမ်းခနှင့် ဓါတ်ပုံဖိုးငွေကြေး အဆမတန် ပိုမိုတောင်းခံမှုများ ရှိနေသည်ဟု သိရသည်။

အဝေးသင်တက္ကသိုလ်၊ ကျိုင်းတုံတက္ကသိုလ် ဌာနခွဲတွင် ဖြေဆိုအောင်မြင်ပြီး ဘွဲ့ယူကြမည့်ကျောင်းသား/သူ အချို့အား ကျိုင်းတုံတက္ကသိုလ်ရှိ ဘွဲ့ယူရန်အတွက် ဖောင်ထုတ်ပေးသည့်ဌာနမှ ဘွဲ့ဝတ်စုံငှားရမ်းခ ၃၇၀၀၀ ကျပ်နှင့် အမှတ်တရ ဓါတ်ပုံရိုက်ကူးခ ၃၆၀၀၀ ကျပ်ကောက်ခံနေခြင်းဖြစ်ကြောင်း ကိုယ်တိုင် ကြုံတွေ့ခဲ့ရသည့် ကျောင်းသူတစ်ဦးက ကမ္ဘောဇတိုင်းသို့ ပြောသည်။

အဆိုပါ ကိစ္စနှင့် ပတ်သက်၍ ကျိုင်းတုံတက္ကသိုလ်၊ စီမံရေးရာဌာနမှူး ဒေါ်ခင်သန်းဆွေအား ကမ္ဘောဇတိုင်းမှ ဆက်သွယ်မေးမြန်းရာတွင် "ကျွန်မတို့ကျောင်းမှာ အဝေးသင်တက္ကသိုလ် ဘွဲ့ပေးတာ ဒါပထမဆုံးအကြိမ် ဖြစ်ပါတယ်။ ဘွဲ့ဝတ်စုံငှားခကို ၁၀၀၀၀ ကျပ် သတ်မှတ်ထားပြီးတော့ ဓါတ်ပုံရိုက်တာက ကိုယ့်စိတ်ကြိုက် ရိုက်လည်း ရပါတယ်။ ဒီသတင်းကို ပြောတဲ့သူ တာဝန်ယူ ရပါလိမ့်မယ်"ဟု ပြန်လည် ဖြေကြားခဲ့သည်။

ယင်း ကိစ္စနှင့် ပတ်သက်၍ပင် ကျိုင်းတုံတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ ဒေါ်စမ်းစမ်းမာကမူ "ဘွဲ့ယူဝတ်စုံ က ၁၀၀၀၀ ကျပ်နဲ့ ကျိုင်းတုံတက္ကသိုလ် အမှတ်တရပစ္စည်းတွေနဲ့ ဘွဲ့လက်မှတ် ထည့်တဲ့အိတ် (Folder) အပါ ၃၇၀၀၀ ကျပ် ဖြစ်ပါတယ်။ မှတ်တမ်းဓါတ်ပုံက ပုံသေး ၁၂ ပုံကို ၇၀၀ ကျပ်နှုန်းနဲ့ ဘောင်ပါပြီး ပုံကြီး ၂ ပုံက ၁၆၀၀၀ ကျပ် ဖြစ်ပါတယ်။ ဒီကနေရလာတဲ့ ငွေတွေကို ကျောင်းအတွက်လိုအပ်တဲ့နေရာမှာ သုံးစွဲပါတယ်"ဟု ကမ္ဘောဇတိုင်းသို့ ပြောသည်။

"မြန်မာနိုင်ငံမှာ ဘယ်တက္ကသိုလ်မှ အဝေးသင်ဘွဲ့ယူဖို့အတွက် အဲဒီလောက်ပေးရတာ မရှိပါဘူး" ဟု အဝေး သင်တက္ကသိုလ်၊ ကျိုင်းတုံတက္ကသိုလ်ဌာနခွဲတွင် နောက်ဆုံးနှစ် ဖြေဆိုအောင်မြင်ပြီး ဘွဲ့ယူမည့်ကျောင်းသူ၏ မိဘအုပ်ထိန်းသူ တစ်ဦးက ၎င်း၏အမြင်ကို ပြောဆိုခဲ့သည်။

အဝေးသင်တက္ကသိုလ်၊ ကျိုင်းတုံတက္ကသိုလ် ဌာနခွဲတွင် ဖြေဆိုအောင်မြင်ဘွဲ့ရသည့် ကျောင်းသား/သူများသည် ပြီးခဲ့သည့် ၂၀၁၉ ခုနှစ်အထိ မန္တလေးမြို့တွင် သွားရောက်ဘွဲ့ယူခဲ့ရပြီး ၂၀၂၀ ပြည့်နှစ်မှ စတင်၍ကျိုင်းတုံတက္ကသိုလ်၌ပင်ဘွဲ့လက်မှတ် ပေးအပ်ခြင်းကြောင့်ကျောင်းသား/သူများနှင့် မိဘများမှ ဝမ်းသာနေကြကြောင်း သိရသည်။

□

# UNICEF မှ ဆောင်ရွက်မည့် စီမံကိန်းများအား ရှင်းလင်း

စုလှိုင်

ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ (UNICEF) ၏ ၂၀၂၀-၂၀၂၁ ခုနှစ်အတွင်း ရှမ်းပြည်နယ်၌ ဆောင်ရွက်မည့် စီမံကိန်းများ မိတ်ဆက်ရှင်းလင်းခြင်း အခမ်းအနားကို ဖေဖော်ဝါရီလ ၂၂ ရက်၊ နံနက်ပိုင်းက တောင်ကြီးမြို့၊ Royal Taunggyi ဟိုတယ်တွင် ကျင်းပ ပြုလုပ်ခဲ့ကြောင်း သိရသည်။

"၂၀၁၈ ကနေ ၂၀၂၁ အထိ ၅ နှစ်စီမံကိန်း ဆွဲထားတာ ရှိပါတယ်။ အခုကတော့ နောက်ဆုံး ၂ နှစ် ဖြစ်တဲ့ ၂၀၂၀-၂၀၂၁ အတွက် ရှေ့လုပ်မယ့် လုပ်ငန်းစဉ်တွေ၊ ပြီးပြီးသားလုပ်ငန်းတွေကို မိတ်ဖက်အဖွဲ့အစည်းတွေ၊ ဌာနဆိုင်ရာတွေကို အတူတကွ ရှင်းလင်းတင်ပြတဲ့ ပွဲလေးဖြစ်ပါတယ်"ဟု ယူနီဆက်ဖ် ဌာနေကိုယ်စားလှယ် Ms, June Kunugi က ကမ္ဘောဇတိုင်းသို့ ပြောသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က ဒေသဖွံ့ဖြိုးရေးအတွက် အဆင့်မြှင့်တင်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်း၊ အသစ်တည်ဆောက်ခြင်းလုပ်ငန်းများကို အစွမ်းကုန် အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ရှမ်းပြည်နယ်အတွင်း နေထိုင်ကြသည့် တိုင်းရင်းသား ပြည်သူများ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုအတွက် ကုလသမဂ္ဂနှင့် မိတ်ဖက် အဖွဲ့အစည်းများနှင့်အတူ စဉ်ဆက်မပြတ် ပူးပေါင်းလုပ်ဆောင်နေလျက် ရှိပြီး ယူနီဆက်ဖ်သည်လည်း တစ်ဖွဲ့အပါအဝင်ဖြစ်ကြောင်း ပြောဆိုခဲ့သည်။

ထို့နောက် ယူနီဆက်ဖ် ဌာနေကိုယ်စားလှယ် Ms.June Kunugi က နှုတ်ခွန်းဆက်အမှာစကား ပြောကြားပြီး ရှမ်းပြည်နယ် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှု လုပ်ငန်းစီမံချက်စာအုပ်အား ရှမ်းပြည်နယ်အစိုးရသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

"အဓိက ကတော့ ၂၀၁၉ ခုနှစ်မှာ လုပ်ဆောင်ပြီးစီးခဲ့တဲ့ စီမံကိန်း အောင်မြင်မှုတွေကို ဆွေးနွေးတယ်။ အောင်မြင်မှု ရှိသလို ကြုံတွေ့ရတဲ့ အခက်အခဲတွေကိုလည်း ဆွေးနွေးတယ်။ ၂၀၂၀-၂၀၂၁ မှာ ဘာတွေ ဆက်လုပ်သွားမယ်ဆိုတာ အသေးစိတ် တစ်ခုချင်း ဆွေးနွေးခဲ့ပါတယ်" ဟု June Kunugi က ဆက်လက်ပြောဆိုခဲ့သည်။

ယူနီဆက်ဖ်အနေဖြင့် ရှမ်းပြည်နယ်အတွက် ၂၀၂၀-၂၀၂၁ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၄ ဒသမ ၇ သန်း ခန့် အကုန်အကျခံပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ကုလသမဂ္ဂ အဖွဲ့အစည်းများ၊ NGO များ၊တိုင်းရင်းသားကျန်းမာရေးအဖွဲ့အစည်းများ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းလုပ်ဆောင်သွားမည် ဖြစ်ကြောင်း သိရသည်။

၂၀၂၀-၂၀၂၁ ခုနှစ်အတွင်း ယူနီဆက်ဖ်အနေဖြင့် ရှမ်းပြည်နယ်၌ စတစ်တကျ လက်ဆေးနည်း ပညာပေးပို့စတာ ဖြန့်ဝေခြင်း၊ တိုင်းရင်းသား ဘာသာစကားများဖြင့် ကိုရိုနာဗိုင်းရပ်စ် အဆုတ်ရောင်ရောဂါအသိပညာပေး ပို့စတာ ဖြန့်ဝေခြင်းအတွက် ကူညီပံ့ပိုးခြင်း၊ အရေးပေါ်အခြေအနေများတွင် ကျန်းမာရေးကဏ္ဍမှ ကြိုတင်ပြင်ဆင်မှုဆိုင်ရာ ဗဟုသုတ အရည်အသွေး မြှင့်တင်ခြင်းနှင့် ကျန်းမာရေး အသိပညာမြှင့်တင်ရေး၊ အမူအကျင့် ပြုပြင်ပြောင်းလဲရေး၊ ကဏ္ဍပေါင်းစုံအာဟာရ ဖွံ့ဖြိုးရေး၊ လေထုညစ်ညမ်းမှု လျှော့ချရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းစဉ်များတွင် ကူညီပံ့ပိုးမှုများကို ဦးစားပေးလုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။




# ကျိုင်းတုံတွင် ပျံ့ကျဈေးသည်များအား သင်တန်းပေး

ထက်တိုင်းကျော်

ရှမ်းပြည်နယ်အရှေ့ပိုင်း၊ ကျိုင်းတုံမြို့နယ်၊ တိုင်းလိယဉ်ကျေးမှုခန်းမတွင် ဖေဖော်ဝါရီလ ၂၃ ရက်က ရှမ်းပြည်နယ် လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း၊ ကိုကာကိုလာ လက်လီစီးပွားရေးကျွမ်းကျင်မှုသင်တန်း၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့နှင့် ကျိုင်းတုံမြို့နယ် စည်ပင်သာယာရေးဌာနတို့ ပူးပေါင်း၍ ရွှေ့လျား (ပျံ့ကျ) ဈေးသည်များအတွက်လက်လီစီးပွားရေးတိုးတက်ရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး သင်တန်းကို ဖွင့်လှစ်သင်ကြားပေးခဲ့ကြောင်း သိရသည်။

အဆိုပါ သင်တန်းသည် ဆိုင်ခန်းနေရာ အတည်တကျဖြင့် ထိုင်၍ ရောင်းချသော ဈေးသည်မဟုတ်သူ၊ ရွှေ့လျား ရောင်းချနေသော လက်လီဈေးသည်များ၏ စီးပွားရေး တိုးတက်စေရေးနှင့် ကျန်းမာရေးဘေးအန္တရာယ်ကင်းရှင်းရေးတို့ အတွက် ရည်ရွယ် ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

သင်တန်း ဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ SIYB Myanmar Association ၏ CEO ဒေါ်နီမြစီ (ခ) Dr. Jenny Loa က "လက်လီရောင်းချနေကြတဲ့ ရွှေ့လျားဈေးသည်တွေရဲ့ စီးပွားရေးတိုးတက်မှုမှာ ဝယ်ယူစားသုံးသူတွေက ကျန်းမာရေး ဘေးအန္တရာယ်ကင်းရှင်းရေးကို အလေးထားဂရုစိုက်လာကြပြီးကိုယ့်ရဲ့ စီးပွားရေးလုပ်ငန်းမှာ ဘယ်လိုတိုးတက်အောင် လုပ်မှာလဲဆိုတဲ့ နည်းစနစ်ကို ဒီသင်တန်းမှာ ဆွေးနွေးမှာဖြစ်ပါတယ်"ဟု ကမ္ဘောဇတိုင်းသို့ ပြောသည်။

"ကျွန်မက ရာသီပေါ် သီးနှံတွေကို ရောင်းပါတယ်။ ရောင်းကောင်းရင်တော့ အဆင်ပြေပါတယ်။ ရောင်းမကောင်းတဲ့အခါတော့ စိတ်ညစ်မိတာပေါ့။ ဆိုင်နေရာ အတည်တကျမရှိတော့ စည်ပင်ကနေ မောင်းလို့ထွက်ပြေးရတာလည်း ရှိပါတယ်။ တစ်ရက်ကို ဈေးကောက်ခ ၃၀၀ ကျပ် ပေးရပါတယ်" ဟု သင်တန်းတက်ရောက်လာသည့် ရွှေ့လျားဈေးသည်တစ်ဦးက ပြောသည်။

ကျိုင်းတုံမြို့မဈေးကြီးအတွင်း၌ လက်ဆွဲခြင်းများဖြင့် ရာသီပေါ်သီးနှံများ ရောင်းချသူ၊ လူသုံးကုန်ပစ္စည်းများကို တစ်နိုင် သယ်ယူရောင်းချသည့် ရွှေ့လျားဈေးသည်များရှိပြီး ကျိုင်းတုံမြို့နယ်နှင့် အနီးပတ်ဝန်းကျင်မြို့နယ်/ကျေးရွာများသို့ဆမ်လော့၃ဘီး၊ မော်တော်ယာဉ်၊ ဆိုင်ကယ်များဖြင့် စားသောက်ကုန်တင်ဆောင်ရောင်းချသည့် ရွှေ့လျားဈေးသည်များလည်း ရှိနေကြောင်း သိရသည်။

□

# ကျိုင်းတုံမြို့နယ်၊ ပန်လော့ကျေးရွာ အနီးတွင် ကျောက်မိုင်းခွဲခြင်းနှင့် ကျွဲနွားများ လွှတ်ကျောင်းခြင်းကြောင့် ဒေသခံများ၏ နေအိမ်နှင့် စိုက်ခင်းများ ပျက်စီးမှုရှိနေ



ထက်တိုင်းကျော်

ရှမ်းပြည်နယ်အရှေ့ပိုင်း၊ ကျိုင်းတုံမြို့နယ်၊ လွယ်မွေကျေးရွာအုပ်စု၊ တာချီလိတ်လမ်းဘေးရှိ ပန်လော့ကျေးရွာအနီးတွင် ကျောက်မိုင်းခွဲခြင်းနှင့် ကျွဲနွားများစည်းကမ်းမဲ့လွှတ်ကျောင်းခြင်းတို့ကြောင့် ဒေသခံများ၏ နေအိမ်များနှင့် စိုက်ခင်းများတွင် ထိခိုက်ပျက်စီးမှုများ ကြုံတွေ့နေရကြောင်း သိရသည်။

ယင်းကဲ့သို့ပုဂ္ဂလိကလုပ်ငန်းရှင်တစ်ဦး၏ ကျောက်မိုင်းခွဲမှုကြောင့် ဒေသခံ ကျေးရွာသားများအတွက် နေ့စဉ် စားဝတ်နေရေး လူနေမှုဘဝ ထိခိုက်နစ်နာမည်ကို စိုးရိမ်နေရသည်ဟု ဒေသခံများက ပြောဆိုခဲ့သည်။

"ကျွန်မတို့မိသားစု ခြံစိုက်စားပါတယ်။ ကျောက်မိုင်းခွဲလို့ စိုက်ခင်းပျက်စီးတာ၊ ရေပိုက်ပျက်တာ အမြဲလို ကြုံနေရပါတယ်။ ပြီးခဲ့တဲ့ ရက်ပိုင်းက ခွဲတဲ့မိုင်းကြောင့် ကျွန်မအိမ်ခေါင်မိုးတောင်ပေါက်သွားခဲ့ပါတယ်" ဟု ဒေသခံတောင်သူ ဒေါ်ဆောင်းဝေက ကမ္ဘောဇတိုင်းသို့ ပြောသည်။

ထို့အတူ နမ့်နော်ကျေးရွာနေ ဒေသခံတစ်ဦးကလည်း "နမ့်နော်ချောင်းမှာ မိသားစု ဟင်းစားရဖို့အတွက် ငါးရှာတာကို အခုမသွားရဲကြတော့ပါဘူး။ ကျောက်မိုင်းခွဲလို့ လူကို ထိရင် သေသွားနိုင်ပါတယ်" ဟု ၎င်း၏အမြင်ကို ပြောဆိုခဲ့သည်။

ယင်းကဲ့သို့ ကျောက်မိုင်းခွဲမှုနှင့် ပတ်သက်၍ လွယ်မွေကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးအားယိုဖာအား ကမ္ဘောဇတိုင်းမှ ဆက်သွယ်မေးမြန်းရာ "ပြည်သူ့စစ် ခေါင်းဆောင်ရဲ့ ကျောက်ထုတ် လုပ်ကွက်ဖြစ်ပါတယ်။ ကျွန်တော်တို့လည်းဘေးပတ်ဝန်းကျင်ကို အန္တရာယ်ဖြစ်အောင် ကျောက်မိုင်းမခွဲဖို့ပြောထားပါတယ်" ဟု ပြန်လည်ဖြေကြားခဲ့သည်။

အဆိုပါ ကိစ္စနှင့် ပတ်သက်၍ ကျောက်ထုတ်လုပ်ကွက် လုပ်ငန်းရှင် ဖြစ်သူ ဦးအားဂူအား ဆက်သွယ်မေးမြန်းရာတွင် "ကျွန်တော့်မှာ လိုင်စင်ရှိတယ်။ သူတို့ ကျွန်တော့်ကို လာမပြောလို့ ကျွန်တော် မသိဘူး။ ပျက်စီးရင် လျော်ပေးမယ်။ မကျေနပ်လည်း တိုင်ချင်ရာတိုင်ပေ့ါ" ဟု ပြန်လည်ဖြေကြားခဲ့သည်။

ကျိုင်းတုံမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသည် မြို့နယ်အတွင်း ကျောက်ထုတ်လုပ်ငန်းအတွက် သတ်မှတ်စည်းကမ်းချက်များဖြင့် ကျောက်ထုတ်ခွင့်ပါမစ် ထုတ်ပေးခြင်း၊ သက်တမ်းတိုးပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိပြီး ကျွဲနွားများအား စည်းကမ်းမဲ့ လွှတ်ကျောင်းခြင်း မရှိစေရေးအတွက်လည်း ညွှန်ကြားချက်များထုတ်ပြန်ထားကြောင်း သိရသည်။

# လားရှိုးမြို့နယ်တွင် အာဖရိကဝက် အပြင်းဖျားရောဂါ ဖြစ်ပွားသည့် ဝက်များ တွေ့ရှိ

မင်းဇော်မင်း

ရှမ်းပြည်နယ်မြောက်ပိုင်း၊ လားရှိုးမြို့နယ်၊ နောင်မွန်ကျေးရွာတွင် ဖေဖော်ဝါရီလ ၁၇ ရက်က အာဖရိကဝက် အပြင်းဖျားရောဂါ ဖြစ်ပွားသည့် ဝက်များ တွေ့ရှိခဲ့သည့်အတွက် ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လားရှိုးမြို့နယ်၊ နောင်မွန်ကျေးရွာတွင် သံသယဖြစ်ဖွယ် ဝက်သေဆုံးမှုနှင့် ပတ်သက်၍ နာမကျန်းဖြစ်ပွားခဲ့သော ဝက် ၂ ကောင်မှ သွေးနမူနာ ပစ္စည်းများကို မော်လီကျူလာနည်းပညာဖြင့် ဓါတ်ခွဲစမ်းသပ် စစ်ဆေးခဲ့ရာ အာဖရိကဝက် အပြင်းဖျားရောဂါ (African Swine Fever Virus} မျိုးရိုးဗီဇ တွေ့ရှိခဲ့ရသဖြင့် ကမ္ဘာ့တိရစ္ဆာန် ကျန်းမာရေးအဖွဲ့ (OIE)သို့ သတင်းပို့ခဲ့ပြီး ယင်းကျေးရွာတွင် ရောဂါထိန်းချုပ်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်ဟု လားရှိုးမြို့ရှိ ပြည်နယ်မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာသန်းနိုင်က ကမ္ဘောဇတိုင်းသို့ ပြောသည်။

"ရောဂါပိုး တွေ့တဲ့ဝက်တွေကို မြေမြှုပ်ပြီး ရှင်းခဲ့တယ်။ အဲဒီတစ်ခြံလုံးကို ပိုးသတ်ဆေးဖြန်းတဲ့ လုပ်ငန်း လုပ်သလို အနီးဝန်းကျင်က မွေးမြူရေး ခြံတွေမှာလည်း ဆေးဖြန်းလုပ်ငန်းတွေ လုပ်ပါတယ်။ ကာကွယ်ဆေးက လောလောဆယ် မပေါ်သေးတော့ ဆေးဖြန်းတာနဲ့ လိုအပ်တဲ့ အသိပညာပေး ဟောပြောမှုတွေ၊ လက်ကမ်းစာစောင် ဖြန့်ဝေတာတွေ လုပ်ဆောင်နေပါတယ်" ဟု ဒေါက်တာသန်းနိုင်က ပြောသည်။

အဆိုပါ အာဖရိက ဝက်အပြင်းဖျားရောဂါ ကူးစက်မှု မရှိစေရေးအတွက် ဝက်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုဆောင်ရွက်ရန်၊ ဝက်ခြံများနှင့် ဝက်သားသတ်ရုံများတွင် စနစ်တကျ ပိုးသတ်ဆေးဖြန်းခြင်း ပုံမှန်ဆောင်ရွက်ရန်၊ အိမ်မွေးဝက်များကို ဝက်သားပါဝင်သော စားကြွင်းစားကျန်များ ကျွေးခြင်း မပြုရန်၊ အခြားခြံများမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်း မပြုရန်နှင့် လူအဝင်အထွက် ထိန်းချုပ်ရန်၊ သက်တူရွယ်တူ ဝက်များကိုသာအတူမွေးမြူရန်၊ အပူချိန်/ စိုထိုင်းဆ/လေဝင်လေထွက် ကောင်းမွန်အောင် ဆောင်ရွက်ရန်၊ ရောဂါကင်းရှင်းကြောင်း စိတ်ချရသည့် ခြံမှ ဝက်များကိုသာ ဝယ်ယူမွေးမြူရန်၊ ရောဂါဖြစ်ပွားရာ နိုင်ငံမှ တရားမဝင်တင်သွင်းလာသည့် ဝက်နှင့် ဝက်ထွက်ပစ္စည်းများကိုတင်သွင်းရောင်းချခြင်း၊ စားသုံးခြင်း မပြုရန်၊ တောဝက်နှင့် အိမ်မွေးဝက် မရောနှောစေရန်၊ ရောဂါ ဖြင့်သေဆုံးသည့် ဝက်များကို စနစ်တကျ မြေမြှုပ်ခြင်းနှင့် မီးရှို့ဖျက်ဆီးခြင်းများ ဆောင်ရွက်ရန် မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနမှ ထုတ်ပြန်ထားသည်။

အာဖရိက ဝက်အပြင်းဖျားရောဂါသည် ယခင်က အာဖရိကတိုက်နိုင်ငံများရှိဝက်များတွင်သာ ဖြစ်ပွားခဲ့သော်လည်း ၂၀၁၈ ခုနှစ်၊ ဩဂုတ်လမှ စတင်ကာ အာရှနိုင်ငံများတွင် ရောဂါကူးစက် ဖြစ်ပွားခဲ့ပြီး တရားမဝင် ဝင်ရောက်လာသည့် ဝက်နှင့် ဝက်ထွက် ပစ္စည်းများကို ကန့်သတ်၊ ပိတ်ပင်၊ တားဆီး၊ ဖျက်ဆီးခြင်း၊ အသိပညာပေးခြင်းနှင့် ရောဂါစူးစမ်းထောက်လှမ်းခြင်းများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

ပြီးခဲ့သည့် ၂၀၁၉ ခုနှစ်၊ ဩဂုတ်လအတွင်းက ရှမ်းပြည်နယ် အရှေ့ပိုင်း၊ မိုင်းလား၊ မိုင်းယောင်း၊ မိုင်းဖြတ်မြို့နယ်များနှင့် ရှမ်းပြည်နယ်မြောက်ပိုင်း၊ "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ပန်ဆန်းမြို့တို့တွင် အာဖရိဝက်အပြင်းဖျားရောဂါ ကူးစက်ပြီး ဝက် သေဆုံးမှုများ ရှိခဲ့သဖြင့် ရှမ်းအရှေ့ဒေသ ဝက်သားဈေးကွက်အတွင်း ဝက်သားအရောင်းအဝယ် အေးစက်မှုများ ရှိခဲ့သည်။

ထို့အပြင် ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလအတွင်းကလည်း ရှမ်းပြည်နယ်အရှေ့ပိုင်း၊ မိုင်းတုံမြို့နယ်၊ ပုံပါကျင်မြို့တွင် အာဖရိက ဝက်အပြင်းဖျားရောဂါ ကူးစက်မှုကြောင့် ဝက်ကောင်ရေ ၃၀ ခန့် သေဆုံးမှု ဖြစ်ပွားခဲ့ဖူးကြောင်း သိရသည်။


## မြေစာရင်းပုံစံ (၁၀၅/၁၀၆) လျှောက်ထားမှုအတွက် ကန့်ကွက်နိုင်ပါကြောင်း

United Paints Group Co.,Ltd ပိုင်သော တောင်ကြီးမြို့၊ ရတနာသီရိ ရပ်ကွက်၊ အကွက်အမှတ် (၃)၊ အကွက်အမည်- ဦးကြီးခမ်းတောင်ရပ်၊ ဦးပိုင်အမှတ် (F-3) မြေဧရိယာ (၀ ဒသမ ၀၈၄) ဧကနှင့် (F-4) မြေဧရိယာ (၀ ဒသမ ၀၉၅) ဧကတို့၏ (၉-၇-၂၀၁၄) ရက်နေ့တွင် ထုတ်ယူထားသော မြေစာရင်းပုံစံ (၁၀၅/၁၀၆) ပုံစံများ ပျောက်ဆုံးသွားပါသဖြင့် အသစ်ပြန်လည် လျှောက်ထားမည် ဖြစ်ပါသောကြောင့် အဆိုပါ လျှောက်ထားချက်များနှင့် ပတ်သက်၍ ကန့်ကွက် လိုသူများရှိပါက ဂျာနယ်တွင် ကြော်ငြာ ပါသည့် ရက်မှ စ၍ ၁၅ ရက်အတွင်း အထောက်အထား ပြည့်စုံစွာဖြင့် ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်၊ တောင်ကြီးမြို့နယ်၊ လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရုံးသို့ ကာယကံရှင် ကိုယ်တိုင် လာရောက်ဆက်သွယ် ကန့်ကွက်နိုင်ပါကြောင်း အသိပေး ကြော်ငြာအပ်ပါသည်။

မြို့နယ်လယ်ယာမြေ မြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာန
တောင်ကြီးမြို့နယ်။
တောင်ကြီးမြို့၊ ရှမ်းပြည်နယ်။

ကမ္ဘောဇတိုင်း
VOLUME.6, ISSUE 9 THURSDAY, FEBRUARY 27, 2020

# ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများအား RCSS က ရဲတပ်ဖွဲ့သို့ အပ်နှံ

မင်းဇော်မင်း

ရှမ်းပြည်နယ် မြောက်ပိုင်း၊ ကျောက်မဲမြို့နယ်တွင် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ/ ရှမ်းပြည် တပ်မတော် (RCSS/SSA) အဖွဲ့က ဖမ်းဆီးရမိထားသည့် မူးယစ်ဆေးဝါးများအား တရားခံများနှင့် အတူ ရဲတပ်ဖွဲ့သို့ ဖေဖော်ဝါရီလ ၁၉ ရက်တွင် လွှဲပြောင်းအပ်နှံခဲ့ကြောင်း သိရသည်။



RCSS/SSA အဖွဲ့၊ တပ်မဟာ (၁၉၈)၊ တပ်ရင်း(၃၇၁)မှ ကျောက်မဲ-မိုင်းလုံကားလမ်း၊ လွယ်ကုန်းကျေးရွာအနီးတွင် ဖေဖော်ဝါရီ ၁၄ ရက်၊ နံနက် ၇ နာရီခွဲခန့်က ဖမ်းမိသည့် တရားခံ ၄ ဦး အပါအဝင် ဘိန်းဖြူဆပ်ပြာခွက် ၃၃ ခွက် နှင့် ဖေဖော်ဝါရီလ ၁၈ ရက် ညနေ ၃ နာရီခွဲခန့်က ဖမ်းဆီးရမိသည့် တရားခံ ၂ ဦး အပါအဝင် ပင်နီစလင် ၂ ပုလင်းဖြင့် ထည့်ထားသည့် ဘိန်းဖြူ ၀ ဒသမ ၄ ဂရမ်ခန့်၊ WY စိတ်ကြွဆေးပြား ၆ ပြားတို့ကို အမှတ် (၂၄) မူးယစ် တပ်ဖွဲ့စု (လားရှိုး)သို့ RCSS/SSA အဖွဲ့မှ ကျောက်မဲမြို့ ယာယီ ဆက်ဆံရေးရုံးတာဝန်ခံ ဗိုလ်မှူး နန်းမိုးမိုးစောက လွှဲပြောင်းပေးအပ်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

လွှဲပြောင်း ပေးခဲ့သည့် တရားခံများမှာ နောင်ချိုမြို့၊ ပန်ဟတ်ရပ်နေ အောင်ဝင်းစိုး၊ ဇန်းမော်မြို့၊ အောင်ပြည်သာကျေးရွာနေ အောင်ခိုင်ဖြိုး၊ ရွှေဘိုမြို့နယ်၊ သပြေကန်ကျေးရွာနေ ကြည်သာအောင်၊ ဘီးမြို့၊ ဘိုးရာဇာရပ်ကွက်နေ အာကာထွန်း၊ မိုးကုတ်မြို့၊ မင်းတံတား ရပ်ကွက်နေ ဒန်နေး၊ မိုးကုတ်မြို့၊ လယ်ဦး ရပ်ကွက်၊ နယ်မြေ(၆)နေ သာရာဘီရ် တို့ ဖြစ်ကြောင်း သိရသည်။

အဆိုပါ မူးယစ်ဆေးဝါးများနှင့် တရားခံများအပ်နှံမှု အခမ်းအနားကို ကျောက်မဲမြို့နယ်၊ ပိန္နဲကုန်းကျေးရွာအုပ်စု၊ ပကာကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ဖေဖော်ဝါရီလ ၁၉ ရက် ညနေပိုင်းက ပြုလုပ်ခဲ့ခြင်းဖြစ်ကာ တရားခံများအား ကျောက်မဲမြို့မရဲစခန်းမှ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေဖြင့် အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

# ဟဲဟိုးလေဆိပ်တွင် အထောက်အထားမဲ့ ရောက်လာသည့် မုန်းဝန်း (တရုတ်) လူမျိုးတစ်ဦးကို နေရပ်ပြန်နိုင်ရေး လွှဲပြောင်း

မင်းဇော်မင်း

ရှမ်းပြည်နယ်အရှေ့ပိုင်း၊ တာချီလိတ်မြို့မှ ဟဲဟိုးမြို့သို့ ဖေဖော်ဝါရီလ ၁၉ ရက်က ရောက်ရှိလာသည့် အထောက်အထားမဲ့ မုန်းဝန်း (တရုတ်) လူမျိုးတစ်ဦးအား နေရပ်ပြန်နိုင်ရေးအတွက် တောင်ကြီးမြို့ရှိ မုန်းဝန်း ယဉ်ကျေးမှုအသင်း ဒုတိယဥက္ကဋ္ဌထံ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ကိစ္စနှင့် ပတ်သက်၍ ကလောမြို့ရှိ လူဝင်မှုကြီး ကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာရုံးမှ မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်လွင်အား ဆက်သွယ်မေးမြန်းရာ "ပြည်နယ်က တာဝန်ခံလုပ်ဆောင်ရတဲ့အတွက် ပြည်နယ်ရုံးသို့သာ မေးမြန်းပါ" ဟု ပြန်လည် ဖြေကြားခဲ့သည်။

မန္တလေး-ဟဲဟိုး-တာချီလိတ် လေကြောင်းခရီးစဉ်ဖြင့် ဖေဖော်ဝါရီလ ၁၉ ရက်၊ မွန်းလွဲပိုင်းက ဟဲဟိုးလေဆိပ်သို့ ရောက်ရှိလာသည့် အသက် ၇၅ နှစ်အရွယ် မြန်မာစကား မပြောတတ်သူ တရုတ်လူမျိုးတစ်ဦးကို တွေ့ရှိသဖြင့် လေဆိပ်တာဝန်ကျဝန်ထမ်းများမှ ကိုရိုနာဗိုင်းရပ်စ်ရောဂါ ကူးစက်ခံထားရခြင်း ရှိ/ မရှိ သိရှိနိုင်ရန် ဟဲဟိုးတိုက်နယ် ဆေးရုံ၌ စစ်ဆေးမှုများ ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယင်း တရုတ်လူမျိုးသည် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနေ ဦးလီရှင်လုံ ဆိုသူဖြစ်ပြီး ၎င်းသည် ရှမ်းပြည်နယ်အရှေ့ပိုင်း၊ မိုင်းတုံမြို့နယ်၊ နားကောင်းမူးကျေးရွာမှ တစ်ဆင့် တာချီလိတ်မြို့သို့ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်း လဝက လေဆိပ်စစ်ဆေးချက်တွင် ဖော်ပြထားသော်လည်း ကလောလဝက၏ စစ်ဆေးချက်အရ မည်သည့်သက်သေခံ အထောက်အထား တစ်စုံတစ်ရာ မပါရှိဘဲ ထိုင်းနိုင်ငံ၊ မယ်ဆိုင်မြို့မှ တစ်ဆင့် တာချီလိတ်မြို့သို့ တရားမဝင် လမ်းကြောင်းဖြင့် ဝင်ရောက်လာခြင်းဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာရာရုံးသို့ တင်ပြခဲ့ကြောင်း သိရသည်။



အဆိုပါ တရုတ်အမျိုးသားနှင့် ပတ်သက်၍ တောင်ကြီးမြို့ရှိ မုန်းဝန်းလူမျိုး ယဉ်ကျေးမှုအသင်း ဒုတိယဥက္ကဋ္ဌ ဦးအေးလွင်က ယင်းအမျိုးသားအား ကောင်းစွာသိရှိကြောင်း၊ လက်ရှိတွင် မိုင်းတုံမြို့နယ်၊ နားကောင်းမူးကျေးရွာ၌ နေထိုင်၍ ထိုင်းနိုင်ငံတွင် ကျပန်းအလုပ် လုပ်ကိုင်နေသူဖြစ်ကြောင်းနှင့် ဖေဖော်ဝါရီလ ၁၈ ရက်က တောင်ကြီးမြို့နေ ၎င်း၏ဇနီးဖြစ်သူ ကွယ်လွန်သွားသည့် အတွက် နာရေးကိစ္စဖြင့် လာရောက်ခြင်းဖြစ်ကြောင်း သက်သေ ၂ ဦးနှင့်အတူ ခံဝန်ကတိပြု လက်မှတ်ရေးထိုး ခေါ်ဆောင်သွားခဲ့သည်။

# မြန်မာနိုင်ငံမှ တရားဝင် တင်ပို့သည့် ပြောင်းဆန် တန်ချိန် တစ်ထောင်ကျော်အား ထိုင်းဆိပ်ကမ်းတွင် ထိန်းသိမ်းခံရ



ထက်တိုင်းကျော်

ရှမ်းပြည်နယ်အရှေ့ပိုင်း၊ တာချီလိတ်မြို့နယ်၊ ဝမ်ပုံဆိပ်ကမ်းမှ တစ်ဆင့် ထိုင်းနိုင်ငံသို့ တရားဝင် တင်ပို့ခဲ့သည့် ပြောင်းတန်ချိန် တစ်ထောင်ကျော်အား ဖေဖော်ဝါရီလ ၁၂ ရက်က ထိုင်းနိုင်ငံရှိ ကျင်းဆိုင်ဆိပ်ကမ်း အကောက်ခွန်ဌာနက ထိန်းသိမ်းထားခဲ့သည်ဟု သိရသည်။

ယင်း ထိန်းသိမ်းခံရသည့် ပြောင်းတန်ချိန် တစ်ထောင်ကျော်မှာ တာချီလိတ်မြို့ရှိ အကောက်ခွန် ဦးစီးဌာနရုံးတွင် တရားဝင် သွင်းကုန် ထုတ်ကုန်လိုင်စင်ခွင့်ပြုချက်ဖြင့် တင်ပို့ခြင်း ဖြစ်သော်လည်း ထိုင်းနိုင်ငံ၊ ကျင်းဆိုင်ဆိပ်ကမ်း အကောက်ခွန်ဌာနက မြန်မာနိုင်ငံအကောက်ခွန်ဌာန တံဆိပ်ပုံစံနှင့် ကွဲလွဲနေသည်ဟုဆိုကာ ထိန်းသိမ်းထားခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

"တာချီလိတ် အကောက်ခွန်ဌာနရဲ့ စာရွက်စာတမ်း တံဆိပ်တုံးပုံစံနဲ့ သူတို့နိုင်ငံမှာ မှတ်တမ်းယူထားတဲ့ မြန်မာနိုင်ငံ အကောက်ခွန်တံဆိပ်တုံးပုံစံ မတူလို့ ဆိုပြီး ကျွန်တော်တို့ ပြောင်းတွေ ထိန်းသိမ်းခံရတာဖြစ်ပါတယ်"ဟု ပြောင်းကုန်စည် ပို့ဆောင်ရေး လုပ်ငန်းရှင် ဟိန်းစိန်အရည် ကျိုကုမ္ပဏီ ဒါရိုက်တာ ဦးစိုင်းဝန်းကျောက်က ကမ္ဘောဇတိုင်းသို့ ပြောသည်။

"ဒီတံဆိပ်တုံးပုံစံ မှားနေတယ်ဆိုတာလည်း ဟုတ်ပါတယ်။ ဒါပေမဲ့ နိုင်ငံတော်အစိုးရအဆင့် အချင်းချင်း တရားဝင် ဖြေရှင်းပေးမှ အဆင်ပြေနိုင်မယ့် ကိစ္စဖြစ်ပါတယ်" ဟု တာချီလိတ်မြို့နေ စီးပွားရေး လုပ်ငန်းရှင်တစ်ဦးကလည်း ၎င်း၏အမြင်ကို ပြောဆိုခဲ့သည်။

အဆိုပါ ကိစ္စနှင့် ပတ်သက်၍ ကျိုင်းတုံမြို့ရှိ ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးရဲနိုင်က "သက်ဆိုင်ရာဌာနတွေကို လုပ်ထုံးလုပ်နည်းနဲ့ မှန်မှန်ကန်ကန် ဖြစ်အောင် ဆောင်ရွက်ပေးဖို့ ပြောလိုက်ပါမယ်" ဟု ကမ္ဘောဇတိုင်းသို့ ပြောဆိုခဲ့သည်။

ပြည်တွင်းမှ ထွက်ရှိသည့် ပြောင်းသီးနှံများကို တာချီလိတ်မြို့ရှိ မဲခေါင်မြစ်ကြောင်း ကုန်သွယ်ရေးလမ်းကြောင်းနှင့် တာချီလိတ်အမှတ် (၁/၂) ချစ်ကြည်ရေး တံတားများမှ တစ်ဆင့် ထိုင်းနိုင်ငံသို့ တင်ပို့နေခြင်း ဖြစ်ကြောင်း သိရသည်။

□

# တောင်ကြီးနှင့် လွိုင်လင်ခရိုင်တွင် အခြေခံ စာတတ်မြောက်ရေးလုပ်ငန်း ဆောင်ရွက်မည်

မောင်မောင်သန်း

ရှမ်းပြည်နယ် တောင်ပိုင်း၊ တောင်ကြီးခရိုင်နှင့် လွိုင်လင်ခရိုင်အတွင်းရှိ သတ်မှတ်မြို့နယ်များတွင် မြန်မာစာ မတတ်သူ မည်သူမဆို အခြေခံ စာတတ်မြောက်ရေးလုပ်ငန်းအတွက် ဧပြီလဆန်းတွင် အခြေခံမြန်မာစာနှင့် အခြေခံ သင်္ချာသင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။



ပညာရေးဝန်ကြီးဌာနနှင့် ရှမ်းပြည်နယ် အစိုးရအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်မည့် ၂၀၂၀ ပြည့်နှစ် ရှမ်းပြည်နယ် တောင်ပိုင်း၊ တောင်ကြီးခရိုင်နှင့် လွိုင်လင်ခရိုင်အတွင်းရှိ သတ်မှတ်မြို့နယ်များတွင် ပြည်သူအခြေပြု ပညာပေး ဦးစားပေးလုပ်ငန်းစဉ်(၇)ရပ်နှင့် အခြေခံစာတတ်မြောက်ရေးလုပ်ငန်း အကောင်အထည်ဖော်ရေးဆိုင်ရာလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၂၁ ရက် မွန်းလွဲပိုင်းက ရှမ်းပြည်နယ်အစိုးရရုံး၊ အစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

အစည်းအဝေးတွင် ရှမ်းပြည်နယ် ပြည်သူအခြေပြု ပညာပေးဦးစားပေး လုပ်ငန်းစဉ်(၇)ရပ်နှင့် အခြေခံစာ တတ်မြောက်ရေးလုပ်ငန်း ကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး၊ ကြီးကြပ်မှုကော်မတီ ဒုတိယဥက္ကဋ္ဌ (၁) ရှမ်းပြည်နယ် အစိုးရအဖွဲ့အတွင်းရေးမှူး ဦးစိုးစိုးဇော်က လုပ်ငန်းဆောင်ရွက်မည့် အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ယင်းကဲ့သို့ အခြေခံ စာတတ်မြောက်ရေးလုပ်ငန်းဖြင့် သင်ကြားပေးနိုင်ရေးအတွက် ခရိုင် ၂ ခုအတွင်း စာရင်းကောက်ယူမှုအရ လူဦးရေ ၂၈၁၇ ဦး ရှိနေပြီး စာရင်းကောက်ယူရန် ကျန်ရှိသည့် မြို့နယ်များနှင့် ကောက်ယူပြီး မြို့နယ်များတွင် ရရှိထားသည့် လူဦးရေမှာ ၂၀၁၄ ခုနှစ်၊ ပြည်လုံးကျွတ် သန်းခေါင်စာရင်းပါ စာတတ်မြောက်မှုစာရင်းနှင့် ကွာခြားချက်များ ရှိနေသည့်အတွက် အခြေခံစာတတ်မြောက်ရေး အစီအစဉ်တွင် အမှန်တကယ်သင်ယူလိုသူဦးရေ ကျန်ရှိနေနိုင်သောကြောင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနများ၏ ဦးဆောင်လမ်းညွှန်မှုဖြင့် မြို့နယ်ပညာရေးမှူးရုံးများ၊ ဆက်စပ်ဌာနများ၊ လူမှုရေး အသင်းအဖွဲ့များ၊ လူမှုကူညီရေးအသင်းများနှင့် ရပ်မိရပ်ဖများ ပူးပေါင်း ပါဝင်မှုဖြင့် ဒေသခံပြည်သူများအား ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေး၍ ထပ်မံစာရင်း ကောက်ယူရန်လိုကြောင်း ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးစိုးစိုးဇော်က ပြောဆိုခဲ့သည်။

ထို့နောက်ပညာရေးဝန်ကြီးဌာန ကျောင်းပြင်ပနှင့် တစ်သက်တာ ပညာရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဒေါက်တာဇော်ဝင်းက ရှမ်းပြည်နယ်အတွင်း ပြည်သူအခြေပြု ပညာပေး ဦးစားပေးလုပ်ငန်းစဉ်(၇)ရပ်နှင့် အခြေခံ စာတတ်မြောက်ရေးလုပ်ငန်း ဆောင်ရွက်သွားမည့် လုပ်ငန်းစီမံချက်(အကျဉ်းချုပ်)အား Power Point ဖြင့်ရှင်းလင်း ဆွေးနွေးကာ အစည်းအဝေး တက်ရောက်လာသော ဌာနဆိုင်ရာတာဝန်ရှိသူများက ပူးပေါင်းဆောင်ရွက်ပေးနိုင်မည့် ကဏ္ဍအလိုက် ဆွေးနွေးတင်ပြခြင်းနှင့် ညွှန်ကြားရေးမှူးချုပ်မှ ပြန်လည်ရှင်းလင်း ဖြေကြားခြင်းများ ဆောင်ရွက်ခဲ့ပြီး ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

အဆိုပါအခြေခံစာတတ်မြောက်ရေး လုပ်ငန်းများ ဆောင်ရွက် အကောင်အထည်ဖော်ရန် လျာထားသည့် ဒေသများမှာ တောင်ကြီးခရိုင်အတွင်းရှိ တောင်ကြီးမြို့နယ်၊ ကျောက်တလုံးကြီးမြို့၊ ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသ၊ ဟိုပုံးမြို့နယ်၊ လွိုင်လင်ခရိုင်အတွင်းရှိ လွိုင်လင်မြို့နယ်၊ နမ့်စန်မြို့နယ်၊ ကွန်ဟိန်းမြို့နယ်၊ လဲချားမြို့နယ်၊ မိုင်းကိုင်မြို့နယ်၊ ပင်လုံမြို့၊ ခိုလမ်မြို့၊ မိုင်းနောင်မြို့နှင့် ကာလိမြို့တို့ဖြစ်ပြီးအကောင်အထည်ဖော်မည့် ကာလမှာ တစ်ရက်လျှင် သင်ကြားချိန် ၃ နာရီဖြင့် ရက် ၄၀၊ စာသင်ချိန် နာရီ ၁၂၀ ဖြစ်ကြောင်း သိရသည်။

စာသင်သား သတ်မှတ်ချက် အနေဖြင့် အသက် ၁၅ နှစ်နှင့်အထက် မြန်မာစာ မတတ်သူ မည်သူမဆို လူငယ်များနှင့် သက်ကြီးရွယ်အိုများအား ဧပြီလ ပထမပတ်မှ မေလ ဒုတိယပတ်အထိ သင်ကြားပေးသွားမည်ဖြစ်ပြီး ဖွင့်ပွဲအခမ်းအနားကို ပင်လုံမြို့တော်ခန်းမ၊ စည်ပင်ခန်းမ (သို့မဟုတ်) ပင်လုံတက္ကသိုလ်တွင် ကျင်းပသွားရန် ရှိနေကြောင်း သိရသည်။

# တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဖြေဆိုနေစဉ် ကေတီဗွီနှင့် စားသောက်ဆိုင်များ ဖွင့်လှစ်ပါက အရေးယူမည်

စိုင်းရာဇာ

တောင်ကြီးမြို့ပေါ်ရှိ ကေတီဗွီနှင့် စားသောက်ဆိုင်များ အနေဖြင့် တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဖြေဆိုနေစဉ်ကာလအတွင်း ခေတ္တပိတ်သိမ်းထားရန်ညွှန်ကြားထားပြီးလိုက်နာမှု မရှိပါက အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

"မြို့နယ်တွေ အနေနဲ့လည်း ပုဒ်မ ၁၈၈ ကို ထုတ်ပြန်ထားတာတွေ ရှိပါတယ်။ အသံချဲ့စက်တွေ ကျယ်လောင်စွာ မဖွင့်ဖို့လည်း ထုတ်ပြန်ထားတယ်။ စားသောက်ဆိုင်တွေ အစုံပေါ့။ မလိုက်နာရင်တော့ ဆက်လက် အရေးယူ ဆောင်ရွက်မယ်။ လောလောဆယ် မြို့နယ်တွေကနေ ရပ်ကျေးအုပ်ချုပ်ရေးမှူးတွေကို ခံဝန်ကတိတွေနဲ့ ဆောင်ရွက်ပြီးပါပြီ"ဟု တောင်ကြီးခရိုင် အုပ်ချုပ်ရေးမှူး ဦးကိုကိုလွင်က ပြောသည်။

ယင်းကဲ့သို့ တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဖြေဆိုနေစဉ် ကာလအတွင်း စားသောက်ဆိုင်များ၊ ကေတီဗွီများအား ပိတ်သိမ်းစေခြင်းအပြင် လိုက်နာမှု မရှိပါက အရေးယူ သင့်ကြောင်းနှင့် အသံကျယ်လောင်စွာ ဖွင့်လှစ်သည့် ထီလှည်းနှင့် အခြားသော အသံချဲ့စက် အသုံးပြုသူများကိုလည်း တားမြစ်ပေးရန် လိုအပ်နေကြောင်း ဒေသခံများထံမှ သိရသည်။

"စာမေးပွဲ ဖြေမယ့်နေ့တွေမှာ အသံကျယ်ကျယ် မဖွင့်သင့်ဘူး။ ဖွင့်ရင်လည်း သက်ဆိုင်ရာက ထိထိရောက်ရောက် အရေးယူသင့်တယ်။ ဒါမှ တခြားသူတွေလည်း မလုပ်ရဲမှာ။ ဒီစာမေးပွဲက အရေးကြီးတယ်လေ။ နောက်မီးလည်း မပျက်ဖို့ လိုမယ်။ မီးပျက်နေရင်တော့ အဆင်မပြေဘူး။ တစ်နှစ်လုံး ကြိုးစားခိုင်းပြီး ထားလာရတာလေ" ဟု ကျောင်းသားမိဘ တစ်ဦးက ပြောသည်။

တောင်ကြီးမြို့တွင် ကေတီဗွီဆိုင်များ၊ စားသောက်ဆိုင်များ တစ်နေ့ထက်တစ်နေ့ များပြားလာလျက် ရှိပြီး အမျိုးသမီးအဆိုရှင်ထားရှိသည့် တရားမဝင် ကေတီဗွီများ၊ စင်တင်တေးဂီတများလည်း ရှိနေကြောင်း သိရသည်။

"အသံချဲ့စက် မဖွင့်ဖို့ကိုတော့ စာမေးပွဲမဖြေခင် တစ်လလောက်ကြိုတင်ပြီး နားခိုင်းထားတယ်။ စင်တင်တို့လည်း ပါတယ်။ လုပ်ငန်းကတော့ လုပ်ပေါ့။ သို့သော် ကျယ်လောင်တဲ့အသံတွေ မထွက်အောင်ဆောင်ရွက်ထားတဲ့ အနေအထား ရှိပါတယ်" ဟု ခရိုင်အုပ်ချုပ်ရေးမှူး ဦးကိုကိုလွင်က ပြောဆိုခဲ့သည်။

၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲများကို မတ်လ ၁၁ ရက်မှ ၂၀ ရက်အထိ မြန်မာနိုင်ငံတစ်ဝှမ်းရှိ စာဖြေဌာနအသီးသီးတွင် ဖြေဆိုရမည်ဖြစ်ပြီး ရှမ်းပြည်နယ်အနေဖြင့် တက္ကသိုလ်ဝင်တန်း စာမေးပွဲ ဖြေဆိုရန် စာရင်းပေးသွင်းထားသူ ရှမ်းတောင်မှ ၄၀၂၃၇ ဦး၊ ရှမ်းမြောက်မှ ၁၉၂၂၈ ဦး၊ ရှမ်းရှေ့မှ ၅၄၅၇ ဦး၊ စုစုပေါင်း ၆၄၉၁၂ ဦး ရှိနေကြောင်း သိရသည်။

# ငါးရက်တစ်ဈေး ဈေးနေ့များ

| | |
|---|---|
| ၂၇-၂-၂၀၂၀ | ပင်ဖြစ်ဈေး |
| ၂၈-၂-၂၀၂၀ | ဟိုပုံးဈေး |
| ၂၉-၂-၂၀၂၀ | ဟဲဟိုးဈေး |
| ၁-၃-၂၀၂၀ | တောင်ကြီးဈေး |
| ၂-၃-၂၀၂၀ | တောင်နီဈေး |
| ၃-၃-၂၀၂၀ | ပင်ဖြစ်ဈေး |
| ၄-၃-၂၀၂၀ | ဟိုပုံးဈေး |

- **ဟိုပုံးဈေး**
  ညောင်ရွှေဈေး၊ ရပ်စောက်ဈေး၊ ပင်းတယဈေး၊ နန်းပန်ဈေး၊ စံကားဈေး၊ ဟာမ်းဆီးဈေး၊ မိုင်းပွန်ဈေး၊ တီကျစ်ဈေး၊ ဘန့်ကွဲဈေး၊ မိုးဗြဲဈေး၊ မိုးနဲဈေး၊ ဆီဆိုင်ဈေး၊ ဆောင်းပြောင်းဈေး
- **ဟဲဟိုးဈေး**
  လွိုင်ကော်ဈေး၊ ဆိုက်ခေါင်ဈေး၊ ရွာငံဈေး၊ ကျုံ့ဈေး၊ ကျောက်တလုံးဈေး၊ တောင်တိုဈေး၊ သန်းတောင်ဈေး၊ နားတောင်ဈေး၊ နမ့်ဆီးဈေး၊ နမ့်စန်ဈေး၊ လွိုင်လင်ဈေး၊ နောင်တရားဈေး
- **တောင်ကြီးဈေး**
  အောင်ပန်းဈေး၊ နမ့်ခုတ်ဈေး၊ ဆတ်သေဈေး၊ ရွာမရေပေါ်ဈေး၊ မိုင်းပျဉ်းဈေး၊ ပင်ခွန်ဈေး၊ ပင်လုံဈေး
- **တောင်နီဈေး**
  တန်းယဉ်ဈေး၊ ပင်လောင်းဈေး၊ ဖောင်တော်ဦးဘုရားဈေး၊ ဘော်ဆိုင်းဈေး၊ ပွေးလှဈေး၊ မိုင်းသောက်ဈေး၊ ကွန်းသာဈေး၊ နန်းတိုင်းဈေး
- **ပင်ဖြစ်ဈေး**
  ကလောဈေး၊ ရွှေညောင်ဈေး၊ ခေါင်တိုင်ဈေး၊ အင်းတိန်ဈေး၊ နောင်မွန်ဈေး၊ ကောင်းဘို့ဈေး၊ ကျောက်တန်းဈေး၊ ဓမ့်တီ-ဝါးတောဈေး၊ ဖယ်ခုံဈေး၊ ဇလဲဈေး

# ရွေးကောက်ပွဲနှင့် လူမှုကွန်ရက် ပန်းခင်း

၂၀၂၀ ပြည့်နှစ်သည် မြန်မာနိုင်ငံအဖို့ ပြည်လုံးကျွတ် အထွေထွေရွေးကောက်ပွဲ ကျင်းပရန် ရှိနေသည့် နှစ်တစ်နှစ် ဖြစ်သည်။ ရွေးကောက်ပွဲကာလ နီးကပ်လာသည်နှင့်အမျှ တရားဝင် မဲဆွယ်စည်းရုံးချိန် မဟုတ်သေးသော်လည်း ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ဖွယ်ရှိသည့် နိုင်ငံရေးပါတီများ၏ မသိမသာ တစ်မျိုး၊ သိသိသာသာ တစ်ဖုံ လူထုနှင့် ထိတွေ့မှုများကို ခပ်စိတ်စိတ် ပြုလုပ်လာသည်ကို တွေ့မြင်လာရသည်။

ရွေးကောက်ပွဲနှင့် နိုင်ငံရေး အတွေ့အကြုံ နုနယ်သေးသည့် မြန်မာပြည်သူများအတွက် ယင်းကဲ့သို့ ထိတွေ့မှုများက ပြည်သူလူထုအတွက် နိုင်ငံရေး အတွေးအမြင်များကို နှိုးဆွပေးသည့်အတွက် အကျိုးကျေးဇူး များစွာ ဖြစ်ထွန်းစေသလို ၄ နှစ်ကျော် ပျောက်ဆုံးနေသည့် လက်ရှိ ရွေးကောက်ခံ လွှတ်တော်အမတ်များသည်လည်း ပွဲချိန်ပြည့် ကာနီး ကစားသမားများကဲ့သို့ ခြေစွမ်းကုန် ထုတ်၍ ကစားလာနေကြသည်။

ယနေ့ကာလသည် နည်းပညာ တိုးတက်ပြောင်းလဲလာမှုနှင့် ခေတ်ရေစီးကြောင်း ပြောင်းလဲလာမှုများအရ ပြည်သူအများစုသည် လူမှုကွန်ရက်ကို များစွာ မှီခိုလာကြသည်။ ယင်းအချက်ကို ကောင်းစွာသိကြသော နိုင်ငံရေး သမားများနှင့် ထောက်ခံသူများက ဝါဒဖြန့်ချိရေးအတွက် လူမှုကွန်ရက်ကို အသုံးချလာကြသည်။

ရွေးကောက်ပွဲဝင်ရန် ရည်မှန်းထားသည့် ပုဂ္ဂိုလ်များအနေဖြင့် လူမှုကွန်ရက်မှတစ်ဆင့် ၎င်းအား ထောက်ခံသည့် လူထုနှင့် လူမှုကွန်ရက်တွင် အလွယ်တကူ ချိတ်ဆက်နိုင်သလို ၎င်းအား ထောက်ခံသူများကလည်း ၎င်း၏ သတင်း အချက်အလက်များကို အခြားသူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရေးအတွက် အချိန်ကုန်၊ လူပင်ပန်း သက်သာစွာဖြင့် လွယ်လွယ်ကူကူ ဝါဒဖြန့်ဆွဲဆောင်လာနိုင်မည် ဖြစ်သည်။

သို့သော် နိုင်ငံရေး မသမာသော ရည်ရွယ်ချက်ရှိသူများ၊ အဖွဲ့အစည်းများ သို့မဟုတ် တစ်ဘက်အဖွဲ့အစည်းကို အောက်တန်းစား တိုက်ခိုက်လိုသူများက လူမှုကွန်ရက်ကို ဝါဒဖြန့်ချိရေး လက်နက်တစ်ခုအဖြစ် အသုံးချရာတွင် အသုံးပြုသူ အင်အားကြီးမားကျယ်ပြန့်သည့် လူမှုကွန်ရက်၌ ထိလွယ်ရှလွယ် ကိစ္စရပ်များ၊ နှစ်ဘက် အငြင်းပွားမှုများလည်း ဖြစ်လာနိုင်ပါသည်။

အဆိုးရွားဆုံးအချက်မှာ တာဝန်ယူမှု၊ တာဝန်ခံမှု မရှိသော သတင်းအတုအယောင်များ၊ သတင်းအမှားများကို ရည်ရွယ်ချက် ရှိရှိဖြင့် ဖြန့်ဝေနေသည့် လူမှုကွန်ရက်နှင့် ဝက်ဘ်ဆိုက်အတုအယောင်များပင် ဖြစ်သည်။ ၎င်းတို့က တစ်ဘက်အဖွဲ့အစည်းကို နည်းမျိုးစုံဖြင့် အပုပ်ချ တိုက်ခိုက်ကြသည်။ ထိုမှတစ်ဆင့် နှစ်ဘက်အဖွဲ့အစည်းများအကြား မလိုလားအပ်သည့် အမုန်းပွားမှုများ ဖြစ်ပေါ်လာနိုင်သည်ကို သတိချပ်ရမည် ဖြစ်သည်။

နိုင်ငံအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၏ တရားဝင်ခွင့်ပြုချက်ဖြင့် တာဝန်ယူမှု၊ တာဝန်ခံမှု ရှိရှိ၊ သမာသမတ်ကျကျဖြင့် အယ်ဒီတာအဖွဲ့ဖြင့် ရေးသားထုတ်လွှင့်၊ ထုတ်ဝေဖြန့်ချိနေသော သတင်းစာ၊ မီဒီယာ အများအပြား ရှိနေသော်လည်း ယင်းတို့မှာ လူမှုကွန်ရက်၏ လွှမ်းမိုးမှုကို မကျော်လွန်နိုင်သည့် သဘောမျိုး သက်ရောက်နေသည်။ သာမန် လူမှုကွန်ရက် အသုံးပြုသူအချို့က ယင်းတရားဝင် သတင်းမီဒီယာများမှ ထုတ်လွှင့်ဖြန့်ချိသည့် သတင်းမှန်များကို ဖတ်ရှုရကောင်းမှန်း မသိဘဲ လူကြိုက်များအောင် အကျိုးမဲ့ ပေါ်ပင်သတင်းအကြောင်းအရာ အတုနှင့် အစစ်များကို ရေးသား ဖော်ပြနေသည့် လူမှုကွန်ရက်အများစု၌သာ အချိန်ကုန်နေကြသည်။ အစိုးရအဖွဲ့ဝင်များကပင် တရားမဝင်စာမျက်နှာများကို ဖတ်ရှု၍ မျှဝေနေကြသည်ကလည်း လွန်စွာ စိတ်ပျက်ဖွယ်ရာပင် ဖြစ်သည်။

ယင်းအချက်က တရားဝင် သိက္ခာ သမာဓိ ရှိစွာဖြင့် ရေးသားထုတ်လွှင့် ဖြန့်ချိ၊ ထုတ်ဝေနေသည့် သတင်းမီဒီယာများအတွက် ရေရှည်ရပ်တည်လာနိုင်ရေး ခက်ခဲလာစေသလို နိုင်ငံ့အနာဂတ်အတွက်လည်း စိုးရိမ်ဖွယ်ရာ ဖြစ်နေသည်။

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီအနေဖြင့် ပြီးခဲ့သည့် ရက်ပိုင်းအတွင်းကပင် သတင်းအတုအယောင်များ၊ သတင်းအမှားများနှင့် တရားဝင် သတင်းဌာနများ၏ သတင်းများကို ခိုးယူဖော်ပြနေသည့် ဝက်ဘ်ဆိုက်များနှင့် လူမှုကွန်ရက် စာမျက်နှာများ၏ အမည်စာရင်းကို တတိယအကြိမ်မြောက်အဖြစ် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်သည်။

သို့သော် ထိရောက်သည့် အရေးယူဆောင်ရွက်မှု တစ်စုံတစ်ရာ မဆောင်ရွက်နိုင်သေးသမျှ ကာလပတ်လုံး အမည်စာရင်း ကြေညာခြင်းသည်လည်း ကြေညာချက်ထုတ်ရုံသက်သက် တစ်ခုထက် မပိုဟု သုံးသပ်မိပါသည်။

လူမှုကွန်ရက်ဟူသည်မှာ တစ်နည်းအားဖြင့် ပန်းရောင်စုံ ပွင့်ဖူးနေသည့် ပန်းခင်းကြီး တစ်ခုသဖွယ် ဖြစ်ပါသည်။ အလှအပ မြတ်နိုးသူများက ဓါတ်ပုံ အလှအပများ၊ ခရီးသွား ဝါသနာထုံသူများက ခရီးသွား ဓါတ်ပုံတင်ကြသည်။ ဘာသာရေး ဝါသနာထုံသူများက ဘာသာရေးဆိုင်ရာ အကြောင်းအရာများကို တင်ကြသည်။ သက်ဆိုင်ရာ ဘာသာရပ်အလိုက် ဝါသနာရှင်များ၊ ပညာရှင်များက မိမိကျွမ်းကျင်ရာ ပညာရပ်အလိုက် ပို့စ်တင်ကြသည်။ သိရှိလိုသည်များကို ဝါသနာတူသူအချင်းချင်း မေးမြန်းဖေးမကူညီကြသည် စသည်ဖြင့် ရောင်စုံသတင်းထုံနေသည့် လူမှုအသိုင်းအဝိုင်း ရောင်စုံပန်းခင်းကြီး တစ်ခုဖြစ်သည်။ သတင်းမီဒီယာ ဟူသည်မှာလည်း လူထုကြားမှ ပေါက်ဖွားလာသည့် ကဏ္ဍတစ်ခုဖြစ်သည့်အတွက် ယင်း လူမှုကွန်ရက်ပန်းခင်းအတွင်းမှ ပန်းတစ်ပွင့် ဖြစ်ပါသည်။

ထို ရောင်စုံပန်းခင်းကြီးအတွင်း အကျိုးမဖြစ်ထွန်းသော၊ အဆိပ်အတောက် ဖြစ်စေသော ပန်းများလည်း ရှိနေနိုင်ပါသည်။ ပန်းချစ်သူတို့အဖို့ ယင်း အဆိပ်အတောက်ဖြစ်စေနိုင်သည့် အဆိပ်ပန်းများကို မနမ်းရှိုက်မိစေရန် အရေးကြီးလှပါသည်။ တစ်နိုင်ငံလုံးက စိတ်ဝင်စားသည့် ပြည်လုံးကျွတ် အထွေထွေရွေးကောက်ပွဲကြီး နီးကပ်လာသည်နှင့်အမျှ လူမှုကွန်ရက်ပန်းခင်းကြီးအတွင်း ရောယောင်ပါလာနိုင်သော အဆိပ်အတောက် ပန်းပွင့်များကို ရှောင်ရှားနိုင်ပါစေကြောင်း မီးမောင်းထိုး တင်ပြလိုက်ရပါသည်။

ကမ္ဘောဇတိုင်း

" မီဒီယာအကြံပေး "

ဦးသန်းဝေ(တောင်ကြီး)

ဒေါက်တာ အောင်ကျော်(သွား/ဆရာဝန်)

" အယ်ဒီတာချုပ် "

ဇေတိုင်း

" တာဝန်ခံ အယ်ဒီတာ "

နန်းနန်းတိုင်း

" သတင်းအယ်ဒီတာ "

ကိုစိုး(ကမ္ဘောဇတိုင်း)

" သတင်းထောက်ချုပ် "

မင်းဇော်မင်း

" အကြီးတန်းသတင်းထောက် "

ထက်တိုင်းကျော်၊ ဇေယျာ

" သတင်းထောက် "

စိုင်းရာဇာ၊ နန်းဝင်းရီ၊

စုလှိုင်၊ စိုင်းသိခ်သူ၊ ခွန်သက်ထူး

စိုင်းအောင်မြတ်၊ ထမံသီ

မိုင်းမော(တြိဂံနယ်မြေ)၊ ခွန်သန်းအောင်

" ပင်တိုင်ဆောင်းပါးရှင် "

ကျော်ကျော်လင်း၊ အောင်ဆန်းဝင်း၊ စိုင်းကျော်မောင်

" ထုတ်ဝေသူ "

ဦးတင်အောင်ကျော် (မြဲ - ၀၁၀၇၉)

" ပုံနှိပ်သူ "

ဦးအေးဝင်း၊ "အေးကမ္ဘာ" ပုံနှိပ်တိုက်(၀၀၂၉၁)

" ဂျာနယ်တိုက် တည်နေရာ "

တောင်ကြီးမြို့၊ ရှမ်းပြည်နယ်

Mail - kanbawzatai.news@gmail.com

Website - www.kanbawzatainews.com

Facebook - www.facebook.com/kanbawzatai

Phone - 09899885514/ 09252783348

- 09428313690/ 09428360702

"ရှမ်းပြည်နယ် ကိုယ်စားပြု အဖြစ် ထုတ်ဝေ ဖြန့်ချိသည်။"

# မိုင်းယန်း စည်ပင်သာယာရေးဈေးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက် လေ့ကျင့်

ထက်တိုင်းကျော်

ရှမ်းပြည်နယ်အရှေ့ပိုင်း၊ ကျိုင်းတုံခရိုင်၊ မိုင်းယန်းမြို့ရှိ စည်ပင်သာယာမြို့မဈေးတွင် ဖေဖော်ဝါရီလ ၁၈ ရက်၊ နံနက်ပိုင်းကမီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဇာတ်တိုက်လေ့ကျင့်မှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ စည်ပင်သာယာရေးဌာနအနေနဲ့ မြို့သာယာလှပရေးသာမကဘဲ ပျက်စီးဆုံးရှုံးမှု မဖြစ်အောင် ထိန်းသိမ်းကာကွယ်ပေးတာကိုလည်းလုပ်ရပါတယ်"ဟုမိုင်းယန်းမြို့နယ် စည်ပင်သာယာရေးဌာနမှ အမှုဆောင်အရာရှိ ဦးသန်းဇော်က ကမ္ဘောဇတိုင်းသို့ ပြောသည်။



"မီးဘေးရှောင် မလောင်ခင် တားတာ အကောင်းဆုံးဖြစ်ပါတယ်။ မြို့ ဖွံ့ဖြိုးတိုးတက်မှု ဘယ်လောက်ကောင်းပါစေ မီးလောင်သွားမယ်ဆိုရင် ပျက်စီးဆုံးရှုံးမှုက တန်ဖိုးကြီးတော့ အခုလို အသိ၊ သတိနဲ့ ကြိုတင်ကာကွယ်တာမျိုး လုပ်ဖို့ လိုအပ်ပါတယ်"ဟု မိုင်းယန်းမြို့မဈေးကော်မတီဝင် တစ်ဦးကလည်း ၎င်း၏အမြင်ကို ပြောဆိုခဲ့သည်။

အဆိုပါ မိုင်းယန်းမြို့မဈေး မီးဘေး ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်ရာသို့ မိုင်းယန်းမြို့နယ် စည်ပင်သာယာရေးဌာနမှ အမှုဆောင်အရာရှိ ဦးသန်းဇော်နှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဈေးကော်မတီနှင့် ဈေးသူ/ဈေးသားများ တက်ရောက်ခဲ့ပြီး မြို့နယ် မီးသတ်ဌာနနှင့် လျှပ်စစ်ဓါတ်အား ဖြန့်ဖြူးရေးလုပ်ငန်းတို့မှ မီးဘေးကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို လက်တွေ့သရုပ်ပြ ဇာတ်တိုက်လေ့ကျင့်ခဲ့ကြကြောင်း သိရသည်။

မိုင်းယန်း မြို့မဈေးသည် မိုင်းယန်းမြို့နယ် သာမကဘဲ နယ်စပ်ဝင်ပေါက်များဖြစ်သည့် "ဝ" အထူးဒေသ (၂) နှင့် မိုင်းလား အထူးဒေသ (၄) နယ်မြေများမှ ကုန်စည်ကူးသန်းရောင်းဝယ်မှုများ ရှိနေသဖြင့် ဈေးရောင်း/ဈေးဝယ်များနှင့် စည်ကားပြီး ပူပြင်းခြောက်သွေ့သည့် နွေရာသီကာလတွင် မီးလောင်မှု မဖြစ်ပွားစေရေးအတွက် မီးဘေးကြိုတင် ဇာတ်တိုက်လေ့ကျင့်မှု ပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

□

# တောင်ကြီး၊ အနောက်မြို့ပတ်လမ်း အဆင့်မြှင့်တင်ရာတွင် ယာဉ်ကြော ကြပ်တည်းမှု မဖြစ်ပေါ်စေရေး ဆောင်ရွက်ရန် လိုအပ်နေ

စုလှိုင်

ရှမ်းပြည်နယ်မြို့တော်၊ တောင်ကြီးမြို့၊ အနောက်မြို့ပတ်လမ်း အပိုင်း (၂) အဆင့်မြှင့်တင်မှု လုပ်ငန်းများ ပြုလုပ်ရာတွင် ယာဉ်ကြောကြပ်တည်းမှုများ မဖြစ်ပေါ်စေရန် ဆောင်ရွက်ရန် လိုအပ်နေကြောင်း သိရသည်။

"လမ်းပြင်တာကတော့ ကောင်းတဲ့အလုပ်တစ်ခု ဖြစ်ပါတယ်။ မြောင်းတူးနေတဲ့ အချိန်မှာ တစ်ဖက်က ကုန်ကားကြီးတွေ၊ တွဲကားတွေက မပြတ်တော့ လမ်းက အမြဲလိုလိုပိတ်နေတယ်။ အမြဲတမ်း မဟုတ်ရင်တောင်မှ အခုလို လမ်းပြင်နေတဲ့ အချိန်အတွင်း ကားကြီးတွေကို အချိန်ပိုင်းနဲ့ ဝင်ခွင့်ပေးတာပဲဖြစ်ဖြစ် လုပ်ပေးရင် ကောင်းပါတယ်" ဟု တောင်ကြီးဒေသခံတစ်ဦးက ၎င်း၏အမြင်ကို ပြောဆိုခဲ့သည်။

"အခုပြင်နေတဲ့ အပိုင်းက မြို့မဈေးလည်း ပါသလို ယာဉ်အသွားအလာ အရှုပ်ထွေးဆုံးနေရာတွေ ဖြစ်တယ်။ စက်ယန္တရားကြီးတွေနဲ့ လုပ်ငန်း ဆောင်ရွက်နေတဲ့ အချိန်တစ်ဖက်ကလည်း ယာဉ်ကြောပိတ်ဆို့မှုတွေ ဖြစ်နေတာမျိုးတော့ မကောင်းဘူးပေါ့။ ဈေးနေ့လိုမျိုးဆိုရင် ပိုဆိုးပါတယ်။ နေ့လယ်ပိုင်း အလုပ်လုပ်ရင် ကားကြီးတွေကို ညပိုင်းမှ မြို့ထဲ ပေးဝင်တာမျိုး လုပ်နိုင်ရင် အကောင်းဆုံးပါ" ဟု ဒေသခံတစ်ဦးကလည်း ပြောဆိုခဲ့သည်။

ယင်းကဲ့သို့ ယာဉ်ကြောကြပ်တည်းမှုနှင့် ပတ်သက်၍ လမ်းအဆင့်မြှင့်တင်မှုလုပ်ငန်း ဆောင်ရွက်နေသည့် တောင်ကြီးမြို့နယ်စည်ပင်သာယာရေးဌာန အမှုဆောင် အရာရှိ ဦးအေးကိုအား ကမ္ဘောဇတိုင်းမှ ဆက်သွယ်မေးမြန်းရာတွင် "အဲဒီလို အချိန် သတ်မှတ်ဖို့ ဆိုတာ ယာဉ်ထိန်းတို့က လုပ်ပေးရမှာပါ။ စည်ပင်မှာ အာဏာမရှိပါဘူး။ အရှေ့ မြို့ပတ်လမ်းကိုတောင်မှ ကျောင်းဆင်း/ကျောင်းတက်ချိန်ဆိုရင် ခရီးသည်ကားကြီးတွေ မဖြတ်ဖို့ ထွေအုပ်ကို စာတင်ထားတယ်။ သက်ဆိုင်ရာ အာဏာပိုင်က တားမှရမှာပါ"ဟု ပြန်လည်ဖြေကြားခဲ့သည်။

ထို့အတူ အမှတ် (၁၈) ယာဉ်ထိန်းရဲ ဒုတပ်ဖွဲ့ခွဲမှူးရုံး (ရှမ်း/တောင်) မှ ရဲမှူးထွန်းနိုင်အောင်ကလည်း "ကားကြီး တွေကို အချိန်ပိုင်းနဲ့ ပိတ်ဖို့ဆိုတာ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီနဲ့ အုပ်ချုပ်ရေးအဖွဲ့တွေက လုပ်ရမှာပါ။ ယာဉ်ထိန်းတပ်ဖွဲ့အနေနဲ့ လမ်းပိတ်ရင်တော့ ပိတ်တဲ့နေရာကို လူအင်အားထည့်ပြီး ယာဉ်ကြောရှင်းပေးမှာ ဖြစ်ပါတယ်"ဟု ကမ္ဘောတိုင်းသို့ ပြောသည်။

တောင်ကြီးမြို့၊ အနောက်မြို့ပတ်လမ်း အဆင့်မြှင့်တင်ခြင်း လုပ်ငန်းကိုဘဏ္ဍာရေးနှစ်အလိုက်အပိုင်း ၃ ပိုင်း ခွဲ၍ ဆောင်ရွက်နေခြင်းဖြစ်ပြီး ယခု ဆောင်ရွက်နေသော အပိုင်း (၂) ဖြစ်သည့် နဂါးပွက်လမ်းဆုံမှ ဝါးပြားလမ်းဆုံအထိ လမ်းအရှည် ၁ ဒသမ ၈ မိုင် ကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် အဆင့်မြှင့်တင် ဆောင်ရွက်နေခြင်း ဖြစ်ကြောင်း သိရသည်။

တောင်ကြီးမြို့ရှိ အဓိကလမ်းမကြီး ၃ ခုဖြစ်သော ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ အရှေ့မြို့ပတ်လမ်း၊ အနောက်မြို့ပတ်လမ်းများအနက် အနောက်မြို့ပတ်လမ်းသည် ကုန်တင်ယာဉ်ကြီးများ၊ တွဲယာဉ်များ ဖြတ်သန်းမောင်းနှင်ရာ လမ်းဖြစ်ပြီး တစ်နှစ်ထက်တစ်နှစ် လူဦးရေ ထူထပ်များပြားလာခြင်းကြောင့် အိမ်စီးမော်တော်ယာဉ်များ၊ ဆိုင်ကယ်များနှင့် အမြဲ ပြည့်ကြပ်နေပြီး ယာဉ်ကြောကြပ်တည်းမှုများ ဖြစ်ပေါ်နေလျက်ရှိကြောင်း သိရသည်။

# ကျိုင်းတုံမြို့မဈေးတွင် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဇာတ်တိုက်လေ့ကျင့်

ထက်တိုင်းကျော်

ရှမ်းပြည်နယ်အရှေ့ပိုင်း၊ ကျိုင်းတုံမြို့မဈေးတွင် ဖေဖော်ဝါရီလ ၂၀ ရက်က နွေရာသီ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် လက်တွေ့ ဇာတ်တိုက်လေ့ကျင့်မှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

"ကျိုင်းတုံခရိုင် မီးသတ်ဦးစီးဌာန၊ မီးသတ်တပ်ဖွဲ့မှူး ဦးဆောင်ပြီးတော့ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် လက်တွေ့ သရုပ်ပြ ဇာတ်တိုက် လေ့ကျင့်ခဲ့ပါတယ်။ မြို့မဈေး မီးဘေးလုံခြုံရေးအတွက် အသိ၊ သတိနဲ့ ကြိုတင်ကာကွယ်ရေး ပညာပေးကို ဈေးသူ/ဈေးသားတွေကိုယ်တိုင်ပါဝင်ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်" ဟု ကျိုင်းတုံမြို့နယ်စည်ပင်သာယာရေး ဌာနမှ အမှုဆောင်အရာရှိ ဦးကျော်မင်းထိုက်က ကမ္ဘောဇတိုင်းသို့ ပြောသည်။

ကျိုင်းတုံ မြို့မဈေးသည် ရှမ်းပြည်နယ်အရှေ့ပိုင်းတွင် လူသိများထင်ရှားသည့် ဈေးတစ်ခုဖြစ်ပြီး ပြည်တွင်း/ ပြည်ပကုန်ပစ္စည်းမျိုးစုံ ခင်းကျင်း ရောင်းချသဖြင့် ရှမ်းပြည်နယ်အရှေ့ပိုင်းဒေသရှိ မြို့နယ်များမှ ဈေးဝယ်သူများအပြင် ပြည်တွင်း/ပြည်ပမှ လာရောက်လေ့လာဝယ်ယူသူများဖြင့် စည်ကားသည့် ဈေးတစ်ခုဖြစ်ကြောင်း သိရသည်။

ယင်း ကျိုင်းတုံမြို့မဈေးကြီး စည်ပင်သာယာလှပရေးနှင့် ဘေးအန္တရာယ် ကင်းရှင်းရေးအတွက် ကျိုင်းတုံမြို့နယ်စည်ပင်သာယာရေးကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးဌာန၊ ဈေးကော်မတီနှင့် ဈေးသူ/ဈေးသားများမှ စဉ်ဆက်မပြတ် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ နွေရာသီကာလတွင် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး လုပ်ငန်းစဉ်များသည်လည်း အပါအဝင် ဖြစ်ကြောင်း သိရသည်။

အဆိုပါ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်ရာသို့ ရှမ်းပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးရဲနိုင်နှင့် ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ် စည်ပင်သာယာရေးကော်မတီ၊ ဈေးကော်မတီနှင့် ဈေးသူ/ဈေးသားများ ပါဝင်တက်ရောက်ခဲ့ကြပြီး ဈေးသူ/ဈေးသားများကိုယ်တိုင် မီးသတ်ဆေးဘူး စနစ်တကျ အသုံးပြု တတ်စေရန် အတွက် လက်တွေ့မီးငြိမ်းသတ် ဇာတ်တိုက် လေ့ကျင့်မှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။




□

VOLUME.6, ISSUE 9 THURSDAY, FEBRUARY 27, 2020
ကမ္ဘောဇတိုင်း

# ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ၁၈ ကြိမ်မြောက် ပုံမှန်အစည်းအဝေး ကျင်းပပြုလုပ်



ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ၁၈ ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို ဖေဖော်ဝါရီလ ၁၇ ရက်မှ ၂၁ ရက်အထိ ၅ ရက်ကြာ ကျင်းပပြုလုပ်ခဲ့ကာ လွှတ်တော်ကိုယ်စားလှယ် ၃၀ ဦးမှ ကြယ်ပွင့်ပြမေးခွန်း ၅၈ ခု မေးမြန်းပြီး အဆို ၁ ခုနှင့် ဥပဒေ(မူကြမ်း) ၂ ခုကို အတည်ပြုနိုင်ခဲ့ကာ အစီရင်ခံစာကိုလည်း လွှတ်တော်တွင် အတည်ပြုနိုင်ခဲ့ကြောင်း သိရသည်။

ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း

မဘိမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးမောင်ညို ၏ " မဘိမ်းမြို့နယ်၊ မဘိမ်းမြို့ရှိ ကြိုးဖုန်းများအား ကောင်းမွန်အောင် ပြန်လည်တပ်ဆင်ပေးရန် အစီအစဉ် ရှိ/မရှိ" မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်နယ်လမ်းပန်း ဆက်သွယ်ရေးဝန်ကြီး ဦးခွန်ရဲထွေးမှ "၎င်းကိစ္စအား MPT ရုံးချုပ်ကိုတင်ပြထားကြောင်းနှင့် ရှမ်းပြည်နယ်မြို့အတွင်း စက်များအား လဲလှယ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း "စသည်ဖြင့် ပြန်လည် ဖြေကြားခဲ့သည်။

မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းလှဝင်း၏ " မိုင်းပျဉ်းမြို့နယ်၊ နမ့်ရှိကျေးရွာအုပ်စု၊ နမ့်ရှိကျေးရွာရှိ အမက (မူလွန်)ကျောင်းတွင် ကျောင်းဆောင်သစ် ဆောက်လုပ်ခွင့်ပြုပေးရန် အစီအစဉ်ရှိ/ မရှိ" မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာ မျိုးထွန်းမှ " ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ငွေလုံးငွေရင်းခေါင်းစဉ်တွင် ထည့်သွင်း လျာထားပေးပြီး ဖြစ်ကြောင်း" ပြန်လည်ဖြေကြားခဲ့သည်။

ရွာငံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစဝ်အောင်မြတ်(ခ) ဦးအောင်မြတ်၏ "ရွာငံမြို့နယ်၊ မြင်းကျဒိုးကျေးရွာအုပ်စု၊ မင်းတိုင်ပင်ကျေးရွာရှိ မင်းတိုင်ပင် ရေလှောင်ဆည်၏ တည်ဆောက်ပြီးစီးမှု အခြေအနေနှင့် ရေလှောင်ဆည် ရေရှည်တည်တံ့ရန်အတွက် ပြုပြင်ထိန်းသိမ်းခြင်းအား မည်သို့စီမံဆောင်ရွက်ထားသည်"မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစိုင်းလုံကျော်မှ " ၂၀၁၉-၂၀၂၀ ဖြည့်စွက်ရန်ပုံငွေ တွင်လည်းကောင်း ၂၀၂၀-၂၀၂၁ ငွေလုံးငွေရင်းတွင်လည်းကောင်း အသီးသီး လျာထား ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိမှုအပေါ် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း" ပြန်လည် ဖြေကြားခဲ့သည်။

တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူး အောင်သူခိုင်၏ "လားရှိုးမြို့နှင့် (၅)မိုင်အကွာ ဆုံကွယ်ကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်း၊ ဆုံကွယ် (စစ်မှုထမ်းဟောင်း) ကျောင်း၌ (၂)ခန်းတွဲ ရေလောင်းအိမ်သာ(၂)လုံးနှင့် အဝီစိတွင်း(၁)တွင်း ဆောင်ရွက်ပေးရန်"မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းမှ "၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ပြည်နယ်ရန်ပုံငွေတွင် စာသင်ကျောင်းဆောင်သစ် အတွက်လည်းကောင်း၊ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် ပြည်နယ်ရန်ပုံငွေတွင် အဝီစိတွင်းအား အသီးသီး လျာထားဆောင် ရွက်ပေးသွားမည်ဖြစ်ကြောင်း" ပြန်လည်ဖြေကြားခဲ့သည်။

မိုင်းကိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းပန်၏ "မိုင်းကိုင်မြို့နယ်အတွင်းရှိ ပန်မိုက်ဟုန်း၊ ပန်မိုက်စုံ၊ ဟိုနား၊ ဝိင်းငင်းခမ်းနားနှင့် ဖောင်းမိန်းကျေးရွာများတွင် လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ဂျာမနီနိုင်ငံ၊ KFW ချေးငွေဖြင့် စီမံကိန်းလုပ်ငန်းများ မည်သည့်အချိန်တွင် စတင်ဆောင်ရွက်မည်" မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်နယ် လျှပ်စစ်၊ စွမ်းအင်နှင့်စက်မှုဝန်ကြီး ဦးစိုင်းရဲန်တစ်လုံမှ " ပြည်ထောင်စု အစိုးရမှပစ္စည်းများ ဝယ်ယူပြီးစီးပါက၂၀၂၀-၂၀၂၁ ခုနှစ်တွင် ဆောင်ရွက်မည် ဖြစ်ကြောင်း "စသည်ဖြင့် ပြန်လည်ဖြေကြားခဲ့ပါသည်။

မိုင်းကိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းပန်၏ "မိုင်းကိုင်မြို့၏ အနောက်မြို့ပတ်လမ်း (စဝ်စံထွန်းလမ်း) နှင့် အရှေ့မြို့ပတ်လမ်း(အောင်မြတ်လမ်း)တို့အား ကတ္တရာလမ်းခင်းပေးရန်"မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းစွံဆိုင်းမှ " အနောက်မြို့ပတ်လမ်းအား ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ ဒုတိယ(၃)လပတ်၌ ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်းနှင့် အရှေ့မြို့ပတ်လမ်းအား ဆောင်ရွက်ပေးနိုင်ခြင်း မရှိပါကြောင်း "ပြန်လည်ဖြေကြား ခဲ့သည်။

တပ်မတော်သား ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဗိုလ်မှူးပြည့်ဖြိုးအောင်၏ "မိုင်းတုံမြို့နယ်၊ ပုံပါကျင်မြို့၊ အခြေခံပညာ အထက်တန်းကျောင်းနှင့် နမ့်ဟူးခွန်ကျေးရွာ အခြေခံပညာ မူလတန်းကျောင်းရှိ စာသင်ဆောင်အား ပြန်လည်ပြုပြင်ပေးရန် (သို့မဟုတ်) ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန်၊ စာသင်ကြားမှု အထောက်အကူ ပစ္စည်းများအား ကူညီဖြည့်ဆည်းပေးမည့် အစီအစဉ်ရှိ/ မရှိ"မေးခွန်းနှင့် စပ်လျဉ်း ၍ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းမှ "၂၀၂၀-၂၀၂၁ ပြုပြင်ရန်အတွက် တောင်းခံပေးသွားမည် ဖြစ်ကြောင်းနှင့် စာသင်ခုံများအား ချထားပေးမည် ဖြစ်ကြောင်း" ဖြေကြားခဲ့သည်။

ပင်းတယမြို့နယ် မဲဆန္ဒနယ် အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ)ဦးညီလေးချမ်းက " ကြက်သားတွင် ဆဲလ်မိုနဲလားပိုး တွေ့ရှိရသည့်အတွက် ရှမ်းပြည်နယ်အတွင်း ပညာပေးဟောပြောပွဲများနှင့် ကြိုတင်ကာကွယ် တားဆီးရေးအတွက် စီမံဆောင်ရွက်ပေးမှု"မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစိုင်းလုံကျော်မှ " ကြက်သားအား သေချာချက်စားပါက ကိစ္စမရှိကြောင်း၊ အသားကိုင်လက်အား ဆပ်ပြာဖြင့် သန့်ရှင်းအောင် ဆေးကြောရန်လိုအပ်ကြောင်း အိမ်ထောင်ရှင်များအား အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း " ဖြေကြားခဲ့သည်။

မိုင်းကိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းလုံ၏ "ကုန်တင်ယာဉ်ကြီးများကို မိုင်းကိုင်မြို့အတွင်း ဖြတ်သန်းမောင်းနှင်စေခြင်းမပြုဘဲ ရှောင်ကွင်း၍ မောင်းနှင်စေရန် မြို့ရှောင်လမ်းဖောက်လုပ်ပေးမည့် အစီအစဉ် ရှိ/ မရှိ"မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်နယ်လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးဦးခွန်ရဲထွေးမှ " မြို့ရှောင်လမ်းအား ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါကြောင်း" ပြန်လည်ဖြေကြားခဲ့သည်။

မိုင်းကိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းလုံ၏ " မိုင်းကိုင်မြို့နယ်၊ အရှေ့နှင့် အနောက်ဘက်ခြမ်းတို့တွင် တယ်လီဖုန်း တာဝါတိုင်များ တပ်ဆင်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ"မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်နယ်လမ်းပန်း ဆက်သွယ်ရေးဝန်ကြီး ဦးခွန်ရဲထွေးမှ "တည်ဆောက်တပ်ဆင်ရန်အစီအစဉ် မရှိသေးပါကြောင်း "ပြန်လည်ဖြေကြား ခဲ့သည်။

လွိုင်လင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခွန်ဒီဂေါလ်၏ "လွိုင်လင်မြို့နယ်အတွင်းရှိ အမက(ခွဲ) ကျောက်တန်းနှင့် ကျိုင်းခမ်းအား မူလတန်းအဆင့်တိုးမြှင့်ပြီး ကျောင်း(၆) ကျောင်းတွင် ကျောင်းဆောင်သစ်များ တည်ဆောက်ပေးနိုင်ရန်အတွက် မည်သို့ဆောင်ရွက်ပေးမည်"မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းမှ "၂၀၂၀- ၂၀၂၁ ခုနှစ်တွင် ငွေလုံးငွေရင်းတွင် လျာထားပြီး ကျောင်းတိုးအဆင့်ခေါ်ယူရာတွင် အဆိုပါကျောင်းများမှ တင်ပြတောင်းခံခြင်း မရှိပါကြောင်း " ပြန်လည် ဖြေကြားခဲ့သည်။

နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်ထွဏ်း၏ "ရှမ်းပြည်နယ်အတွင်း ဓာတ်သတ္တုစမ်းသပ် တိုင်းတာရေးနှင့် ဖြစ်မြောက်နိုင်စွမ်း လေ့လာရေးလုပ်ငန်း ဆောင်ရွက်ခွင့် လျှောက်ထားရာတွင် ဖြေလျှော့ခွင့်ပြုပေးရန် အစီအစဉ် ရှိ/မ ရှိ" မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်နယ်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး ဒေါက်တာညီညီအောင်မှ "ပြည်ထောင်စုအစိုးရနှင့် ညှိနှိုင်း ဆောင်ရွက်လျက် ရှိပါကြောင်း" ပြန်လည် ဖြေကြားခဲ့သည်။

နမ့်ခမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအေးမောင်၏ "နမ့်ခမ်းမြို့နယ်၊ ကောင်းဝိုင်းကျေးရွာအုပ်စု၊ လွယ်လောင်ကျေးရွာရှိ မူလတန်းကျောင်းတွင် ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ" မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာ မျိုးထွန်းမှ " ၆၀×၃၀ ပေ စတီးဆောက်ချ တစ်ဆောင်အား ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းလျာထားပြီးဖြစ်ကြောင်း " ပြန်လည်ဖြေကြားခဲ့သည်။

နမ့်ခမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအေးမောင်၏ "နမ့်ခမ်းမြို့နယ်၊ ဟာင်လုံကျေးရွာအုပ်စု၊ မန်ကန်ကျေးရွာတွင် လိုအပ်လျက်ရှိသော ပညာရေးဝန်ထမ်းနှင့် အခြေခံပညာ မူလတန်းကျောင်း ဖွင့်လှစ်နိုင်ရေး မည်ကဲ့သို့ စီမံဆောင်ရွက်ပေးမည်"မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းမှ "၂၀၂၀-၂၀၂၁ ခုနှစ် ကျောင်းအဆင့်တိုး မပါဝင်သေးပါကြောင်းနှင့် နွေရာသီတွင် ကျောင်းဆရာမ ထပ် မံတိုးမြှင့်ပေးရန် ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း" ပြန်လည် ဖြေကြားခဲ့သည်။

ရပ်စောက်မြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးခိုင်ညီညီကျော်၏ "ရပ်စောက်မြို့၏ မြို့ရှောင်လမ်းအဖြစ် အသုံးပြုမည့် သီတာလမ်းတွင် ပေ(၁၀၀၀)ခန့်သာရှိသော မြေထိန်းနံရံအား ပြိုကျပျက်စီးမှုမှ ကာကွယ်ရန် ဦးစားပေး လျာထားဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ"မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်နယ်လမ်းပန်း ဆက်သွယ်ရေးဝန်ကြီး ဦးခွန်ရဲထွေးမှ "၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းတွင် ပါဝင်မှုမရှိသေးပါကြောင်း " ပြန်လည်ဖြေကြား

စာမျက်နှာ (၁၅) သို့ > > >

စာအုပ်အမည် - အချိန်တစ်ခု၌ ရပ်တန့်နေခဲ့ကြသူများ
စာရေးသူ - သက်တန့် (မေရီ)
တန်ဖိုး - ၅၀၀၀
မှာယူနိုင်သည့်ဖုန်း - ၀၉၄၀၁၄၁၃၇၅၈

ဒီစာအုပ်ဟာ မသိစိတ်မှာရှိတဲ့ ခံယူချက်တွေဟာ လူတစ်ယောက်ရဲ့ ပေါင်းသင်းဆက်ဆံရေး၊ အချစ်ရေး၊ ငွေကြေး၊ ဘဝနေထိုင်မှုပုံစံ စတာတွေကို ဘယ်လိုဂယက်ရိုက်စေခဲ့လဲ စတဲ့အကြောင်းအရာတွေကို ဇာတ်လမ်းတိုလေးအဖြစ်နဲ့ ရေးသားထားတာ ဖြစ်ပါတယ်။

လူတစ်ယောက်ရဲ့ မသိစိတ်မှာရှိတဲ့ စံနှုန်းတွေကို ထိုသူရဲ့ အတွေးအခေါ်၊ စိတ်ခံစားချက်၊ အပြုအမူ၊ တစ်ခြားလူနဲ့ အရာတွေအပေါ် မှာ တုံ့ပြန်ဆက်ဆံတဲ့ပုံစံ စတာတွေကို ထိန်းချုပ်ထားနိုင်ပါတယ်။

မသိစိတ်ဆိုတာ မမြင်နိုင်တဲ့အတွင်းစိတ်လောက တစ်ခုဆိုပေမယ့် လူတွေရဲ့ ပြင်ပလောကကိုပါ လွှမ်းမိုးထိန်းချုပ်ထားနိုင်ပါတယ်။ မသိစိတ်ရဲ့ လွှမ်းမိုးမှုက အရမ်းများတဲ့အတွက် မသိစိတ်မှာ ဘယ်လိုမျိုးအကြောင်းအရာတွေ၊ ဘယ်လိုခံယူချက်တွေ၊ ဘယ်လိုစံနှုန်းတွေရှိနေလဲဆိုတာကို သိရှိအောင်လုပ်ပြီး ကိုယ့်အတွက် အကျိုးမရှိတဲ့၊ ကိုယ့်ကိုကန့်သတ်ထားတဲ့ Limiting Beliefs တွေကို ချေဖျက်ပြီး ကိုယ့်အတွက် အကျိုးရှိမယ့် အချက်အလက်တွေကို သိရှိစေမှာ ဖြစ်ပါတယ်။




စာအုပ်အမည် - ငြိမ်းချမ်းရေးခြေရာ ဆောင်းပါးများ
စာရေးသူ - ဇင်လင်း
တန်ဖိုး - ၄၀၀၀
မှာယူနိုင်သည့်ဖုန်း - ၀၉၄၀၁၄၁၃၇၅၈

ဒီစာအုပ်ထဲမှာ ငြိမ်းချမ်းရေးခြေရာဆိုသော စာအုပ်၌ နိုင်ငံသူ နိုင်ငံသားတို့ သိသင့်သိအပ်သည့်ငြိမ်းချမ်းရေးဆိုင်ရာ သတင်းအချက်အလက်များကို ရေးသားထားတာ ဖြစ်ပါတယ်။

"တိုင်းပြည် မငြိမ်းချမ်းသောကြောင့် နိုင်ငံရေး မတည်ငြိမ်ဖြစ်ရသည်။ ပြည်တွင်းစစ်ဖြစ်ရသည်။ ပြည်တွင်းစစ်နှင့် နိုင်ငံရေး မတည်ငြိမ်မှုကြောင့် စစ်စရိတ်ကြီးလေး၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ကျဆင်းရသည်။ စီးပွားရေး မဖွံ့ဖြိုးသဖြင့် နိုင်ငံဆင်းရဲမွဲတေရသည်။ နိုင်ငံရေးဆင်းရဲသဖြင့် ပညာရေးနှင့် ကျန်းမာရေး အဆင့်အတန်း နိမ့်ကျရသည်။ ဂျာအေးကို သူ့အမေရိုက်သည့်ကိန်းဖြစ်နေသည်။ ထို့ကြောင့် တိုင်းပြည်၏ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးဘယ် အခြေဆိုနေသည်ဆိုခြင်းကို နိုင်ငံသားတိုင်း လေ့လာဖို့လိုသည်။"

မည်သည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲ၊ ညီလာခံတွင် မည်သူတို့ ပါဝင်သည်၊ မည်သို့သဘောထားရှိကြသည်။ မည်သို့ သဘောတူညီချက်များ ချမှတ်ခဲ့သည်။ သဘောတူညီချက်ကို မည်သူတို့ က လိုက်နာ၍ မည်သူတို့က ချိုးဖောက်ကြသည်။ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးစာချုပ် (NCA) တွင် မည်သူတို့ပါသည်။ မည်သူတို့က မည်သည့်အတွက် NCA တွင်မပါဝင်သေးအစရှိသော ငြိမ်းချမ်းရေးဆိုင်ရာ အခြေခံအချက်အလက်တို့ကို ဤစာအုပ်တွင် သမိုင်းနောက်ခံနှင့် တကွ ဖော်ပြထားသဖြင့် ငြိမ်းချမ်းရေး ခြေရာခံရာ၌ အထိုက်အလျောက် အထောက်အကူပြုပေးမယ့် စာအုပ်ကောင်းလေး တစ်အုပ်ပဲ ဖြစ်ပါတယ်။

ကမ္ဘောဇတိုင်းကာတွန်း Kanbawza Tai Cartoon




ကမ္ဘောဇတိုင်းကာတွန်း Kanbawza Tai Cartoon



ကမ္ဘောဇတိုင်းကာတွန်း Kanbawza Tai Cartoon




ကမ္ဘောဇတိုင်းကာတွန်း Kanbawza Tai Cartoon



➢ စာမျက်နှာ(၁၂) ရှမ်းပြည်နယ်လွှတ်တော် မှ အဆက်

ခဲ့သည်။

ကျိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါက်တာဝဏ္ဏစိုး၏ "ကျိုင်းတုံမြို့နယ်၊ အမှတ်(၃)ရပ်ကွက်ရှိ နောင်ခမ်းကန်ပတ်လမ်း ကွန်ကရစ်ခင်းခြင်းအား ရှမ်းပြည်နယ်အစိုးရ အဖွဲ့၏ သီးခြားရန်ပုံငွေဖြင့် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ"မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်နယ်စည်ပင်သာယာရေး ဝန်ကြီး ဦးစိုင်းစွံဆိုင်းမှ "၎င်း၏ခန့်မှန်းကုန်ကျငွေကျပ် သန်း ပေါင်း(၆၁)သန်း ကုန်ကျမည် ဖြစ်သဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် လျာထား တင်ပြပြီး ဘဏ္ဍာငွေ ရရှိမှု အပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း" ပြန်လည်ဖြေကြားခဲ့သည်။

ကျိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါက်တာဝဏ္ဏစိုး၏ "ကျိုင်းတုံမြို့နယ်၊ နမ့်နီ/ နမ့်လုံကျေးရွာအုပ်စုနှင့် ကျိုင်းတုံ- တာချီလိတ်သွား လမ်းမကြီးအထိ ဆက်သွယ်ထားသော ကျေးရွာချင်းဆက် မြေသားလမ်း ၈ မိုင်အား ကျောက်ချောလမ်းခင်းပေးရန်နှင့် (၁၆၀ x ၁၅)ပေ ချောင်းကူးသစ်သား တံတား(၁)စင်းအား (RC)ကွန်ကရစ်တံတားအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ"မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးလှဦးမှ "၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုရန်ပုံငွေတွင် တင်ပြထားပြီး ဖြစ်ကြောင်းနှင့် ရန်ပုံငွေရရှိပါက အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း"ပြန်လည်ဖြေကြားခဲ့သည်။

မိုင်းဖြတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအားကို၏ "ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ကတိကဝတ်ပြုခဲ့သော စီမံကိန်းလုပ်ငန်းများကို ကုစားပေးရန်နှင့် လွှတ်တော်မေးခွန်းဖြင့် ကတိပြုခဲ့သော စီမံကိန်းလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိ"မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်နယ်လမ်းပန်း ဆက်သွယ်ရေးဝန်ကြီး ဦးခွန်ရဲထွေးမှ "၂၀၁၉-၂၀ ဘဏ္ဍာရေးနှစ်တွင် တင်ပြ တောင်းခံခဲ့သော်လည်း ခွဲဝေမှု မရရှိခဲ့ပါကြောင်း၊ လတ်တလောတွင် ချောင်းနှင့် ပတ်သက်၍ ပြုပြင်ထိန်းသိမ်းမှုများ လုပ်ပေးထားပါကြောင်းနှင့် ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစိုင်းလုံကျော်မှလည်း "၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ၁၆၇.၁၆၉ ကျပ်သန်းအား ကုန်ကျမည်ဖြစ်သဖြင့် နေပြည်တော်သို့ တင်ပြတောင်းခံသွားမည်ဖြစ်ကြောင်း "စသည်ဖြင့် ပြန်လည်ဖြေကြားခဲ့သည်။

ကွန်ဟိန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းအောင်ကျော်ဦး၏ "ကွန်ဟိန်းမြို့နယ်အတွင်း အခြေခံပညာ ဦးစီးဌာန လက်အောက်ရှိ အမည်ပေါက်နှင့် တည်နေရာ ကွဲလွဲမှု ဖြစ်နေသည့် ကျောင်းများအတွက် စီမံဆောင်ရွက်ထားရှိမှု"မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းမှ "နေပြည်တော် အခြေခံပညာဦးစီးဌာနသို့ တင်ပြထားပြီး နေပြည်တော်မှ ခွင့်ပြုမှသာ ဆက်လက်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း "ပြန်လည်ဖြေကြားခဲ့သည်။

တပ်မတော်သား ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး လှိုင်းထွန်းအောင်၏ " ကျိုင်းတုံ -တောင်ကြီးလမ်းမှ နောင်ကုန်-မိုင်းလန်း- ကမ္မာအေး ဘုရားသွား ကတ္တရာလမ်းအား ပြန်လည်ပြုပြင်နိုင်ရေး မည်သို့စီမံဆောင်ရွက်ပေးမည်"မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးခွန်ရဲထွေးမှ "၂၀၁၉-၂၀၂၀ ပြည့်နှစ်တွင် ကုန်ကျငွေ(၂၂.၈၉) သန်းအား တွက်ချက်၍ ပြည်ထောင်စု ပြင်ထိန်းရန်ပုံငွေတွင် ထည့်သွင်း လျာထား တင်ပြထားပြီးဖြစ်ကြောင်းနှင့် ရန်ပုံငွေ ရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း " ပြန်လည်ဖြေကြားခဲ့သည်။

မဘိမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးမောင်ညို၏ "မဘိမ်းမြို့နယ်၊ ကုန်းမခံအုပ်စုအတွင်းရှိ ကုန်းမခံကန် ရေသွယ်မြောင်း ပြန်လည်တူးဖော်ပေးရန်၊ ကန်အတွင်း အနယ်များဆယ်ပေးရန်နှင့် ရေထုတ်ပြွန်ပြင်ဆင်ပေးရန် အစီအစဉ် ရှိ/မရှိ" မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစိုင်းလုံကျော်မှ "မဘိမ်းမြို့နယ် စီမံကိန်းရေးဆွဲရေး ဦးစီးဌာနမှ မြို့နယ်လိုအပ်ချက်အလိုက် ဦးစားပေးတင်ပြလာပါက ဘဏ္ဍာနှစ်အလိုက် ထည့်သွင်းလျာထားတင်ပြပေးသွားမည် ဖြစ်ကြောင်း" ဖြေကြားခဲ့သည်။

မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းလှဝင်း၏ "မိုင်းပျဉ်းမြို့နယ်၊ ပန်ပိုင်ကျေးရွာအုပ်စု၊ ဝမ်ကောင်း (၁) ကျေးရွာ အ.မ.ကရှိ ကျောင်းဆောင်ဟောင်းအား ကျောင်းဆောင်သစ်ခွင့်ပြု ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/ မရှိ"မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းမှ "၆၀× ၃၀ ပေ စတီးဆောက်ချ တစ်ဆောင်အား၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်း လျာထားပြီး ဖြစ်ကြောင်း " ဖြေကြားခဲ့သည်။

ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)ဦးစိုင်းထွန်းဉာဏ်၏ "ယခင်အစိုးရကာလ မြို့နယ်စည်ပင်သာယာရေးဌာနများမှ စည်ပင်သာယာရေးဘဏ်တွင် မြို့နယ်အလိုက် ထည့်ဝင်ငွေများ"မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်နယ်စည်ပင်သာယာရေး ဝန်ကြီး ဦးစိုင်းစွံဆိုင်းမှ ယခင်စည်ပင်သာယာရေးဘဏ်သည် ယခုအခါ ကျေးလက်ဖွံ့ဖြိုးရေးဘဏ် ဖြစ်နေကြောင်းနှင့် နေပြည်တော်တွင် ထားရှိပြီး ပူးတွဲပါဇယား (က/ခ/ဂ)ဖြင့် အစည်းအဝေးမှတ်တမ်း စာအုပ်တွင် ထည့်သွင်းတင်ပြမည်ဖြစ်ကြောင်း" ပြန်လည်ဖြေကြားခဲ့သည်။

ပင်းတယမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးညီညီ(ခ) ဦးညီလေးချမ်း၏ "ရှမ်းပြည်နယ်တွင် လေယာဉ်ကွင်း (လေ

လုပ်ပေးရေး"မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းမှ " ၂၀၂၀-၂၀၂၁ ခုနှစ်တွင် ပြည်နယ် ရန်ပုံငွေတွင်လျာထားပြီး ဖြစ်ကြောင်း"ပြန်လည်ဖြေကြားခဲ့သည်။

နမ့်ဆန်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးအောင်ထွဏ်း၏ "နမ့်ဆန်မြို့ရှိ မြို့နယ်ရဲတပ်ဖွဲ့စခန်းရုံး အဆောက်အအုံအား အသစ်ပြန်လည် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ" မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးလှဦးမှ " ၂၀၂၀-၂၀၂၁ ခုနှစ်တွင် လုပ်ထုံး လုပ်နည်းနှင့်အညီ ဖျက်သိမ်း၍ အသစ် တည်ဆောက်ရန် ပြည်ထဲရေးဝန်ကြီးဌာန တင်ပြဆောင်ရွက် ပေးသွားမည် ဖြစ်ကြောင်း" ပြန်လည်ဖြေကြားခဲ့သည်။

ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးသန်းထိုက်၏ "ရှမ်းပြည်နယ်စာရင်းစစ်ချုပ်ရုံး၏ ၂၀၁၈ ခုနှစ်အတွင်း ဌာန/ အဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်ချက် အစီရင်ခံစာ အပိုဒ်(၄၃)အရ ပေးသွင်းရန် ကျန်ရှိသည့် ဓာတ်အားအသုံးပြုခများနှင့် ပတ်သက်၍ မည်ကဲ့သို့ဆောင်ရွက်ထားသည်" မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်နယ်လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီး ဦးစိုင်းရဲန်တစ်လုံမှ "၁၇.၁.၂၀၂၀ ရက်နေ့တွင် နဂါး ဘိလပ်မြေစက်ရုံမှ ၁၄၂၉၉၄၈ ကျပ်သန်း ရရှိခဲ့ပြီး ပင်းပက်စီမံကိန်းမှ ၅၈.၃၄၄ သန်းအား မရရှိသေးပါကြောင်းနှင့် ၇.၁၂ .၂၀၂၀ ရက်နေ့တွင် ပေးဆောင်ရန် ညွှန်ကြားထားပြီး ဖြစ်ကြောင်း" ပြန်လည်ဖြေကြားခဲ့သည်။



ဆိပ်)နှင့် ပုဂ္ဂလိကပိုင်/ကုမ္ပဏီပိုင် လေယာဉ်မည်မျှရှိပြီး လေယာဉ်ကွင်း အသုံးပြုခရရှိမှု"မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်နယ် လမ်းပန်း ဆက်သွယ်ရေးဝန်ကြီး ဦးခွန်ရဲထွေးမှ "ရှမ်းပြည်နယ်တွင် လေဆိပ်(ဟဲဟိုး၊ လားရှိုး၊ ကျိုင်းတုံ၊ တာချီလိတ်၊ မိုင်းဆတ်) (၅)ခုသာရှိပြီး နှစ်စဉ်(၇၅၁.၉၇၂)သန်း အခွန်ရရှိပြီး ၎င်းအခွန်များအား လေကြောင်း ပို့ဆောင်ရေး ညွှန်ကြားမှု ဦးစီးဌာန (DCA)မှ ပြည်ထောင်စုဘဏ္ဍာသို့ ပေးသွင်းဆောင်ရွက်လျက်ရှိပါကြောင်း " ပြန်လည်ဖြေကြားခဲ့သည်။

တပ်မတော်သား ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဗိုလ်မှူးပြည့်ဖြိုးအောင်၏ "မိုင်းတုံမြို့နယ်၊ နမ့်ဟူးခွန် ကျေးရွာရှိ ဒေသခံပြည်သူများ သောက်သုံးရေ ရရှိရေးအတွက် (၂) လက်မ ရေပိုက် (၁၃)ပေ (၂၄၃၇)ချောင်းနှင့် ရေသိုလှောင်ကန် (၂၀ x ၁၅ x ၇)ပေ (၁)လုံးအား ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ"မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစိုင်းလုံကျော်မှ" ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းလျာထားပြီးဖြစ်ကြောင်းနှင့် ရန်ပုံငွေ ရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း " ပြန်လည်ဖြေကြားခဲ့သည်။

မိုင်းကိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းပန်၏ "မိုင်းကိုင်မြို့နယ်တွင် ဘောလုံးပွဲကြည့်စင် (၃၀x၁၀၀) ပေနှင့် အားကစားလေ့ကျင့်ရေးရုံ (၁၀၀x၁၅၀)ပေတို့အား ဆောက်

လားရှိုးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်သူ၏ "လားရှိုးမြို့ဘူတာလမ်းတစ်လျှောက် ယာဉ်မတော်တဆမှု ဖြစ်ပွားတတ်သည့် ပါရမီလမ်းဆုံနေရာတွင် အချက်ပြမီးပွိုင့်များ တပ်ဆင်ပေးရန် အစီအစဉ် ရှိ/မရှိ"မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးလှဦးမှ "လမ်းပြုပြင်ရန်အတွက် ခရိုင်စီမံကိန်း ရေးဆွဲရေးနှင့် သက်ဆိုင်ရာဌာနများမှ ကွင်းဆင်းစစ်ဆေးပြီး တင်ပြလာပါက အနီးစပ်ဆုံးဘဏ္ဍာနှစ်တွင် ထည့်သွင်းလျာထား ဆောင်ရွက်ပေးသွား မည်ဖြစ်ကြောင်း" ပြန်လည်ဖြေကြားခဲ့သည်။

လားရှိုးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ " လားရှိုးမြို့၊ မြို့ရှောင်လမ်း၌ ယာဉ်မတော်တဆမှု အများဆုံးဖြစ်ပွား တတ်သည့် နေရာများတွင် လမ်းညွှန်ရောင်ပြန် အမှတ်အသားများ၊ အရှိန်ထိန်းအတားအဆီးများ၊ လမ်းဘေး ဝဲ/ယာ အတားအဆီးများ ပြုလုပ်ပေးရန် အစီအစဉ်ရှိ/ မရှိ" မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်နယ်လမ်းပန်း ဆက်သွယ်ရေးဝန်ကြီး ဦးခွန်ရဲထွေးမှ "လမ်းညွှန်အမှတ်အသားများအား ပြန်လည်ဖြည့်ဆည်းဆောင်ရွက်ရန်စီစဉ် ဆောင်ရွက်လျက်ရှိပါကြောင်း" ပြန်လည်ဖြေကြားခဲ့သည်။

ဖယ်ခုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်မေရီနို့၏ "ဖယ်ခုံမြို့နယ်ရှိ အမက(၁၃) မိုးဗြဲ၊ အမက-တောင်တန်းနှင့်

စာမျက်နှာ (၁၇) သို့ ➢ ➢ ➢

VOLUME.6, ISSUE 9 THURSDAY, FEBRUARY 27, 2020
ကမ္ဘောဇတိုင်း

# အနီးဆုံးမှ ကျေးဇူး ပြုနေသူများ



□ ကျော်လင်းထွန်း (ရှောင်းဦး)

"တန်းတူတွေ့လျှင်၊ မေတ္တာဝင်
မဝင်နိုင်က၊ ပြိုင်တတ်တယ်။
ပြိုင်မည့်အစား၊ မေတ္တာပွား
စိတ်ထားပြုပြင် ပြောင်းပါ့မယ်။" စပြီး ရေးစပ်ထားသော ဗြဟ္မစိုရ်တရားနှင့်အညီ နေထိုင်ရေး ကဗျာကို စာဖတ်သူအချို့ ကြားဖူးကြမည် ထင်ပါသည်။ ပဌာန်းဆရာတော် ဦးဝိသုဒ္ဓ ရေးစပ်တော်မူခဲ့သော ကဗျာ (သို့မဟုတ်) တရားလမ်းညွှန်စာစု ဖြစ်ပါသည်။

အသက်အရွယ်ပိုင်းအားဖြင့် လည်းကောင်း၊ စီးပွားရေးတို့ ပညာရေးတို့ ရာထူးပိုင်းမှာသော်လည်းကောင်း ကိုယ်နှင့် တန်းတူဖြစ်နေသူ အချင်းချင်း မေတ္တာထားကြရန်နှင့် မေတ္တာမထားကြလျှင် ပြိုင်စိတ်များ ဝင်လာပြီး အချင်းချင်းလောဘ၊ ဒေါသ စိတ်များဝင်ကာ အကုသိုလ်ဖြစ်လာနိုင်ကြောင်းလမ်းညွှန်းဆုံးမထားသော ကဗျာစာသား၊ တရားစာစုပင် ဖြစ်သည်။ ထိုနည်းတူစွာ ကိုယ့်ထက်နိမ့်ကျသူတွေ့လျှင် ဂရုဏာတရား ထားကြရန်နှင့် ဂရုဏာတရား မထားနိုင်ပါက နိုင်ချင်စိတ်များ၊ အနိုင်ယူလိုသော စိတ်များထားမိတတ်ပြီး အကုသိုလ်စိတ် ဖြစ်လာနိုင်ကြောင်း လမ်းညွှန်ထားပါသည်။

ကိုယ့်ထက် မြင့်သောသူ၊ ရာထူးကြီးသူ၊ စီးပွားဥစ္စာ ပြည့်စုံသူတွေ့ပါက မုဒိတာ ပွားရမည့်အကြောင်း၊ မုဒိတာစိတ် မထားနိုင်ပါက မနာလိုစိတ်တိုစိတ် ဣဿာ။ မစ္ဆရိယများကြောင့် အကုသိုလ်ဖြစ်ရကြောင်း ဆုံးမလမ်းညွှန်ထားပါသည်။ စတုတ္ထအပိုဒ်၌မူ လူမိုက်တို့ အသိဉာဏ် နည်းသူတို့နှင့် တွေ့ပါက ဥပေက္ခာ ပြုထားကြရန်နှင့် သူတို့နှင့် ယှဉ်၍ တုဖက်ပြိုင်ခြင်း မပြုလုပ်ရန် လမ်းညွှန်ထားပါသည်။ နောက်ဆုံးအပိုဒ်အနေဖြင့်

"စိတ်ကိုလည်းပြင်၊ ရုပ်လည်းပြင်
ပြင်ဆင်တိုင်းရ၊ ပြုတိုင်းလှ
သုခနိဗ္ဗာန်တိုင်လိမ့်မယ်" ဟု ဆုံးမရင်း နိဂုံးချုပ်ထားပါသည်။

လူအများစုသည် စိတ်ကို ပြုပြင်ရပါမည်။ သို့သော် ထိုသူအများစုသည် စိတ်ကို ပြုပြင်ရကောင်းမှန်း မသိကြပါ။ စိတ်ကို အလိုလိုက်နေကြရင်းနှင့်ပင် လောဘ၊ ဒေါသ၊ မောဟများနှင့် အချိန်ကုန်နေကြကာ ကိုယ်ကျိုးအတွက်ကို ရှေ့တန်းတင်နေကြသည်။ ကိုယ်ကျိုးစွန့် ပရဟိတကို မျက်ကွယ်ပြုနေကြရင်း ဘဝနှင့် အချိန်တန်ဖိုး မဲ့နေသူက များပါသည်။

လူတို့သည်အခက်အခဲ၊ဒုက္ခနှင့်ရင်ဆိုင်တွေ့ကြုံကြရသော အခါမှသာ မိမိအပေါ် ကျေးဇူးပြုဖူးသူ၊ မိမိကို ကျေးဇူးပြုမည့်သူကို ရှာဖွေတတ်ကြသည်။ တကယ်တော့ မိမိကို ကျေးဇူးပြုပေးမည့်သူ၊ ကျေးဇူးပြုခဲ့သူများမှာ ဝေးဝေးလံလံ ရှာနေစရာ မလိုပါ။ ပထမဦးစွာ သိထားရမည့် ကျေးဇူးပြုသူမှာ မိမိ၏ ကုသိုလ်စိတ် (စိတ်ကောင်းစိတ်မြတ်) သာလျှင် ဖြစ်သည်။ ဒုတိယကျေးဇူးပြုသည့် သူများမှ မိဘနှစ်ပါး။ ထို့နောက် တတိယကျေးဇူးပြုသူများမှာ ဆရာ၊ ဆရာမများ၊ ဤတွင် သတိပြုရမည်မှာ သင်ဆရာသာလျှင် မကဘဲ မြင်ဆရာ၊ ကြားဆရာများကိုပင် မြင်အောင် ကြည့်တတ်ရန်မှာ အရေးကြီးပါသည်။ ထို့နောက်အဓိက ကျေးဇူးပြုသူမှာ မိတ်ဆွေ၏ အကျိုးစီးပွားကိုသာ ရှေ့တန်းတင်ပေးရာကြသော ကိုယ်ကျိုးစွန့် အနစ်နာခံ ဆောင်ကြဉ်းပေးကြသည့် မိတ်ကောင်းဆွေကောင်းများပင်တည်း။ နောက်ဆုံး ကျေးဇူးပြုနေကြသူများမှာ မိမိအား ဘဝတန်ဖိုး၊ အချိန်တန်ဖိုး အကျိုးရှိစေသော စာကောင်းပေမွန်၊ စာအုပ်စာပေနှင့် ဗဟုသုတများပင် ဖြစ်သည်။

အနီးကပ်ဆုံး ကျေးဇူးပြုနေသူမှာ မိမိ၏ စိတ်ကောင်းစိတ်မြတ် (မေတ္တာစိတ်)ပင် ဖြစ်သည်။

"တစ်နေ့သုံးခါ၊ အိုးတစ်ရာဖြင့်
ချက်ကာထမင်း၊ ပေးလှူခြင်းထက်
မယှင်းစင်စစ်၊ နို့တစ်ညှစ်စာ
မေတ္တာပွားများ၊ ကျိုးကြီးမားသည်
ဘုရားမြတ်စွာ၊ မိန့်ခွန်းတည်း။" ဆိုသည်နှင့်အညီ လူမြင်ကောင်းရုံ၊ လူကြားကောင်းရုံ လှူနေတန်းနေခြင်းထက် မေတ္တာအရင်းခံ စိတ်ထားမှန်ရန်က ပို၍ အရေးကြီးပါသည်။ ဂုဏ်တုဂုဏ်ပြိုင်စိတ်နှင့် လှူဒါန်းခြင်း၊ နာမည်ကြီးချင်စိတ်နှင့် လှူဒါန်းခြင်းမှ ကုသိုလ်ထက် အကုသိုလ်ဘက်သို့ ပို၍ ယိမ်းယိုင်သွားနိုင်ပါသည်။ မိမိက ကုသိုလ်ရရှိရေး လိုလို၊ နာမည်ကောင်း ရရေးလိုလို စိတ်နှင့် လှူဒါန်းသောအခါ အကျေးအမွေး ကိစ္စအတွက် တစ်ပါးသော တိရစ္ဆာန်တို့၏ အသက်ကို ထည့်တွက်ရန်လည်း လိုပါသည်။ အလှူအတန်းကို အပြစ်ဖွဲ့ ရေးသားနေခြင်း မဟုတ်ပါ။ မိရိုးဖလာ မျက်ကန်းလှူဒါန်းနေခြင်းထက် အဆင့်မြင့်သော လူမှုရေးနှင့် ဘာသာရေး အသိရှိစေလို၍ မီးမောင်းထိုးပြသည့် သဘော ရေးသားရခြင်း ဖြစ်ပါသည်။

ဒါနကို ကန့်ကွက်ခြင်း မဟုတ်ပါ။ အဓိပ္ပါယ်ရှိသော ဒါန၊ တန်ဖိုးပြည့်ဝသော ဒါန၊ မေတ္တာစိတ် ထုံမွှမ်းစေလိုသော ဒါနမျိုး ဖြစ်စေချင်၍ ရေးသားရခြင်းပင် ဖြစ်သည်။ ဒါနတွင်သာမကပါ။ မည်သည့်လုပ်ငန်း လုပ်ကိုင်သည်ဖြစ်စေ မေတ္တာစေတနာ အရင်းခံ ဖြစ်ပါသည်။

မိမိကို အနီးကပ် ကျေးဇူးပြုနေသည့် စိတ်ကောင်းစိတ်မြတ်သည် မိမိကိုယ်တိုင် ဆောက်တည်ကျင့်သုံးရမည် ဖြစ်သည်။ အခြား မည်သူကမျှ ပြုလုပ်ပေး၊ ဖန်တီးပေး၍ မရပါ။ သို့သော် မိမိဖတ်ရှု လေ့လာနေသော စာကောင်းပေမွန်နှင့် မိမိနှင့် ထိတွေ့ ဆက်ဆံနေသော မိတ်ကောင်းဆွေမွန်များက ပြုလုပ်ဖန်တီးချင်စိတ် မွေးပေးနိုင်စွမ်းပါ၏။ ထို့ကြောင့် စာကောင်းပေမွန် ဖတ်ရှုလေ့လာရန်နှင့် မိတ်ကောင်းဆွေမွန် ပေါင်းသင်းရန်ဖြင့် လိုအပ်လှပါသည်။ စိတ်ကောင်းစိတ်မြတ်၏ မူလအရင်းခံဖြစ်သော မေတ္တာနှင့် စေတနာကို အဓိက အားပြုရန် လိုအပ်လှပါသည်။

မည်သည့်အလုပ်ကိစ္စတွင်မဆို စေတနာ ၃ တန် ရှိပါသည်။ "ပုဗ္ဗ၊ မုဉ္စ၊ ပရ စေတနာ" ဖြစ်သည်။

မဆောင်ရွက်မီ ရှေးဦးဖြစ်ပေါ်နေသော စိတ်စေတနာမှာ ပုဗ္ဗစေတနာ ဖြစ်သည်။

ဆောင်ရွက်နေဆဲ ဖြစ်ပေါ်နေသော စိတ်စေတနာမှာ မုဉ္စစေတနာ ဖြစ်ပါသည်။

ဆောင်ရွက်ပြီးစီးပြီးနောက် ဖြစ်ပေါ်သော စိတ်စေတနာ ပရစေတနာ ဖြစ်ပါ၏။

မည်သည့်အလုပ်ကိစ္စပင် ဖြစ်ပါစေ မပြုလုပ်မီ စိတ်ကောင်းစိတ်မြတ်နှင့် မေတ္တာထား၍ ပြုလုပ်ဆောင်ရွက်ပါက ပုဗ္ဗစေတနာကောင်း၍ ကုသိုလ်ရရှိပါလိမ့်မည်။ ထို့နောက် ပြုလုပ်ဆောင်ရွက်နေစဉ်နှင့် ဆောင်ရွက်ပြီး စိတ်စေတနာကောင်းနှင့် မေတ္တာပါခဲ့ပါမူ မုဉ္စစေတနာ၊ ပရစေတနာများပါ ဖြစ်ပေါ်နေ၍ ကုသိုလ်ထူး၊ အကျိုးမြတ် ရရှိပြီး တန်ဖိုးကြီးမားသော အလုပ်၊ အဓိပ္ပါယ်ပြည့်ဝသော အလုပ်၊ ပတ်ဝန်းကျင်အပေါ် အနှောင့်အယှက် မပြုသော ကောင်းကျိုးချမ်းသာ ပြည့်ဝသည့် အလုပ် ဖြစ်ပါလိမ့်မည်။

"Love is a mirror!"

"Character is lost, everything is lost"

"Love can make or break a life" စသည်တို့မှာ လွန်စွာအသုံးဝင်လှသော၊ လူ့ဘောင်လောကကို သင်ခန်းစာကောင်းများ ပေးနေသော စကားပုံ၊ ဆိုရိုးစကား (Proverbs, Sayings) များပင် ဖြစ်သည်။

"သင်ပြုသည့်ကံ၊ ပဲ့တင်သံ၊ သင့်ထံ ပြန်လာမည်" ဆိုသည်မှာ မေတ္တာ၊ စေတနာကို သက်သေပြု ဖော်ညွှန်းနေခြင်း ဖြစ်သည်။ မိမိက စေတနာ မမှန်၊ မေတ္တာမထားဘဲ လုပ်ကိုင်ဆောင်ရွက်လျှင် မိမိ၏ ဘဝနှင့် နောင်သံသရာတွင် မကောင်းမှု၏ ဒဏ်ဆိုးကျိုးများကို မိမိသာလျှင် ခံရပေလိမ့်မည်။

"ဘဝ"ဟူသည်မှာတိုတောင်းလှပါသည်။ နေ့မြင်ညပျောက်ဖြစ်ပါသည်။ မနက်ဖြန်ဟူသည်မှာ မသေချာပါ။ နေ့စဉ်ခဏ၊ နေ့စဉ်ဘဝကို တန်ဖိုးရှိစေရန် အထူးဂရုပြုစေချင်ပါသည်။ အစားထိုးမရသော မိဘနှစ်ပါးကို နေ့စဉ်ခဏ ပြုစုလုပ်ကျွေး၊ ကျေးဇူးဆပ်ကြရန်နှင့် စိတ်ဆင်းရဲမှု မပြုလုပ်မိကြရန် အရေးကြီးလှပါသည်။ မိဘနှစ်ပါးရှိစဉ် မိမိစိတ်လိုက်မာန်ပါ ပြုလုပ်နေကြပြီး၊ မိဘနှစ်ပါး လွန်သောအခါမှ ငိုကြီးချက်မနင့်၊ လူကြားကောင်း ငိုကြွေးပူဆွေး နောင်တရရုံ လုပ်ဆောင်နေကြခြင်းမှာ မိမိနှင့် ဝန်းကျင်လောက လုံးဝ အကျိုးမရှိသော လုပ်ရပ်မျှသာ ဖြစ်သည်။

မိမိဘဝတွင် မိမိကို အနီးဆုံးမှ အကျိုးပြုနေသော ကျေးဇူးရှင်များတွင် မြင်ဆရာ၊ ကြားဆရာနှင့် အတွေ့အကြုံ အခက်အခဲများပင် ဖြစ်သည်။ ထို့ကြောင့်ပင်

"Experience is the best teacher" ဟု ဆိုစမှတ် ပြုခဲ့ကြသည်။ မှန်ပေသည်။ မြန်မာဆိုရိုးစကား တစ်ခုရှိသည်။ "အလုပ်က သင်သွားလိမ့်မည်။" ဟူ၍ ဖြစ်ပါသည်။ ရုန်းရင်းကန်ရင်း ဖြေရှင်းရင်းနှင့်ပင် မိမိမတတ်သေးသော ဘဝဖြေရှင်းနည်း၊ လောကဓံ ရင်ဆိုင်နည်းနှင့် လောကကို အန်တုနည်းများ တတ်မြောက်လာကြသည်။

မိမိကို အနီးဆုံးမှ ကျေးဇူးပြုနေသူ နောက်တစ်မျိုးမှာ မိတ်ကောင်းဆွေမွန် ဖြစ်ပါသည်။

စာမျက်နှာ (၁၇) သို့ ➢ ➢ ➢

## ➢ စာမျက်နှာ(၁၅) ကျေးလက်ဌာန မှ အဆက်

ကုန်းကြမ်း

၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်ဖြင့် ဆောင်ရွက်မည့် ရှင်ဖျင်ကိုင်းကျေးရွာအုပ်စုရှိ ရေပေးရေးကျေးရွာ(၂)ရွာ လုပ်ငန်းဆောင်ရွက်နေမှုအား ဖေဖော်ဝါရီလ ၁၁ ရက်နေ့တွင်မြို့နယ်ဦးစီးမှူးနှင့် အဖွဲ့မှ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

လားရှိုး

၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်သည့် နားကွမ်းလုံအုပ်စု၊ နောင်လိုင် ကျေးရွာစက်ရေတွင်း တူးဖော်နေမှုအား ဖေဖော်ဝါရီလ ၁၀ ရက်နေ့တွင် ပြည်နယ်ရုံးခွဲဦးစီးမှူး၊ ခရိုင်ဦးစီးမှူး မြို့နယ်ဦးစီးမှူးနှင့် အဖွဲ့မှ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

လားရှိုး

နွေရာသီ ရေရှားပါးပြတ်လတ်မှု မရှိစေရေးအတွက် မယ်ဟန်အုပ်စု၊မယ်ဟန်ကျေးရွာရှိ ရပ်ကွက်(၄)နှင့်ရပ်ကွက်(၅)များသို့ ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင် မြို့နယ်ဦးစီးမှူးနှင့် အဖွဲ့မှ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

သိန္နီ

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်ဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း စတင်ဆောင်ရွက်ခဲ့သည့် မောက်စလီကျေးရွာသို့ အရင်း/အတိုးပြန်လည်ပေးဆပ်မှုနှင့် စာရင်းဇယား ထိန်းသိမ်း ထားရှိမှုတို့အား ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင် မြို့နယ်ဦးစီးမှူးနှင့် အဖွဲ့မှ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

တန့်ယန်း

၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်ဖြင့် လုံကြိမ်နှင့် နောင်ပစ်ကျေးရွာများသို့ အိမ်တိုင်ရာရောက် ရေရရှိရေး ဆောင်ရွက်နေမှုအား ဖေဖော်ဝါရီလ ၁၀ ရက်နေ့တွင် မြို့နယ်ဦးစီးမှူးနှင့် အဖွဲ့မှ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

မိုင်းရယ်

၂၀၁၅- ၂၀၁၆ ဘဏ္ဍာရေးနှစ်ဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း စတင်ဆောင်ရွက်ခဲ့သည့် နောင်မိုအုပ်စု၊ ဖဖာကျေးရွာသို့ စီမံကိန်းရန်ပုံငွေ စတုတ္ထအကြိမ်ပြန်လည် ထုတ်ချေးမှုအား ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင် မြို့နယ်ဦးစီးမှူးနှင့် အဖွဲ့မှ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ညောင်ရွှေ

၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်ဖြင့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (VDP) ဆောင်ရွက်မည့် ပုန့်မူအုပ်စု၊ ပေါ်များကျေးရွာနှင့် ကုန်းအောက် ကျေးရွာတို့တွင် ကော်မတီဖွဲ့စည်းခြင်းနှင့် စီမံချက်လုပ်ငန်းများ ရေးဆွဲခြင်းအား ဖေဖော်ဝါရီလ ၁၈ ရက်နေ့တွင် မြို့နယ်ဦးစီးမှူးနှင့် အဖွဲ့၊ ကျေးရွာသူ/သားများ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်းသိရသည်။

ကလော

၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် City Friend (ABN) ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်နေသည့် ဂါလံ (၅၀၀၀)ဆံ့ အုတ်ရေကန်နှင့် ရေတွင်းရေပိုက် လိုင်း (၄၆၀၀)ပေ တူးဖော်ခြင်းလုပ်ငန်းအား ဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင်မြို့နယ်ဦးစီးမှူးနှင့်အဖွဲ့မှ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ရွာငံ

၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ် ပြည်နယ်မွမ်းမံရန်ပုံငွေဖြင့် ဌာနမှ ဆောင်ရွက်သော ညောင်အိုင်အုပ်စု၊ ပိန္နဲကုန်းကျေးရွာ ရေစုကန် တည်ဆောက်နေမှုအား ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင် မြို့နယ်ဦးစီးမှူးနှင့် အဖွဲ့မှ ကွင်းဆင်းစစ်ဆေးခဲ့ပြီး သတ်မှတ် ကာလအတွင်း ပြီးစီးရေး မှာကြားခဲ့ကြောင်း သိရသည်။

မိုင်းယန်း

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်ဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းစတင် ဆောင်ရွက်ခဲ့သည့် အားခေဟွေနားကျေးရွာသို့ စီမံကိန်းဖြင့် လုပ်ငန်းဆောင်ရွက်နေမှုနှင့် စာရင်းဇယားထိန်းသိမ်းထားရှိမှုတို့အား ဖေဖော်ဝါရီလ ၁၈ ရက်နေ့တွင် မြို့နယ်ဦးစီးမှူးနှင့် အဖွဲ့မှ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

တာချီလိတ်

၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် Luxembourg အဖွဲ့နှင့်ပူးပေါင်း ဆောင်ရွက်မည့် ပါဆန်း၊ မယ်ပိန်၊ ဟွေဆာနှင့် ကျကူမီးကျေးရွာများသို့ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဖေဖော်ဝါရီလ ၁၉ ရက်နေ့တွင် မြို့နယ်ဦးစီးမှူးနှင့် အဖွဲ့မှ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မိုင်းယောင်း

၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်ဖြင့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (VDP) ဆောင်ရွက်မည့်ဝမ်ကုန်၊ ဝမ်တောင်း၊ ဝမ်ဒန်၊ ယန်းကုန်းနှင့် ဝမ်မန်းကျေးရွာများသို့ ဦးစားပေး စီမံချက်ရေးဆွဲနေမှု အခြေအနေအား ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင် မြို့နယ် ဦးစီးမှူးနှင့်အဖွဲ့မှ ကွင်းဆင်း ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မိုင်းပျဉ်း

၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်ဖြင့် ယန်းခမ်းအုပ်စု၊ နားယန်းကျေးရွာ စိမ့်စမ်းရေသွယ်လုပ်ငန်း(၂/၀)မိုင် ဆောင်ရွက်နေမှုအား ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင် မြို့နယ် ဦးစီးမှူးနှင့် အဖွဲ့မှ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

မိုင်းခတ်

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်ဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း စတင်ဆောင်ရွက်ခဲ့သည့် ပန်နော်လောင်းကျေးရွာသို့ စီမံကိန်းဖြင့် လုပ်ငန်းဆောင်ရွက်နေမှုနှင့် စာရင်းဇယားထိန်းသိမ်း ထားရှိမှုတို့အား ဖေဖော်ဝါရီလ ၁၈ ရက်နေ့တွင် မြို့နယ်ဦးစီးမှူးနှင့် အဖွဲ့မှ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

## ➢ စာမျက်နှာ(၁၅) ရှမ်းပြည်နယ်လွှတ်တော် မှ အဆက်

မူလွန်-အုံတိုင်းတွင် ကျောင်းဆောင်သစ်များ ဆောက်လုပ်ရာ၌ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် အညီဆောင်ရွက်မှု မရှိသော ကုမ္ပဏီများ”မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်နယ်လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီး ဦးစိုင်းရဲန်တစ်လုံမှ “နေမင်းစံကုမ္ပဏီအား တင်ဒါစည်းကမ်းဖြင့် အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ” ပြန်လည်ဖြေကြားခဲ့သည်။

ကျိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါက်တာဝဏ္ဏစိုး၏ "ကျိုင်းတုံမြို့နယ်၊ ပန်ကြူ၊ နမ့်ခတ်နှင့် မိုင်းအင်းကျေးရွာအုပ်စုသို့သွားသည့် မြေသားလမ်း(၁၉/၀)မိုင်နှင့် (၁၅)ပေ ကွန်ကရစ်တံတား(၁)စင်း၊ (၅)ပေ Box Culvert (၁၈)စင်း၊ (၈)ပေ Box Culvert (၂)စင်းနှင့် (၁၀)ပေ Box Culvert (၂)စင်း ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ” မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးလှဦးမှ “၂၀၂၀-၂၀၂၁ ခုနှစ် ပြည်နယ်စီမံကိန်းတွင် တင်ပြထားပြီး ရန်ပုံငွေ ရရှိမှုအပေါ် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ”ပြန်လည် ဖြေကြားခဲ့သည်။

လွိုင်လင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခွန်ဒီဂေါလ်၏ "လွိုင်လင်မြို့နယ်၊ ပန်ဝိုးကျေးရွာအုပ်စု၊ ပန်ဝိုး၊ ဝါးတောကျေးရွာနှင့် လွိုင်လင်မြို့နေ ဒေသခံပြည်သူများ အတွက်ပန်ဝိုးရေထွက် နန်းတားတမံများ ကာရံခြင်းနှင့် သဲနုန်းပြန်လည်တူးဖော်ဆယ်ယူခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်မည့် အစီအစဉ် ရှိ/မရှိ"မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစိုင်းလုံကျော် မှ " ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ငွေ(၅၀)သန်းအား ပြည်နယ်ရန်ပုံငွေတွင် လျာထားပြီး ဖြစ်ပါကြောင်း” ပြန်လည်ဖြေကြားခဲ့သည်။

ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးညီညီ(ခ) ဦးညီလေးချမ်း၏ "တရုတ်နိုင်ငံနှင့် ဆက်စပ်လျက်ရှိသော ရှမ်းပြည်နယ်အတွင်းတွင် ကိုရိုနာဗိုင်းရပ်စ်ပိုး ပျံ့နှံ့မှုရှိ/မရှိနှင့် ကြိုတင်ကာကွယ်ရေး လုပ်ငန်းများစီမံဆောင်ရွက်ထားမှု"မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်နယ်လူမှုရေး ဝန်ကြီးဒေါက်တာမျိုးထွန်းမှ " မိမိတို့ရှမ်းပြည်နယ်ရှိ နယ်စပ်ဂိတ်များအားနေ့စဉ် စစ်ဆေးလျက်ရှိကြောင်း၊ မြို့နယ်များတွင်လည်း ပညာပေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း"ပြန်လည် ဖြေကြားခဲ့သည်။

ရပ်စောက်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခိုင်ညီညီကျော် ၏ "ရပ်စောက်မြို့နယ်၊ အင်းခေါင်းဘုန်းကြီးကျောင်း ဆောက်လုပ်ရာတွင် ကျန်ရှိနေသည့်လုပ်ငန်း(၂၅%) ခန့် အတွက် လိုအပ်သောရန်ပုံငွေကို ထည့်သွင်းလျာထား ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ"မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးလှဦးမှ “၅.၄.၂၀၁၇ ရက်နေ့တွင် မိမိတို့ နတလ ရန်ပုံငွေမှ (၅၀)သန်းအား ထောက်ပံ့လှူဒါန်း ပေးပြီးဖြစ်ပါကြောင်းနှင့် ထပ်မံဆောင်ရွက်ပေးနိုင်ခြင်းမရှိပါကြောင်း " ဖြေကြားခဲ့သည်။

မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းလှဝင်း၏ "ရှမ်းပြည်နယ်အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီးဌာနမှ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း ဆောင်ရွက်ပေးနေမှု အခြေအနေများ"မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်နယ်လျှပ်စစ်၊ စွမ်းအင်နှင့်

စာမျက်နှာ (၂၅) သို့ ➢ ➢ ➢

## ➢ စာမျက်နှာ(၁၆) ကျေးရွာ ပြုစုနေသူများမှ အဆက်

"A friend in need is a friend indeed" ဆိုသည်မှာ အင်္ဂလိပ်စကားပုံ ဖြစ်ပါသည်။ အဓိပ္ပါယ်မှာ သာယာပေါင်းသည် မိတ်တုဖြစ်ပြီး၊ အခက်အခဲ တကယ်ကြုံတွေ့နေရချိန်မှာ တကယ်ကူညီနေသူများသာလျှင် မိတ်စစ်၊ ဆွေစစ် ဖြစ်ကြပါသည်။ မိတ်ဆွေကောင်းသည် ဘဝ၏ တိုးတက်မှု၊ အောင်မြင်မှုတွင် လွန်စွာအရေးပါလှသည်။ အပေါင်းအသင်းမှားသော လူငယ်များမှာ သနားစရာ ကောင်းလှသည်။ "တံငါနားနီး တံငါ၊ မုဆိုးနားနီး မုဆိုး" ဆိုသည်နှင့်အညီ အပေါင်းအသင်းသည် မိမိအပေါ် ကောင်းကျိုးကျေးဇူး ပြုနိုင်သကဲ့သို့ ဆိုးကျိုးဒုက္ခများ ပေးနိုင်သည်ကို သတိပြုရပေမည်။

"သေတူရှင်ဖက်၊ ဆောင်ရွက်မကင်း" ဆိုသည်မှာ မကောင်းအတူ၊ ကောင်းအတူဟု ယူဆမှားမည်ကို စိုးရိမ်မိပါသည်။ မိတ်စစ်ဆွေစစ်၊ သူငယ်ချင်းကောင်းတို့ မည်သည် မကောင်းအတူ မရှိရလေအောင် ကြိုးစားပေးပါလိမ့်မည်။ မိတ်ကောင်းဆွေမှန်ဟူ၍ ဆိုလိုက်သည်နှင့် ဘဝကို တိုးတက်ကောင်းမွန်လာစေရန် ကူပံ့ပေးမည့်သူ ဖြစ်ပါသည်။ သို့မဟုတ်ဘဲ မိမိကိုလည်း မကယ်၊ သူကိုယ်၌လည်း ရုန်းကန်နိုင်စွမ်း မရှိသူကို အားကိုးမမှားမိရန် လိုအပ်လှပါသည်။

ဘဝတစ်ခုလုံး လျှောက်လှမ်းနေစဉ် အကောင်းအဆိုး၊ အမှားအမှန် ဝေဖန်ပိုင်းခြားနိုင်သော ပညာ၏ အရင်းခံမှာ စိတ်၊ စေတနာ၊ မေတ္တာပင် ဖြစ်သည်။ မှန်ကန်သော စိတ်စေတနာ၊ ဖြောင့်မတ်ဖြူစင်သော မေတ္တာတရားကို မွေးမြူ၍ ဘဝတိုက်ပွဲ ရင်ဆိုင်နွှဲကြစို့လား ခင်ဗျား။ ။

VOLUME.6, ISSUE 9 THURSDAY, FEBRUARY 27, 2020

# ရှူခက်ရင်ကျပ် အမြစ်ဖြတ်



□ ဒေါက်တာအောင်ကျော် (သွား/ဆရာဝန်)

ဆေးနည်းတို

ရှေးဘိုးဘေးဘီဘင် လက်ထက်ခေတ် အဆက်ဆက်ကတည်းက သုံးစွဲလာခဲ့ကြသည့် တိုင်းရင်းဆေးနည်းများသည် လူမျိုးတိုင်း၌ ရှိစမြဲပါ။ အတွေ့အကြုံများအရ၊ အစဉ်အဆက်လက်ဆင့်ကမ်းခဲ့ကြ၏။ ရောဂါနှင့် ဆေးသင့်အောင်ပေးပျောက်ရေး မခက်ပါ ဆိုစကားအတိုင်းပင် ရောဂါမျိုးအစား၊ ရောဂါသက်အနုအရင့်၊ ရာသီ အနေအထား စသည့် အခြေခံ အချက်များကို မူတည်လျက် သင့်တော်မည့် ဆေးကို အသက်အရွယ်အလိုက် ချိန်ဆ၍ ပေးတတ်ဖို့တော့ လို၏။ ရာသီမပိုင် ဆေးမကိုင်နှင့်ဟူသော စကား၊ ပထဝီတေဇော အာပေါဝါယော ဓာတ်ကြီးလေးပါး၊ ဆီးဝမ်းသွေးလေ မှန်လေးမှန်ပါမကျန် ထည့်တွက်ပြီးမှ သင့်တော်ဆုံးဆေးကို ရွေးချယ်ပေးကြရ၏။ ဆေးကောင်းလျှင် သန်းခေါင်း (တချို့လည်း ယင်ခေါင်းဟုဆို) စကားကလည်း ဆေးကောင်းဖို့သာ လို၏။ ပမာဏနည်းများခြင်းကားအကြောင်းရင်း မဟုတ်ပါဆိုသည့် သဘောသက်ရောက်သလို နည်းပင်နည်းငြားသော်လည်း အမျိုးမှန် အဖိုးတန်မို့ ဆေးဖိုးကလည်း ကြီးမြင့်ပြီ ဖြစ်၏။

မြန်မာ့တိုင်းရင်းဆေးများ၌ မြစ်ချင်းပြီး၊ ဥချင်းပြီး စသည်ဖြင့် တစ်မျိုးတစ်မည်တည်းကို ရောဂါတော်တော်များများအတွက် ချမ်းသာပျောက်ကင်းစေနိုင်သည်များ တကယ်ရှိ၏။ ရောဂါကိုလိုက်၍ အပူအအေးကို လိုက်၍ ရေအေးနှင့် ပေးမည်လား၊ ရေနွေးနှင့် ပေးမည်လား။ ဆန်ဆေးရည်ဖြင့်လား၊ ကွမ်းရွက်ပြုတ်ရည်ဖြင့်လား၊ ချင်းထန်းလျက်ပြုတ်ရေလား၊ အုန်းရေလား ချင့်ချိန်ကာ တွဲဖက်ပေးရ၏။ ဆေးရွက်ကြီးတောင်မှ ကုန်းဆေးလားကျွန်းဆေးလား ခွဲခြား၏။ အုန်းရေကိုလည်း တံတားဦးလား တောင်မြို့ (အမရပူရ)လား မတူသေးပါတဲ့။ ရေမြေကိုလိုက်၍ ပါဝင်သော ဓာတ်သဘော ခြားနားသောကြောင့် အာနိသင်လည်း ကွာခြားသွားတတ်၍ ဖြစ်၏။ အနောက်တိုင်း သိပ္ပံဆေးများ သုံးစွဲရာ၌ အစာမစားမီ (before meal)၊ အစာနှင့်အတူတူ (between meal) အစာစားပြီးမှ (after meal) ဟူ၍ ခွဲခြားသေးသလို တိုင်းရင်းဆေးဝါးများတွင်လည်း အလားတူ ကန့်သတ်ချက်များ ရှိနေ၏။ နံနက်စောစော၊ နေ့လယ်နေမွန်းတည့် ညအိပ်ရာဝင်တို့အပြင် ညသန်းခေါင်ချိန်ကျမှ ထစားရသည်တောင် ရှိ၏။

လွယ်လွယ်ကူကူ လက်လှမ်းမီရာမှ အချိန်မရွေးရနိုင်သော ဆေးအမယ်များ ဥပမာ မီးဖိုချောင်တွင်းမှ ချင်း၊ ကြက်သွန်ဖြူ နီ၊ နနွင်းမှုန့် စသည်တို့ဖြင့် လတ်တလော စီရင်အသုံးပြုနိုင်ပါက ဆေးမြီးတိုဟု ခေါ်ကြ၏။ ပိုယဉ်ကျေးသော အသုံးမှာ ဆေးနည်းတို ဖြစ်၏။ ချက်ချင်း ထုထောင်းကျိုချက်နိုင်က ပိုလျင်မြန်စွာရ၏။ အများအားဖြင့် ၃ ခွက် ၁ ခွက်တင်အောင် ကျိုရန် ညွှန်းကြ၏။ ၅ ခွက် ၁ ခွက်တင်၊ ၇ ခွက် ၁ ခွက်တင် ဆိုသလို ညွှန်းသည်လည်း ရှိ၏။ ရှား၏။ ခြံတွင်း လမ်းဘေးမှ ရနိုင်သော အညွှန့်အရွက်ရှိသလို တောတောင်ထဲ၌ ရှာဖွေဆွတ်ခူး တူးယူရသည်လည်း ရှိ၏။

ပန်းနာ

ကျွန်တော် ခေါင်းစီးတင်ထားသော "ရှူခက်ရင်ကျပ်" မှာ အသက်ရှူရ ခက်ခဲလွန်းလောက်အောင်ထိ ရင်ထဲ ဆို့ကျပ်အသက်ရှူမဝ၊ ချွေးသီးချွေးပေါက်ကျကာ ရင်ဘတ်ကြီး ဖောင်းကားလိုက် နိမ့်ကျလိုက်နှင့် ပန်းထိမ်ဖားဖိုလို ရှူးရှဲရှူးဟဲ အသံမြည်နေသော ဝေဒနာရှင်မျိုးကို ဆိုလိုပါ၏။ အသက်ထွက်လုမတတ် ရှူရှိုက်တစ်ချက်ကို ပင်ပန်းကြီးစွာ ရုန်းကန်ဆောင်ရွက်နေရသည့် ဝေဒနာရှင်ဟု သိနိုင်ပါပြီ။ ပန်းနာရင်ကျပ်ဟု ခေါ်၏။ အင်္ဂလိပ်လို asthma အက်စ္စမာပါတဲ့။ ဖြစ်ရခြင်း အကြောင်းရင်းများစွာ ရှိ၏။ သွေးမတည့်ခြင်း allergy ကြောင့် အဖြစ်များ၏။ စပါးနှံမှ ဝတ်မှုန်ဝတ်ဆံများ လေထဲ လွင့်ပါလာသည်ကို ရှူရှိုက်မိက ရင်ကျပ်ရောဂါထတတ်၏။ အလားတူ ရှမ်းပြည်နယ်တောင်ကုန်းတောင်တန်းများ၌ ပေါက်ရောက်သော ထင်းရှူးပင်မှ ဖူးတံဝတ်မှုန် ဝတ်ဆံ (pollen)နှင့် မတည့်သူ၊ အခြားသော ပန်းအမျိုးမျိုးတို့၏ ဝတ်မှုန်ဝတ်ဆံ၊ ပန်းရနံ့၊ ရေမွှေးအစရှိသော အလှအပ အခြယ်အသသုံး မိတ်ကပ်ကော့မစ်တစ် (cosmetic) ပစ္စည်းများနှင့် မတည့်သူ၊ ဓာတုဗေဒပစ္စည်း ပလပ်စတစ်နွယ် အသုံးအဆောင်များနှင့် မတည့်သူ စသည်အားဖြင့် မတည့်ချင်သည့် ပစ္စည်းတစ်စုံတစ်ခုကြောင့် ပန်းနာရင်ကျပ်ရောဂါ ရုတ်တရက်ကြီး ထဖြစ်တတ်ပြန်၏။

ရာသီဥတုအပြောင်းအလဲကြောင့်လည်း ရင်ကျပ်ရောဂါထတတ်ပြန်သေး၏။ ဘယ်လိုရာသီဥတုမျိုးနှင့် မသင့်ပါသနည်း။ တစ်ဦးနှင့် တစ်ဦး မတူညီတတ်ကြပါ။ အချို့သူများက စပ်ကူးမပ်ကူးကာလ ဆောင်းအကုန်နွေအကူး၊ နွေအကုန် မိုးအကူး၊ မိုးအကုန် ဆောင်းအကူးတို့၌ ဖြစ်တတ်၏။ ရာသီဥတု သုံးပါးတို့ တစ်နှစ်အတွင်း ၃ ကြိမ် ကူးပြောင်းရာ၌ ၃ ကြိမ်လုံး အဖြစ်သည်းကြပြီ။ တချို့ကျတော့ သူနှင့် မသင့်သည့် တစ်ကြိမ်နှစ်ကြိမ်၌သာ ရောဂါထတတ်ကြ၏။ ပြီးတော့ ရှိသေး၏။ ရာသီဥတုအလွန်ပြင်းထန်လွန်းချိန် ဥပမာအားဖြင့်၊ နွေခေါင်ခေါင် ပူပြင်းလွန်းလျှင်၊ မိုးတွေ ဗွေပြီး ၇ ရက် ၇ လီ ရွာသွန်းနေလျှင်၊ဆောင်းပြင်ပြင် ခိုက်ခိုက်တုန် အေးခဲလွန်းလျှင် ရောဂါထတော့၏။ ကိုယ့်အကြောင်း ကိုယ်သိလျှင် ကြိုတင်ပြုပြင် ထိန်းသိမ်းရှောင်တိမ်းနိုင်ပါ၏။ ခက်သည်က ဘာအကြောင်းရင်းကြောင့် မတည့်ဖြစ်မှန်း မသိလျှင် တော်တော်ကြီး ခွကျလှ၏။ လူနာကိုယ်တိုင်ကမှ အကြောင်းရင်းကို မရိပ်စားမိ မသိရှိပါက ကုသရသည့် ဆရာဝန်လည်း ဦးနှောက် ခြောက်ရပါတော့သည်။

ပန်းနာရင်ကျပ် ကုသရာ၌ စားဆေးထိုးဆေး ရှူဆေးအမျိုးအစားများစွာ ရှိပါ၏။ တစ်ဆင့်ပြီးမှ တစ်ဆင့် မြင့်ရာသို့ နိမ့်ရာမှ ပြောင်းသင့်၏။ ဆေးအမြင့်စားသို့ ရောက်ခဲ့စားခဲ့ပြီးပါက အနိမ့်ဆေးသို့ ပြောင်းသုံးရန် မဖြစ်နိုင်တော့ပြီ။ ဆိုလိုသည်မှာ စားဆေး အနိမ့်အမြင့်မျိုးစုံ ကုန်ခဲ့၍ ထိုးဆေးမှ ထိရောက်လျှင် စားဆေး လက်လွှတ်လိုက်ပေတော့။ အလားတူပင် ရှူဆေးခံတွင်းသို့ ဖျန်းထည့်ရသော ဆေးကိုင်မိပြီးလျှင် ထိုးဆေး မတိုးတော့ပြီ။ သွားလေရာ ဆောင်ယူသွားပေရလိမ့်မည်။ အိမ်နေစဉ်မှာလည်း လက်လှမ်းမီရာ အလွယ်ဆောင်ထားသင့်၏။ အချိန်မရွေး ထဖြစ်တတ်သောကြောင့်ပါ။

ပဲစင်းငုံ

ကိုယ်ဖောရောင်ခြင်းအတွက် ပဲစင်းငုံဆေးမြီးတိုကောင်းကြောင်းကို ကျွန်တော် ကြားဖူးနားဝ ရှိထား၏။ အင်္ဂလိပ်ဆေးသိပ္ပံပညာအရ ကျောက်ကပ် မကောင်းလျှင် မျက်နှာက စတင်ဖောရောင်တတ်ပြီး နှလုံးမကောင်းလျှင် ခြေလက်များ စတင်ဖောရောင်တတ်သည်ဟု အကြမ်းဖျင်းအားဖြင့် တွက်ဆကြ၏။ ဤကား ရောဂါနုသေးချိန် စတင်ဖြစ်ချိန်မှာ အကဲခတ်ခြင်းပါ။ ဆေးမကုသလျှင် သို့မဟုတ် ကုသမှုများ မထိရောက်လျှင် ရောဂါရင့်လာပါက တစ်ကိုယ်လုံး ဖောရောင်ပါ၏။ ပြီးတော့ သွေးလှည့်ပတ်မှု စနစ်မှာ လူ့ခန္ဓာကိုယ် တစ်ခုလုံးသို့ နှလုံးမှ ညှစ်ထုတ်လိုက်သော သွေးများ ပျံ့နှံ့သက်ရောက်၏။ သို့ဖြစ်၍ အတွင်းအပြင် ခန္ဓာတစ်ခုလုံး ဆက်စပ်နေသည်။ ပြီးတော့ အခြားရောဂါ အခြေအနေ အရပ်ရပ်ကြောင့်လည်း မျက်နှာအမ်းခြင်း ခြေလက်ရောင်ကိုင်းခြင်းများ ရှိနိုင်သေး၏။ ပဲစင်းငုံ ဆေးမြီးတိုဆိုသည်ကလည်း သင့်မြတ်လျှင် မြန်မြန်ဆန်ဆန် ပျောက်ကင်းမည်။ မသင့်မြတ်လှသည့်တိုင် ခန္ဓာကိုယ်ကို ဒုက္ခအကြီးအကျယ် မပေးနိုင်ပါ။ အကြောင်းမှာ ပဲအမျိုးမျိုးအနက် ပဲစင်းငုံကဆေးဖက်ဝင် အာဟာရဖြစ်သည့် တန်ဖိုးရှိ အစားအစာထဲ၌ ပါဝင်သောကြောင့်ပါ။ ကြားသိကြုံတွေ့ရသမျှတော့ ပဲစင်းငုံသည် အဖောအရောင် ရောဂါရှင်များအား အကျိုးပြုသည်ချည်းဖြစ်ပြီး မြန်ဆန်ခြင်းနှင့် အချိန်ယူခြင်းသာ ကွာ၏။ ဆေးအတွက် သုံးမည်ဆိုလျှင် အခွံမချွတ်ရပါ။ ပဲတောင့်၏ အပြင်အခွံကို မဆိုလိုပါ။ ပဲလုံးစေ့၏ အခွံကို ဆိုလိုပါသည်။ ယင်းပဲလုံးစေ့ အခွံပါမှ ဆေးအဖြစ် ပိုထိရောက်သည်ဟု သိရသည်။

စာရေးဆရာ မေတ္တာရှင်ကြီး တောင်နယ်ခြား သာသနာပြုအရှင်ဦးဥတ္တမသာရသည် လွန်ခဲ့သော နှစ် ၃၀ ခန့် ၁၉၉၀ ပြည့်နှစ် မတ်လဆန်းတွင် တောင်ကြီးမြို့သို့ ကြွရောက်ကာ ပရိတ်တရားနှင့် ဟောတရားများ ချီးမြှင့်ပေးတော် မူခဲ့၏။ တရားတစ်ပွဲ၌ ထုံနာကျင်နာ၊ ပန်းနာ ဖောရောင်ရောဂါများအတွက် ပဲစင်းငုံသည် အလွန် အားကိုးထိုက်သော ဆေးတစ်လက် ဖြစ်ကြောင်း မိန့်ကြားခဲ့၏။ အခွံမချွတ်ရသေးသော ပဲစင်းငုံလုံး အစေ့အတိုင်း နို့ဆီဘူးနှင့် တစ်ဘူးပြုရပါမည်။ နူးနပ်လာသောအခါ အရည်ကို ငှဲ့ယူပြီး သိမ်းထားပါ။ ကြက်သွန်ဖြူ ကြက်သွန်နီ ဆီသတ်ကာ ပြုတ်ထားပြီးသော ပဲစင်းငုံကို ရောမွှေပါ။ ဆားသင့်ရုံထည့်ပါ။ ပြီးတော့ ငှဲ့ယူထားသော ပဲပြုတ်ရည်ကို ရောပြီး နပ်ထားပါ။ ယင်းအစီအစဉ်အတိုင်း ၄ လတိတိ ဆက်စားပါက ပန်းနာရင်ကျက် လုံးဝပျောက်ကင်းပါကြောင်း၊ အခြားဘာဆေးမှ ထိုးရန်စားရန် မလိုပါကြောင်း ညွှန်းခဲ့၏။ ဆန်လုံးတီး (စပါးခွံသာ ချွတ်ထားသော မောင်းထောင်းဆန်) ထမင်းနှင့် တွဲဖက်စားသောက်ရပါမည်။ ဖောရောင်ရောဂါရှင်အတွက် ပဲပြုတ်ရည်ဖြင့် ရေချိုးပေးနိုင်၏။ နေ့စဉ်မှန်မှန် စားလျှင် ပဲ ၂ ပြည်သား ကုန်သောအခါ သိသာစွာ ရောဂါသက်သာသွားတတ်၏။ တစ်ခုသတိပြုရမည်မှာ ဆားကို သင့်ရုံသာ ထည့်ရန်ဖြစ်၏။ ဆားများလွန်း ငံလွန်းပါက ဆားသည် ခန္ဓာကိုယ်ရေဓာတ်ကို ထိန်းထား၍ ဖောရောင်ကျနေးကွေးနေမည်။ ထုံကျင်နာသူအတွက် ရောဂါသက်သာပြီးနောက် မကြာခဏ သတိထားပဲစင်းငုံ ချက်စားပါလေ။

စာမျက်နှာ (၂၃) သို့ >>>



# တောင်စောင်းမှာ မီးလောင်သည် မီးသတ်ကား ဝင် မရပါ

□ အောင်ဆန်းဝင်း

လမ်းကျဉ်းလမ်းငယ်လေးတွေမြင်တိုင်း၊ လမ်းကိုကျဉ်းငယ်အောင်ဖြစ်စေတဲ့ အရာတွေမြင်တိုင်း တစ်ထိတ်ထိတ်နဲ့ စိုးရိမ်စိတ်ဝင်လာခဲ့တယ်။ ဘာကိုစိုးရိမ်လည်း ဆိုတော့ အခုချိန်က ပွင့်လင်းရာသီ။ ပွင့်လင်းရာသီရဲ့ ထုံးစံအတိုင်း အဓိကစိုးရိမ်ရတာက မီးရေးထင်းရေး။ အချိန်မရွေး ပုံစံမျိုးစုံနဲ့ လောင်မီးကျတတ်တယ်။ မထင်မှတ်တဲ့ အပေါက်ကနေ တံခါးမခေါက်ဘဲ ဝင်လာတတ်တယ်။ ပေါ့ပေါ့ဆဆ လုပ်မိလို့ လောင်မီးကျတာတွေရှိတယ်။ မတော်တဆ လျှပ်စစ်ဝါယာရှော့ခ်ကြောင့် ပြဿနာပေါ်တတ်တယ်။ မီးခြစ်မီးခွက်နဲ့ ကလေးသူငယ်တွေ ဆော့ကစားရင်းလည်း ဖြစ်သွားနိုင်တယ်။ လူတိုင်း အသုံးပြုတဲ့ လက်ကိုင်တယ်လီဖုန်း အားသွင်းရင်း ပေါက်ပေါက်ကွဲကွဲတွေ ဖြစ်တတ်တယ်။ သဘာဝတရားကြီးက မျက်နှာလိုက်လို့လည်း ဖြစ်နိုင်ချေရှိနေတယ်။ ပွင့်လင်းရာသီက စိုးရိမ်ရေမှတ်နား ရောက်တတ်လို့ သတိမပြတ်ဖို့ လိုအပ်တယ်။

အရင်တုန်းက သတင်းစာကိုင်ရင် ဓာတ်လိုက်တယ်လို့ ပြောကြတယ်။ လက်တွေ့ကျကျ ထုတ်လုပ်တဲ့ လျှပ်စစ်ဓာတ်အားမရှိဘဲ ပုံနှိပ်စာရွက်တွေပေါ်မှာ ပြည့်ပြည့်ဝဝ ထုတ်နေလို့ ပြောကြတယ် ထင်ပါတယ်။ မဟုတ်ဘဲနဲ့တော့ ဆိုကြမှာ မဟုတ်ပါဘူး။ ၂၄ နာရီကို ၄ ပိုင်း ပိုင်းပြီး အလှည့်ကျစနစ် ဓာတ်အားသုံးစွဲခဲ့ဖူးတာ အားလုံးအသိ။ အခုနောက်ပိုင်းတော့ တစ်နိုင်ငံလုံး ဖြန့်ကြက်မပေးနိုင်တာကလွဲရင် အကောင်းဘက်ကိုရောက်လာတယ်။ သတင်းစာကို ရဲရဲဝံ့ဝံ့ ကိုင်နိုင်တယ်။ ဓာတ်မလိုက်တော့ဘူး။ အကောင်းရှိရင် အဆိုးလည်း ရှိနေတတ်တယ်။ သတင်းစာတွေက ဓာတ်မလိုက်ပေမယ့် မကြာခဏ မီးလောင်နေတယ်။ နေ့စဉ်ထုတ် သတင်းစာတွေ ဖတ်လိုက်ရင် မီးလောင်တဲ့ သတင်းက နေ့စဉ်လို တွေ့နေရတယ်။ အိမ်တွေလောင်မီးကျနေတယ်။ တဲငယ်တွေ အတွဲလိုက် မီးလောင်တာရှိတယ်။ အထင်ကရ ဈေးကြီးတွေလည်းပါတယ်။

အဲ့ဒီနေ့က ကျွန်တော့်သူငယ်ချင်းနဲ့ သူ့အဒေါ်ပဲ အိမ်မှာရှိနေတာ။ သူ့အဖေနဲ့ အမေက ဈေးထဲရောက်နေတယ်လို့ ပြောတယ်။ အိမ်မီးလောင်တဲ့အချိန် သူ့အဒေါ်ကလည်း အပြင်ရောက်နေတယ်။ ကျွန်တော့်သူငယ်ချင်းက အိမ်ထဲမှာ အိပ်ပျော်နေတာ။ မီးအရှိန် တော်တော်ပြင်းလာမှ အိပ်ရာနိုးလာပြီး အပြင်ကို ထွက်ပြေးလို့ လွတ်သွားတာပေါ့။ ကံကောင်းတာက သူအိပ်ရာ နိုးတဲ့အချိန် အပြင်ထွက်ဖို့အတွက် အဆင်ပြေနေသေးတာ။ သူတို့အိမ်တော့ အားလုံးမီးထဲ ပါသွားတယ်လို့ သိရတယ်။ အိမ်ဆက်က နည်းနည်းပြတ်တော့ မီးကသူတို့ တစ်အိမ်တည်းပဲ လောင်သွားတာပေါ့။ ဘာပဲဖြစ်ဖြစ် လူတွေ အသက်အန္တရာယ် မဖြစ်တာ အဆိုးထဲက အကောင်းလို့ ပြောရမှာ။ အားလုံးမီးထဲပါသွားတော့ ကျွန်တော့်သူငယ်ချင်းဝတ်ဖို့ အတွက် ကျွန်တော့်အဝတ်အစားတွေထဲက လတ်တာလေးတွေ ရွေးပြီး ၄/၅ စုံလောက် သွားပေးရပေဦးမယ်။

ဆီရည်ဝနေတဲ့ ဆန်ကောထဲက တိုဟူးတစ်ပြန်ကြော်ကို ကပ်ကြေးနဲ့ ညှပ်ရင်း အထက်တန်း ကျောင်းသားလေးတစ်ယောက်ကပြောတယ်။ သူပြောတဲ့ အကြောင်းအရာက အိမ်တစ်လုံး မီးလောင်ဆုံးရှုံးသွားတဲ့ အကြောင်း။ မီးလောင်ဆုံးရှုံးသွားတဲ့အိမ်က သူ့ရဲ့ အတန်းဖော် သူငယ်ချင်း တစ်ယောက်ရဲ့ အိမ်။ ဖေဖော်ဝါရီလ ၁၇ ရက်၊ ညနေ ၄ နာရီလောက်က အိမ်မီးလောင်ကျွမ်းမှု တစ်ခုဖြစ်ပွားတယ်။ တောင်ကြီးမြို့ ကျောင်းကြီးစုရပ်ကွက် မဟာစည်လမ်းသွယ်ထဲက အိမ်အမှတ် ၅၀၇ ပါ။ တောမီးက တစ်ဆင့် ကူးစက်လောင်ကျွမ်းတယ်လို့ သိရပါတယ်။ အိမ်အမှတ် ၅၀၇ ဆောက်ထားတဲ့ နေရာက တောင်ကုန်းတောင်စောင်းပါ။ မီးလောင်တဲ့အချိန် လေတိုက်နှုန်းကလည်း များတဲ့အနေအထားမှာရှိနေတယ်။ မီးသတ်ကားက မီးလောင်တဲ့နေရာ ဝင်မရတဲ့အပြင် မီးသတ်ပိုက်တောင် ဆွဲမရလို့ လောင်ကျွမ်းသွားတဲ့ အိမ်တစ်လုံး။

အစိုးရရုံးတစ်ခုမှာ တာဝန်ထမ်းဆောင်နေတဲ့ အစ်မတစ်ယောက်ကို ကြိုပို့လုပ်ရင်း မဟာစည်လမ်းသွယ်ထဲ တစ်ပတ် ၂ ရက် ၃ ရက်ရောက်တယ်။ သူ့အိမ်သွားတဲ့ လမ်းပေါ် ရောက်တိုင်း မီးရေးထင်းရေး စိုးရိမ်ရတဲ့ အခြေအနေကို သတိထားမိတယ်။ လမ်းတွေကကျဉ်းတယ်။ တံတောင်ဆစ်ချိုးကွေ့တွေ ဖြစ်နေတယ်။ ဖောက်ထိုးဆင်းသွားတဲ့ ကွန်ကရစ်လမ်းတွေ ခင်းထားတယ်။ တချို့နေရာတွေက ကားငယ် ၂ စီးတောင် ရှောင်လို့မရဘူး။ ဆိုင်ကယ်တစ်စီး သွားလို့ရတဲ့ နေရာတွေလည်းရှိတယ်။ အပျက်တွေကို ဘယ်သူမှ ကြိုမမြင်နိုင်ပါဘူး။ ဖြစ်လာနိုင်ချေရှိတာကိုတော့ တွေးကြည့်လို့ရနိုင်တယ်။ အစ်မကို အမြဲပို့ရင်း သူတို့လမ်းတွေကြောင့် မီးရေးထင်းရေး စိုးရိမ်ခဲ့တယ်။ ဖေဖော်ဝါရီလ ၁၇ ရက်၊ ညနေ ၄ နာရီလောင်တဲ့ မီးက အစ်မအိမ်နဲ့ ၃ အိမ်လောက်သာ ခြားတယ်။ မီးသတ်ကား ဝင်မရလို့ နောက်ပြန်လှည့် လက်ပိုက်ကြည့်ပြီး လူအင်အားနဲ့ မီး ငြိမ်းရတယ်။

တောမီးက သူ့အလိုလို ဒေါ်ခွီးစရာ အကြောင်းမရှိ။ သစ်ပင်ရှားပါးတဲ့အချိန် သစ်ပင်သစ်ကိုင်း ပွတ်တိုက် လောင်နိုင်ချေနည်းတယ်။ တို့မီးရှို့မီး လက်ကမြင်းမှုတွေကြောင့် တောမီးလောင်တာလားတော့ မပြောတတ်။ တောင်ကြီး၊ အေးသာယာအတက်အဆင်း လမ်းတစ်လျှောက် သစ်ပင် သစ်တော ထိန်းသိမ်းမှုနဲ့ ပတ်သက်ပြီး ဆိုင်းဘုတ်မျိုးစုံ ချိတ်ဆွဲထားတယ်။ ဥတုရာသီ တောကိုမှီ၏။ ကန်သာအင်းလေး မတိမ်ကောရေး သဘာဝဝန်းကျင်ကို ထိန်းသိမ်းပေး။ သစ်ပင်သစ်တော ချစ်ခင်သည့် လူမျိုးရွှေတိုက်ကိုစိုးတဲ့။ (ဘယ်လိုချစ်ခင်တဲ့လူတွေ၊ ရွှေတိုက်စိုးသွားတယ် မပြောတတ်ပါဘူး) ကျန်တဲ့ အမည်နာမတပ်ထားတဲ့ ဆိုင်းဘုတ်တွေလည်း တော်တော်များများ တွေ့ရတယ်။ အဓိကလိုရင်း အချက်က သစ်ပင်သစ်တောတွေ ထိန်းသိမ်းဖို့။ တောမီးလောင်တိုင်းတော့ လက်သည်တရားခံပျောက်နေတတ်တယ်။

အခုနောက်ပိုင်း ကျွန်တော်တို့ ကျောင်းကြီးစုရပ်ကွက်ထဲကို ပြောင်းတဲ့လူတွေ များလာတယ်။ ဝါးပြားအနောက်ဘက်ခြမ်းက တောင်ကုန်း တောင်စောင်းတွေမှာ အိမ်ခြေတွေများလာတယ်။ အိမ်အများစု တောင်ကုန်းတောင်စောင်းမှာ ဆောက်ထားတာဆိုတော့ လမ်းတွေက ကောင်းကောင်းမရှိသေးဘူး။ ရှိတဲ့လမ်းတွေကလည်း လမ်းကျဉ်းတွေဖြစ်နေတယ်။ တချို့လမ်းတွေက ကားကွေ့ရခက်တဲ့ တံတောင်ဆစ်ချိုးတွေ။ အရေးအကြောင်းဆို သွားလာရ မလွယ်တော့ဘူး။ ပြီးခဲ့တဲ့ ရက်ပိုင်းက မီးလောင်မှုဖြစ်တော့ မီးသတ်ကားတွေရောက်လာတယ်။ မီးလောင်တဲ့နေရာကို မီးသတ်ကား ဝင်လို့မရဘူး။ မီးသတ်ပိုက်ဆွဲဖို့လည်း အဆင်မပြေတော့ လူအင်အားနဲ့ပဲ မီးငြိမ်းရတယ်။ လေတိုက်တဲ့အချိန်လည်းဖြစ်တော့ မီးကတော်တော်နဲ့ ငြိမ်းမရဘူး။ ကားအဝင်အထွက်ကောင်းတဲ့ လမ်းတွေဖြစ်ဖို့ လိုအပ်တယ်လို့ ဝါးပြားဒေသခံတစ်ယောက်က ပြောတယ်။

နေရာစုံက ပုံစံမျိုးစုံနဲ့ ကျောင်းကြီးစုရပ်ကွက်ထဲ ပြောင်းလာတယ်။ ပြောင်းလာသူအများစုက ဝါးပြားရပ်ကွက် အနောက်ဘက်ခြမ်း တောင်ကုန်းတောင်စောင်းတွေဘက် အရောက်များတယ်လို့ ဆိုတယ်။ ဝါးပြားရပ်ကွက် အနောက်ဘက် ခြမ်းတောင်ကုန်းတောင်စောင်း လူနေအိမ်ခြေရှိတဲ့ နေရာလမ်းအများစုက လမ်းမည်ကာမတ္တတွေ။ လူတွေသွားနေလို့ လမ်းအမည်သမုတ်လို့ရတာ။ လမ်းအင်္ဂါရပ်နဲ့ညီတဲ့ လမ်းတွေမဟုတ်ဘူး။ ရာခိုင်နှုန်းအများစုက ကိုယ်ထူကိုယ်ထ အဆင်ပြေသလို ခင်းထားကြတဲ့ လမ်းတွေ။ ပညာရှင်တွေနဲ့ တိုင်းတာတွက်ချက်ပြီး ခင်းထားတာ မဟုတ်တော့ ဘာအာမခံချက်မှလည်း မပေးနိုင်ပါဘူး။ နိုင်ငံတကာမှာ မြို့ရွာတစ်ခု တည်တော့မယ်ဆိုရင် ဘက်ပေါင်းစုံ ချင့်ချိန်စဉ်းစားပြီး လမ်းအတွက် ဦးစားပေးတတ်ကြတယ်။ ဒီနေရာမှာတော့ ခြံကွက်စာချုပ်တံဆိပ်တုံး နှိပ်ဖို့ကလွဲပြီး ကျန်တာတွေနားလည်ပုံမရကြတာလား။

တိုးချဲ့လို့ ရနိုင်သေးတဲ့ ရပ်ကွက်အတွင်းမှာ ခြံကွက်တစ်ခု အိမ်ခြေတစ်လုံး တိုးပြီဆိုတာနဲ့ အဲ့ဒီခြံကွက် အဲ့ဒီအိမ်ဟာ မီးရေးထင်းရေး စိတ်အေးရဖို့ အရေးကြီးပါတယ်။ သွားလမ်းသာလာလမ်းဖြောင့်ဖို့ လိုအပ်တယ်။ အရေးပေါ်ရင် ကြီးကြီးမားမား အရာမရောက်အောင် တာဝန် ရှိသူတွေက စနစ်တကျ စိစစ်ဆောင်ရွက်ဖို့လိုအပ်ပါတယ်။ လက်ရှိမြင်တွေ့နေရတဲ့ အခြေအနေက အရေးကြီးတဲ့ အကြောင်းချင်းရာတွေအတွက် ဘာတစ်ခုမှ လုပ်ကိုင်ဆောင်ရွက်ထားပုံ မရပါဘူး။ ထိုးချင်သလို ထိုးထားတဲ့ ခြံစည်းရိုး ဖြစ်နေလည်း ဒီတိုင်းငုတ်တုတ်။ ဆောက်ချင်သလို ဆောက်တဲ့ အိမ်ဖြစ်နေလည်း မျက်လုံးတွေကမမြင်။ လမ်းပျောက်အောင် ကျူးထားလည်း နောင်ခါလာ နောင်ခါဈေး။ စနစ်တကျဖြစ်အောင် စီစဉ်ဆောင်ရွက် လုပ်ကိုင်တာတွေ မရှိတော့ မဆုံးရှုံးသင့်တဲ့ ဆုံးရှုံးမှုတွေ ဖြစ်အောင် မီးစထိုး လက်ယပ် ဖိတ်ခေါ် သလို ဖြစ်ကုန်ပါတယ်။

ဖေဖော်ဝါရီ ၁၇ ရက် ည ၄ နာရီ အိမ်အမှတ် ၅၀၇ တောမီးကတစ်ဆင့် လောင်ကျွမ်းလို့ ဆုံးရှုံးခဲ့ရတယ်။ အဓိကတရားခံက လမ်းကျဉ်းမှာ မီးသတ်ကား ဝင်မရလို့။ နောင်ခါအရေးတွေးပြီး ပြင်ဆင်မှုလိုအပ်တယ်။ ဖေဖော်ဝါရီ ၁၉ ရက်၊ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ် ၉၇ လမ်းမှာ မီးလောင်မှုဖြစ်တယ်။ အမျိုးသမီး ၂ ဦးနဲ့ ကလေးငယ်တစ်ယောက် အသက်ဆုံးရှုံးခဲ့ရတယ်။ ဖေဖော်ဝါရီ ၁၉ ရက် ညပိုင်း ၈ နာရီလောက် တောင်ကြီးမြို့နယ် အေးသာယာမြို့ အမှတ် ၆ ရပ်ကွက် နယ်မြေ ၈ မှာ အိမ်တစ်လုံး မီးလောင်တဲ့အတွက် နေအိမ်ပိုင်ရှင် အသက်ဆုံးရှုံးတဲ့ ဖြစ်စဉ်ရှိခဲ့တယ်။ ဖေဖော်ဝါရီ ၂၀ ရက် ရန်ကုန်တိုင်းဒေသကြီး၊ လသာမြို့နယ်၊ လမ်းမတော်သံဈေး မီးလောင်မှုဖြစ်တယ်။ ရန်သူမျိုး ၅ ပါးထဲပါတဲ့မီး။ မီးဘေးအန္တရာယ် ကြောက်မက်ဖွယ် ကာကွယ်မနေး တို့အရေးတဲ့။ မီးသတ်ပြက္ခဒိန်ပေါ် ကဆောင်ပုဒ်။ ကြောက်မက်ဖွယ် မီးကို ငြိမ်းသတ်နိုင်ဖို့ မီးသတ်ကားဝင်လို့ရတဲ့ လမ်းတွေဖြစ်ဖို့လည်း လိုအပ်နေကြောင်းပါ။

□

VOLUME.6, ISSUE 9 THURSDAY, FEBRUARY 27, 2020

ကမ္ဘာ့ဇတိုင်း

□ မင်းဇော်မင်း




# အမတ်လောင်းများအတွက် လမ်းညွှန်

လာမယ့် ၂၀၂၁ ဆိုရင် စစ်အာဏာရှင်အောက်က မလွတ်တလွတ် အစိုးရသက်တမ်း ၃ နှစ်မြောက်တော့မှာ ဖြစ်ပြီး ၂၀၂၀ ရွေးကောက်ပွဲအတွက်လည်း နိုင်ငံရေးပါတီတွေ ခပ်ကွင်းပြင် နေကြတာမြင်ရတော့ ပြိုင်ဆိုင်ကြမယ့် ပါတီတွေရဲ့ ကိုယ်စားလှယ်လောင်းလို့ခေါ်တဲ့ အမတ်လောင်းတွေအတွက် နိုင်ငံသားတွေရဲ့ နိုင်ငံရေး မျှော်မှန်းချက်တွေကို လမ်းညွှန်အနေနဲ့ ဖော်ပြချင်ပါတယ်။

မြန်မာနိုင်ငံအနေနဲ့က ဒီမိုကရေစီ ကျင့်သုံးမှု (၂)ခုထဲမှာ တိုက်ရိုက် မဟုတ်ဘဲ ကိုယ်စားပြု ဒီမိုကရေစီဖြစ်တာကြောင့် မိမိကိုယ်စားပြုတဲ့ လူထုဆိုတဲ့ မိမိမဲဆန္ဒနယ်က မဲဆန္ဒရှင်တွေကို ကိုယ်စားပြုတဲ့နေရာမှာ တကယ့်ကို ဆောင်ရွက်နိုင်စွမ်းရှိဖို့ အခုအစိုးရရဲ့ သက်တမ်းအတွင်းမှာ ရွေးကောက်ပွဲဆိုင်ရာ ပြည်သူ့လှုပ်ရှားမှုအဖွဲ့ရဲ့ နိုင်ငံတစ်ဝှမ်းလုံးမှာ ကောက်ယူခဲ့တဲ့စစ်တမ်းအပေါ် အခြေခံပြီး ဖော်ပြချင်တာပါ။

အဓိကညွှန်းတာကတော့ pacemyanmar ရဲ့ ၂၀၁၉ ခုနှစ်၊ ဇူလိုင်လထုတ် ၂၀၂၀ ခုနှစ်(ပြည့်နှစ်)အတွက် နိုင်ငံသားများ၏ နိုင်ငံရေး မျှော်မှန်းချက်ထဲက အချက်အလက်များ အနက် တစ်နိုင်ငံလုံးထဲမှ ပြည်နယ်များ၊ ပြည်နယ်များထဲမှ ရှမ်းပြည်နယ်အနေနဲ့ ဖော်ပြထားတာတွေကို အဓိကညွှန်းမှာ ဖြစ်ပါတယ်။

ယခုကျင်းပနေတဲ့ လွှတ်တော်များရဲ့သက်တမ်းဟာ လာမယ့် ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်မှာ ကုန်ဆုံးတော့မှာ ဖြစ်ပါတယ်။ နောက် ရွေးကောက်ပွဲအတွက် အထွေထွေရွေးကောက်ပွဲကို ၂၀၂၀ ပြည့်နှစ် နှောင်းပိုင်းလောက်မှာ ကျင်းပဖြစ်မယ်လို့ မျှော်လင့်ရင်း လာမယ့်ရွေးကောက်ပွဲမှာ ဒီမိုကရေစီ စံနှုန်းတွေနဲ့ ပိုမိုညီညွတ်မှု ရှိလာစေဖို့ လိုအပ်နေသေးတယ်လို့ Pacemyanmar က သူရဲ့နိဒါန်းမှာ ဖော်ပြထားတယ်။

ဥပမာတွေမှာ ရွေးကောက်ပွဲ ကျင်းပမယ့်ရက်စွဲနဲ့ အချိန်စာရင်းအပါအဝင် ရွေးကောက်ပွဲဆိုင်ရာသတင်းအချက်အလက်တွေကို အများပြည်သူ အလွယ်တကူ သိရှိလက်လှမ်းမီနိုင်ရေးနဲ့ ပွင့်လင်းမြင်သာမှု၊ ရွေးကောက်ပွဲ ဖြစ်စဉ်အတွင်း နိုင်ငံသားများ ပါဝင်ဆောင်ရွက်နိုင်ခွင့် အထူးသဖြင့် စောင့်ကြည့်လေ့လာခွင့်ကို ဥပဒေအရ အကာအကွယ်ပေးမှု၊ ကော်မရှင်ရဲ့ လွတ်လပ်ပြီး အမှီအခိုကင်းမှု၊ မဲဆွယ်စည်းရုံးရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ပိုမိုတိကျစွာ အသေးစိတ်ပြဋ္ဌာန်းမှု၊ မဲဆန္ဒရှင် စာရင်းမှန်ကန်တိကျမှု၊ ကြိုတင်မဲပေးခြင်းလုပ်ငန်းစဉ်များကို ပြန်လည်သုံးသပ်ပြင်ဆင်ပြီး စောင့်ကြည့်လေ့လာသူများ၊ နိုင်ငံရေးပါတီကိုယ်စားလှယ်များနဲ့ သတင်းမီဒီယာတို့အနေနဲ့ စောင့်ကြည့်လေ့လာခွင့် စတဲ့နယ်ပယ်တွေကို ပြုပြင်ပြောင်းလဲမှုများဆောင်ရွက်နိုင်မှသာ ရွေးကောက်ပွဲဖြစ်စဉ်ရဲ့ ဒီမိုကရေစီ စံနှုန်းများကို အာမခံချက်ပေးနိုင်မှာ ဖြစ်တယ်ဟု ဆိုထားတယ်။

လာမယ့် ၂၀၂၀ ရွေးကောက်ပွဲဟာ အတိုက်အခံအဖြစ် ဆယ်စုနှစ်များဖြင့် နေခဲ့ရတဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ ပထမဦးဆုံး ကျင်းပရမယ့်အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးဖြစ်သလို နိုင်ငံရေး အချိုးအကွေ့တစ်ခုလည်း ဖြစ်ပါတယ်။ အရေးကြီးတဲ့ နိုင်ငံရေး ခြေလှမ်းတစ်ခုလည်း ဖြစ်တာကြောင့် ပိုအရေးကြီးပါတယ်။

လတ်တလောဆိုရင်လည်း တိုင်းရင်းသားပါတီတွေ ပေါင်းစည်းလာတာ၊ တစ်ပါတီတည်း ဖြစ်လာတာ၊ အခြားပါတီအသစ်တွေ တည်ထောင်လာတာတွေဟာ ရွေးကောက်ပွဲ နည်းလမ်းကနေ အာဏာကို ရယူဆောင်ရွက်နိုင်တဲ့ တရားဝင် နည်းလမ်းအဖြစ် လက်ခံမှု များပြားလာတာနဲ့အမျှ ပြိုင်ဆိုင်မှုတွေလည်း ပိုမိုပြင်းထန် များပြားလာမှာ ဖြစ်ပါတယ်။

အဲဒီလို ပြိုင်ဆိုင်တဲ့နေရာမှာ ဒီမိုကရေစီ စံနှုန်းတွေနဲ့အညီ သမာသမတ်ရှိရှိ ယှဉ်ပြိုင်နိုင်ကြဖို့က ရွေးကောက်ပွဲတစ်ခုရဲ့ အနှစ်သာရပဲဖြစ်ကြောင်း အကျယ်တဝင့် ပြောစရာတောင်မရှိပါဘူး။ ရွေးကောက်ပွဲဆိုတာကို အသုံးချပြီး ဟစ်တလာလို စစ်အာဏာရှင်က လူသားတွေအပေါ်မှာ လူမဆန်အောင် သတ်ဖြတ်ရက်စက်ခဲ့သလို မြန်မာ့သမိုင်းမှာလည်း တစ်ပါတီအာဏာရှင်စနစ်အတွင်းက လုပ်ခဲ့တဲ့ ရွေးကောက်ပွဲဆိုတာတွေကလည်း မသမာမှုရဲ့ သက်သေတွေ ဖြစ်ပါတယ်၊ ၂၀၀၈ အခြေခံဥပဒေအပေါ် အခြေခံတဲ့ ပထမ၊ ဒုတိယ လွှတ်တော်သက်တမ်းရွေးကောက်ပွဲတွေမှာလည်း မဲမသမာမှုများကို တွေ့ကြုံခဲ့ရတာလည်း လူထုအားလုံး အသိလို့ ဆိုနိုင်ပါတယ်။

အခု ရွေးကောက်ပွဲကော်မရှင်ကတော့ တပ်တွင်းမဲရုံတွေ အပြင်ထုတ်တာကို လုပ်ဆောင်နိုင်ခဲ့ပေမယ့် မဲဆွယ်စည်းရုံးရေးတွေကိုတော့ တပ်တွေအတွင်း ဝင်ရောက်မဲဆွယ်ရန် မဖြစ်နိုင်ဘူးလို့ ဖေဖော်ဝါရီလ ၆ ရက်က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးမြင့်နိုင်က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှာ မီဒီယာတွေကို ပြောကြားခဲ့ပါတယ်။ လုံခြုံရေးအရ မဖြစ်နိုင်ဘူးလို့ သူကပြောပါတယ်။ ၂၀၂၀ ပြည့်နှစ် တပ်မဲရုံအဖြစ် အကြမ်းဖျဉ်း လျာထားချက်အရ တပ်မဲရုံသီးသန့် ၆၀၀ ကျော်၊ ရပ်ကွက်ကျေးရွာများနှင့် ပူးတွဲ မဲရုံ ၄၀၀ နီးပါး ရှိနေတယ်လို့ သူက ပြောခဲ့ပါတယ်။

သူ့ပြောကြားချက်မှာ ပြည်နယ်နဲ့တိုင်းဒေသကြီးအလိုက် ၂၀၂၀ ပြည့်နှစ်ကုန်အထိ အကျုံးဝင်တဲ့ မဲဆန္ဒရှင် စာရင်းအရ ရှမ်းပြည်နယ်မှာ ၃ သန်းကျော်၊ ကချင်ပြည်နယ်မှာ ၁ သန်းကျော်၊ ကယားမှာ ၂ သိန်းကျော်၊ ကရင်မှာ ၁ သန်းကျော်၊ ချင်းမှာ ၃ သိန်းကျော်၊ စစ်ကိုင်းမှာ ၄ သန်းကျော်၊ တနင်္သာရီမှာ ၁ သန်း ၁ သိန်းကျော်၊ ပဲခူးမှာ ၃ သိန်း ၇ သောင်း၊ မကွေးမှာ ၃ သန်းကျော်၊ မန္တလေးမှာ ၄ သန်းခွဲ၊ မွန်ပြည်နယ်မှာ ၁ သန်း ၇ သိန်းကျော်၊ ရခိုင်ပြည်နယ်မှာ ၁ သန်း ၆ သိန်း၊ ရန်ကုန်မှာ ၅ သန်း ၆ သိန်းကျော်၊ ဧရာဝတီမှာ ၄ သန်းကျော်၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်မှာ ၈ သိန်းကျော်တို့ဖြစ်ပြီး မဲဆန္ဒရှင်စုစုပေါင်း ၃၇ သန်းကျော် ရှိမှာဖြစ်တယ်လို့ သိရပါတယ်။

၂၀၁၉ ခုနှစ်၊ မတ်လတွင် pacemyanmar က သူတို့ရဲ့ ၅ ခုမြောက် လူထုသဘောထား အမြင်စစ်တမ်းကောက်ယူရာမှာ မြို့နယ် ၂၃၃ ခုရှိ ရပ်ကွက်နဲ့ကျေးရွာပေါင်း ၅၁၁ နေရာကို တစ်နိုင်ငံလုံးအတိုင်းအတာအဖြစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ၁၄ ခုလုံး ကောက်ယူခဲ့ပြီး ပြည်နယ်များအတွင်း အပိုဆောင်း ကောက်ယူမှု ၇၈၂ ခု မှာ ရှမ်းပြည်နယ်အတွက် အပိုဆောင်း ကောက်ယူမှု ၄၂၈ အပါအဝင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မျက်နှာချင်းဆိုင် တွေ့ဆုံ မေးမြန်းမှုပေါင်း ၂၉၇၈ ခုကို ပြုလုပ်ခဲ့တယ်ဟု ဆိုတယ်။

အပိုဆောင်းကောက်ယူမှုမှာ နမူနာ အရေအတွက်ကို တွက်ချက်ရာမှာ မိုင်းမောမြို့နယ်၊ ပန်ဆန်း(ပန်ခမ်း)မြို့နယ်၊ ပန်ဝိုင်မြို့နယ်၊ နားဖန်မြို့နယ်နှင့် မိုင်းလားမြို့နယ် (၅) မြို့နယ်ကို ထည့်သွင်းနိုင်ခဲ့ခြင်း မရှိဟု သိရပြီး အထူးသဖြင့် ရှမ်းပြည်နယ်က နေရာ ၃၅ နေရာကို လက်နက်ကိုင် တိုက်ပွဲတွေကြောင့် သွားရောက်နိုင်ခြင်းမရှိခဲ့ဘဲအချို့သောနေရာတွေမှာရပ်/ကျေးအုပ်ချုပ်ရေးမှူးတွေက တားဆီးလို့ လုံးဝကောက်ခွင့်မရရှိခဲ့သည့် နေရာများ ရှိခဲ့တယ်လို့ ဖော်ပြထားပါတယ်။

အဆိုပါစစ်တမ်းမှာ ပါရှိတာတွေအနက် လွှတ်တော်နှင့် လွှတ်တော်ကိုယ်စားလှယ်များအတွက် လိုအပ်သည်များကိုသာ ကောက်နုတ်ဖော်ပြခြင်းဖြစ်တဲ့အတွက် အသေးစိတ် သိရှိလိုပါက WWW. Pacemyanmar.org တွင် လေ့လာနိုင်ကြောင်း လေးစားစွာဖြင့် ကြိုတင်မေတ္တာရပ်ခံအပ်ပါတယ် ခင်ဗျား။ အဓိကတော့ စစ်တမ်းပါဖြေကြားတာတွေကို သိခြင်းအားဖြင့် နိုင်ငံသားတွေအကြား လွှတ်တော်နဲ့ အမတ်တွေရဲ့ လုပ်ငန်းစဉ်တွေနဲ့ပတ်သက်တာကို သိရှိမှု နည်းပါးနေတာကို တွေ့ရမှာဖြစ်လို့ ၂၀၂၀ မှာ အမတ်ဖြစ်လာမယ့်သူတွေအတွက် ကိုယ်သာ အမတ်ဖြစ်လာခဲ့ရင် ဘာလုပ်နိုင်မယ်ဆိုတာကို ကြိုတင်လေ့လာနိုင်အောင် အကြံပြုတာပါ။ ဥပဒေပြုခြင်းဆိုတဲ့ မေးခွန်းအောက်မှာဆိုရင်

စစ်တမ်းကောက်ယူသူတွေက ဖြေဆိုသူတွေကို ဥပဒေတစ်ခု ပြုလုပ်ပြဋ္ဌာန်းခြင်းနဲ့ပတ်သက်ပြီး အဆို ၂ ခုကို ဖတ်ပြပြီး မည်သည့်အဆိုကို ပို၍ သဘောတူညီမှု ရှိသည်ကို ရွေးချယ်စေရာမှာ ပထမအဆိုဖြစ်တဲ့"အစိုးရဝန်ကြီးဌာနများက ဥပဒေများကို ဦးဆောင်ရေးဆွဲပြီး လွှတ်တော်က အပြောင်းအလဲ အနည်းငယ်ပြုလုပ်ကာ အတည်ပြု ပြဋ္ဌာန်းသင့်သည်" ကို ၈ ရာခိုင်နှုန်းကသာ ရွေးချယ်ပြီး "လွှတ်တော်ကို ဥပဒေများကို ဦးဆောင်ရေးဆွဲပြီး အစိုးရဝန်ကြီးဌာနများ၊ နိုင်ငံသားများ၊ ပညာရှင်များနှင့် တိုင်ပင်ညှိနှိုင်းကာ အတည်ပြု ပြဋ္ဌာန်းသင့်သည်"ကိုမူ ဖြေဆိုသူ ၅၀ ရာခိုင်နှုန်းက သဘောတူ လက်ခံကြပြီး မသိပါဟု ဖြေဆိုသူ ၃၉ ရာခိုင်နှုန်းရှိကြောင်း တွေ့ရှိရတယ်ဟု ဆိုပါတယ်။

ပြည်ထောင်စုအဆင့် လွှတ်တော်များ၏ ဆောင်ရွက်ချက်မှာ ဝန်ကြီးဌာနများကို ထိန်းကျောင်းမှုတွင် ၃၇ ရာခိုင်နှုန်းမှာ မသိဟု ဖြေပြီး ၃၁ ရာခိုင်နှုန်းသာ ကောင်းပါသည်ဟုဖြေကာ ၂၂ ရာခိုင်နှုန်းမှာကြားနေပြီး ၉ ရာခိုင်နှုန်းမှာ ညံ့သည်ဟုဖြေကြားကြပါတယ်။

နိုင်ငံသားများနှင့် ကျွမ်းကျင်သူပညာရှင်များ၏အကြံဉာဏ်တွေကို ရယူမှုတွင် ၄၄ ရာခိုင်နှုန်းက မသိပါဟု လည်းကောင်း၊ ၂၉ ရာခိုင်နှုန်းသာ ကောင်းပါသည်ဟုလည်းကောင်း၊ ၁၇ ရာခိုင်နှုန်းမှာ ကြားနေကာ ၉ ရာခိုင်နှုန်းမှာ ညံ့သည်ဟု ဖြေဆိုသည်ဟု စစ်တမ်းတွင် ပါရှိပါတယ်။

နိုင်ငံအတွက် အကျိုးဖြစ်ထွန်းစေမယ့် ဥပဒေတွေကို ပြဋ္ဌာန်းနိုင်မှုတွင် မသိပါ၊ ၄၂ ရာခိုင်နှုန်း၊ ၂၈ ရာခိုင်နှုန်းက ကောင်းပါသည်ဟု လည်းကောင်း၊ ၁၉ ရာခိုင်နှုန်းက ကြားနေကာ ၁၀ ရာခိုင်နှုန်းက ညံ့သည်ဟု ဖြေကြားကြပါတယ်။

စီးပွားရေးလုပ်ငန်းတွေ လုပ်ကိုင်ဆောင်ရွက်မှု ပိုမိုလွယ်ကူစေရန် ဥပဒေများ ပြောင်းလဲပြင်ဆင်ခြင်းတွင် ၄၃ ရာခိုင်နှုန်းက မသိပါ၊ ၂၈ ရာခိုင်နှုန်းက ကောင်းပါသည်၊ ၁၇ ရာခိုင်နှုန်းက ကြားနေကာ ၁၀ ရာခိုင်နှုန်းက ညံ့သည်ဟု ဆိုတယ်။

စာမျက်နှာ (၂၂) သို့ ➢ ➢ ➢

# ကုန်စည်ဈေးနှုန်း

| | | | |
|---|---|---|---|
| **ဆန်ဈေး** | | | |
| ၁။ | ရွှေဘိုပေါ်ဆန်းမွှေး(သစ်) | တစ်ပြည် | ၂၈၀၀ |
| ၂။ | ဖျာပုံပေါ်ဆန်း(သစ်) | တစ်ပြည် | ၂၅၀၀ |
| ၃။ | ဒေသဆန်(ရှမ်း)(သစ်) | တစ်ပြည် | ၂၃၀၀ |
| ၄။ | ငချိပ် | တစ်ပြည် | ၃၀၀၀ |
| ၅။ | ကောက်ညှင်း | တစ်ပြည် | ၃၀၀၀ |
| **ဆီဈေး** | | | |
| ၁။ | ပဲဆီ(ရှယ်) | တစ်ပိဿာ | ၆၈၀၀-၇၅၀၀ |
| ၂။ | ပဲဆီ(ရိုးရိုး) | တစ်ပိဿာ | ၃၅၀၀ |
| ၃။ | အမေထွား | တစ်ပိဿာ | ၈၅၀၀ |
| ၄။ | နေကြာဆီ | တစ်ပိဿာ | ၃၅၀၀-၇၀၀၀ |
| **ဆား** | | တစ်ပိဿာ | ၅၀၀-၁၀၀၀ |
| **ငရုတ်သီး (အစိမ်း)** | | | |
| ၁။ | ငရုတ် (အရှည်) | တစ်ပိဿာ | ၁၅၀၀-၂၀၀၀ |
| ၂။ | ငရုတ်(အပု) | တစ်ပိဿာ | ၃၅၀၀-၄၀၀၀ |
| **ကြက်သွန်** | | | |
| ၁။ | ကြက်သွန်ဖြူ (မျိုးခြား) | တစ်ပိဿာ | ၁၅၀၀-၁၆၀၀ |
| ၂။ | ကြက်သွန်ဖြူ မွှာထူး(၄) | တစ်ပိဿာ | ၂၈၀၀-၃၂၀၀ |
| ၃။ | ကြက်သွန်ဖြူ မွှာထူး(၃) | တစ်ပိဿာ | ၂၂၀၀-၂၄၀၀ |
| ၄။ | ကြက်သွန်ဖြူ မွှာထူး(၂) | တစ်ပိဿာ | ၁၉၀၀-၂၀၀၀ |
| ၅။ | ကြက်သွန်ဖြူ မွှာထူး(၁) | တစ်ပိဿာ | ၁၆၀၀-၁၇၀၀ |
| ၆။ | ကြက်သွန်ဖြူ တရုတ် | တစ်ပိဿာ | ၄၅၀၀ |
| ၇။ | ကြက်သွန်နီ(ဥကြီး) | တစ်ပိဿာ | ၂၂၀၀ |
| ၈။ | ကြက်သွန်နီ(ဥသေး) | တစ်ပိဿာ | ၂၀၀၀ |
| **ပဲအမျိုးမျိုး** | | | |
| ၁။ | ပဲနီလေး | တစ်ပိဿာ | ၂၄၀၀-၃၀၀၀ |
| ၂။ | ကုလားပဲ | တစ်ပိဿာ | ၁၈၀၀-၂၂၀၀ |
| ၃။ | ပဲစင်းငုံ(နီသေး) | တစ်ပိဿာ | ၁၀၈၀ |
| ၄။ | ပဲစင်းငုံ (ဖြူကြီး) | တစ်ပိဿာ | ၁၀၃၀ |
| ၅။ | ပဲစင်းငုံ (နီကြီး) | တစ်ပိဿာ | - |
| ၆။ | ပဲပုတ်စေ့ | တစ်ပိဿာ | ၁၀၅၀ |
| ၇။ | ပန်းနှမ်း | တစ်ပိဿာ | ၁၄၅၀ |
| ၈။ | နှမ်းဖြူ (လှော်ပြီး) | တစ်ပိဿာ | ၅၆၀၀ |
| ၉။ | ပြောင်း | တစ်ပိဿာ | ၃၉၀-၄၀၀ |
| **အာလူး (ဒေသ)** | | တစ်ပိဿာ | ၁၅၀၀ |
| ချင်း (ကြီး) | | တစ်ပိဿာ | ၂၀၀၀ |
| ချင်း (သေး) | | တစ်ပိဿာ | ၂၀၀၀ |
| **လက်ဖက်ခြောက်** | | တစ်ပိဿာ | ၈၀၀၀-၁၁၀၀၀ |
| **သားငါးဈေး** | | | |
| ၁။ | ကြက်သား(ဒေသ) | တစ်ပိဿာ | ၁၃၀၀၀ |
| ၂။ | ကြက်သား(စီပီ) | တစ်ပိဿာ | ၅၅၀၀ |
| ၃။ | ဝက်သား | တစ်ပိဿာ | ၈၀၀၀ |
| ၄။ | ဆိတ်သား | တစ်ပိဿာ | ၁၈၀၀၀-၂၀၀၀၀ |
| ၅။ | အမဲသား | တစ်ပိဿာ | ၁၆၀၀၀ |
| ၆။ | ငါး (ငါးကြင်း) | တစ်ပိဿာ | ၁၀၀၀၀-၁၂၀၀၀ |
| **ရွှေဈေး** | | | |
| ၁။ | အခေါက်ရွှေ | တစ်ကျပ်သား | ၁၂၄၉၀၀၀ |
| ၂။ | ဒင်္ဂါးရွှေ(၁၅ ပဲရည်) | တစ်ကျပ်သား | ၁၁၇၅၅၀၀ |
| ၃။ | ဒင်္ဂါးရွှေ(၁၄ ပဲရည်) | တစ်ကျပ်သား | ၁၁၁၀၅၀၀ |
| **စက်သုံးဆီ** | | | |
| ၁။ | ဓာတ်ဆီ (၉၂/၉၅) | တစ်လီတာ | ၈၄၀ / ၉၈၅ |
| ၂။ | ဒီဇယ် (ရိုးရိုး/ပရီမီယံ) | တစ်လီတာ | ၉၀၅ / ၉၃၀ |

အထက်ပါ ဈေးနှုန်းများကို ကမ္ဘာ့ဇတိုင်းသတင်းဂျာနယ်မှ တောင်ကြီးမြို့ပေါ်၌ ဖေဖော်ဝါရီလ ၂၃ ရက်တွင် ရယူစုဆောင်းထားခြင်း ဖြစ်ပါသည်။

အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲများ ရှိနိုင်ပါသည်။

# တစ်ပတ်တာ ကံကြမ္မာ

■ ဆရာယဉ်မင်းအောင်



## တနင်္ဂနွေ

ထူးခြားသော သတင်းစကား ကြားသိရမည်။ လိုချင်သော ပစ္စည်းများလည်း ဝင်လာလိမ့်မည်။ ဆိုင်ကယ်၊ မော်တော်ကားကိစ္စ ဆောင်ရွက်ရမည်။ ငွေကြေးကိစ္စ ဝင်ငွေကောင်းလာပါမည်။ နည်းနည်းစိတ်ချမ်းသာလာမည်။ ခရီး ယာယီသွားလာရလိမ့်မည်။ သားသမီးအတွက် စိတ်ပူပန်ရခြင်းများနေမည်။ ကုန်သည်များ အရောင်းအဝယ် ရပ်တန့်နေးကွေးလိမ့်မည်။ ဝန်ထမ်းများ အလုပ်ကိစ္စ ပိနေလိမ့်မည်။ အချို့မှာ အလုပ်နှစ်မျိုး လုပ်ရမည်။ ပွဲစားများမှာ အရောင်းအဝယ် မဖြစ်နိုင်သေးပါ။ လိုငွေပြအုံ့။ ငယ်သူများ အချစ်ရေးကိစ္စတွင် ချစ်သူနဲ့ အဆင်ပြေမည်။ စိတ်ပျော်ရွှင်ရမည်။ ကျန်းမာရေးတွင် ယားနာဖြစ်မည်။ ချောင်းဆိုးခြင်း ဖြစ်မည်။ ကံကောင်းစေသော ဂဏန်းမှာ (၃/၇/၉) ဖြစ်သည်။

ယတြာ။ စေတီမှာ မာလကာသီးလှူပါ။



## တနင်္လာ

ရွှေရတနာစသည် ဝင်မည်။ အောက်လူများကြောင့် စိတ်ဆင်းရဲရလိမ့်မည်။ ကြီးသူကိစ္စများကို ဆောင်ရွက်ပေးနိုင်မည်။ အိမ်အတွင်း ပြုပြင်ရခြင်း ကြုံလိမ့်မည်။ စီးပွားရေးလုပ်ငန်းများတွင် ပြောင်းလဲလုပ်ကိုင်ရန်၊ တိုးချဲ့ရန် ကြုံမည်။ နေအိမ်သို့ သူခိုးဝင်တတ်သဖြင့် သတိထားပါ။ ပစ္စည်းအထားမှားတတ်ပါသည်။ ကုန်သည်များ ပစ္စည်းအရောင်းအဝယ် မှားယွင်းတတ်ပါသည်။ ငွေလည်း တောင်းရခက်လိမ့်မည်။ ဝန်ထမ်းများ ဝင်ငွေတိုးတက်လာမည်။ ပွဲစားများ အပေါင်ကိစ္စ တည့်လိမ့်မည်။ ငယ်သူများ အချစ်ရေးတွင် ချစ်သူက အထင်လွဲ စိတ်ကောက်နေလိမ့်မည်။ ကျန်းမာရေးကိစ္စများတွင် ဆီးပူ၊ ဆီးအောင့်မည်။ ကံကောင်းစေသော ဂဏန်းများမှာ (၀/၁/၄)ဖြစ်သည်။

ယတြာ။ သံဃာတော်ကို ပျားရည်လှူပါ။



## အင်္ဂါ

ငွေများများ ရုတ်တရက်မြတ်မည်။ ဝင်လာတတ်ပါသည်။ စက်ပစ္စည်း အရမ်းအဝင်မခံသင့်ပါ။ စိတ်ကူးအကြံအစည်သစ်များ ပေါ်ပေါက်လိမ့်မည်။ ပရိဘောဂများ၊ မီးဖိုသုံးပစ္စည်းများ ဝင်လာမည်။ ညအိပ်ခြေသည် သတိထားလက်ခံပါ။ အပူပေးမည်။ လုပ်ငန်းကိစ္စများတွင် အလုပ်ရှုပ်ထွေးနေပါလိမ့်မည်။ ကုန်သည်များ စာချုပ်ပြုလုပ်ရမည်။ လုပ်ငန်းတိုးချဲ့လိမ့်မည်။ ငယ်သူများ အချစ်ရေးတွင် ချစ်သူထံမှ လက်ဆောင်ကောင်းရလိမ့်မည်။ ကျန်းမာရေးကိစ္စများတွင် အစားမှားသဖြင့် ဝမ်းပျက်မည်။ အစာမကြေဖြစ်မည်။ ကံကောင်းစေသော ဂဏန်းမှာ (၄/၆/၇) ဖြစ်သည်။

ယတြာ။ သံဃာတော်ကို မုန့်လှူပါ။



## ဗုဒ္ဓဟူး

ခရီးယာယီသွားရမည်။ သူတစ်ပါးကိစ္စ ဝင်ရောက်ဖြေရှင်းပေးရတတ်ပါသည်။ အိမ်ထောင်ရေး အိမ်တွင်းကိစ္စ စိတ်ရှုပ်ရမည်။ အစားကောင်း စားရမည်။ အလှူမင်္ဂလာပွဲ ရောက်လိမ့်မည်။ လူယုံများ သတိထားမိမိကို လှည့်စားလိမ့်မည်။ ရွှေပြန်ထွက်တတ်သည်။ အရေးကြီးသော စာရွက်စာတမ်းများ ပျောက်နေသဖြင့် စိတ်ညစ်ရမည်။ ကုန်သည်များ ပစ္စည်းအသစ် တင်ရမည်။ ဝန်ထမ်းများ စာရင်းမှားသွင်းမိတတ်ပါသည်။ သတိပြုပါ။ ပွဲစားများ အိမ်ခြံအရောင်းတည့်လိမ့်မည်။ ငယ်သူများ ချစ်သူနှင့် အလည်သွားရမည်။ ကျန်းမာရေးတွင် သွား၊ လျှာများ နာမည်။ သွားကိုက်ခြင်း ဖြစ်တတ်ပါသည်။ ကံကောင်းစေသော ဂဏန်းမှာ (၃/၄/၈) ဖြစ်သည်။

ယတြာ။ စေတီတွင် အုန်းညွန့်လှူပါ။



## ကြာသပတေး

အလှူပွဲ၊ မင်္ဂလာဆောင် သွားရမည်။ ကွဲကွာနေသောသူနဲ့ ပြန်တွေ့ဆုံပါမည်။ စက်ပစ္စည်း ဝင်မည်။ အကြံအစည်ကို အနှောင့်အယှက် ကြုံမည်။ စီးပွားရေးဆုံးရှုံးနစ်နာခြင်း ကြုံမည်။ လူထွက်တတ်သည်။ ကြွေးပြန်ရမည်။ အိမ်မြေ ရောင်းချရမည်။ ပေါင်နှံရမည်။ အတိုက်အခံများမည်။ မိတ်ဆွေကောင်း၏ အကူအညီတော့ ရလိမ့်မည်။ ကုန်သည်များမှာ အောက်လူဒုက္ခပေးမည်။ ဝန်ထမ်းများမှာ အလုပ်ကိစ္စ တာဝန်ပိနေမည်။ ပွဲစားများမှာ မြေအရောင်း၊ အိမ်အရောင်းတည့်လိမ့်မည်။ ငယ်သူများမှာ အချစ်ရေးကိစ္စတွင် ချစ်သူထံသို့ လက်ဆောင်ကောင်းပေးခွင့် ရလိမ့်မည်။ ကျန်းမာရေးကိစ္စများတွင် အကြောတင်မည်။ ကိုယ်လက်နာမည်။ ကံကောင်းစေသော ဂဏန်းမှာ (၀/၄/၇) ဖြစ်သည်။

ယတြာ။ စေတီတွင် ယာဂုလှူပါ။



## သောကြာ

ကားသစ်လဲလှယ်ရမည်။ ခရီးဝေး သွားရမည်။ ရုတ်တရက် ပွပေါက်တိုးလိမ့်မည်။ ခက်ခဲသော အရာမှ လွတ်မည်။ ဘုရားဖူး ခရီးသွားရမည်။ အလှူကောင်း လုပ်ရမည်။ မိတ်ဆွေကောင်းကြောင့် စီးပွားတိုးတက်လာမည်။ လိုချင်သောပစ္စည်းများ ရှာတွေ့ခြင်း ကြုံမည်။ အိမ်ပြင်မည်။ ဆေးသုတ်ရမည်။ အသုံးအဆောင် ဝင်လာမည်။ ပရိဘောဂ ဝင်မည်။ ကုန်သည်များမှာ အရောင်းအား တိုးတက်လာမည်။ မြတ်မည်။ ဝန်ထမ်းများ ဖြေရှင်းချက်ပေးရမည်။ ရှင်းလင်းပြောဆိုရမည်။ ပွဲစားများမှာ ဈေးငွေကိစ္စမှ ပွဲခရကြလိမ့်မည်။ ငယ်သူများမှာ အချစ်ရေးတွင် ချစ်သူအတွက် စိတ်ညစ်ရမည်။ ယာယီဝေးရတတ်သည်။ ကျန်းမာရေးကိစ္စများတွင် လေနာမည်။ လေအောင့်ဖြစ်မည်။ ကံကောင်းစေသော ဂဏန်းမှာ (၁/၅/၈) ဖြစ်သည်။

ယတြာ။ သံဃာတော်ကို ဆပ်ပြာလှူပါ။



## စနေ

မိန်းကလေးများ နားကပ်ဝင်မည်။ ထင်ရှားသောနေရာ သွားလာရမည်။ အဝတ်အထည် အလှကုန်စသည်တို့ ဝင်လာမည်။ မိတ်ဆွေမင်္ဂလာပွဲ ကြုံမည်။ အိပ်ယာခင်းများ၊ စောင်များ အသစ်ဝင်လာမည်။ သူများကိစ္စ ဝင်ကူရမည်။ မြုပ်နေသောငွေ ပြန်ပေါ်မည်။ ကားပြင်ရမည်။ စီးပွားရေးငွေဝင်သော်လည်း မမြဲချေ။ အထွက်များနေသည်။ ကုန်သည်များမှာ အရောင်းကျဆင်းနေမည်။ ဝန်ထမ်းများ အလုပ်ပိနေမည်။ စိတ်ရှုပ်နေမည်။ ပွဲစားများ ဘာမှ အလုပ်မကောင်းပါ။ ရပ်တန့်နေမည်။ ငယ်သူများမှာ အချစ်ရေးတွင် ချစ်သူပြန်ဆုံတွေ့မည်။ အဆက်အသွယ် ပြတ်နေသူများ အဆက်သွယ်ရမည်။ ကျန်းမာရေးကိစ္စတွင် ရေရှိုးမှားတတ်ပါသည်။

ယတြာ။ စေတီတွင် နှင်းဆီပန်း လှူပါ။

## ➢ စာမျက်နှာ (၂၀) အမတ်လောင်းများအတွက်မှ အဆက်

နိုင်ငံရေးနှင့်နိုင်ငံသားအခွင့်အရေးများကိုအကန့်အသတ်ဖြစ်နေသည့်ဥပဒေများကိုပြင်ဆင်ခြင်း/ဖျက်သိမ်းခြင်းတို့တွင် မသိပါက ၄၇ ရာခိုင်နှုန်း၊ ကောင်းပါသည်က ၂၄ ရာခိုင်နှုန်း၊ ကြားနေက ၁၈ ရာခိုင်နှုန်းရှိပြီး၊ ၉ ရာခိုင်နှုန်းက ညံ့ကြောင်း ဖြေဆိုခဲ့ကြတာ တွေ့ရပါတယ်။ တိုင်းဒေသကြီး/ပြည်နယ်များ၏ လုပ်ငန်းများကို ထိန်းကျောင်းမှုတွင် မသိပါက ၄၀ ရာခိုင်နှုန်း၊ ၂၈ ရာခိုင်နှုန်းက ကောင်းပါသည်။ ၂၀ ရာခိုင်နှုန်းက ကြားနေ ၁၁ ရာခိုင်နှုန်းက ညံ့ပါသည်ဟု ဖြေကြကြောင်း ပါရှိပါတယ်။

ဒေသတွင်း စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်မှုပိုမိုလွယ်ကူစေရန် ဥပဒေများ ပြောင်းလဲပြင်ဆင်ခြင်းတွင် မသိပါက ၄၄ ရာခိုင်နှုန်း၊ ကောင်းပါသည်က ၂၈ ရာခိုင်နှုန်း၊ ကြားနေ ၁၇ ရာခိုင်နှုန်းနှင့် ညံ့သည် ၉ ရာခိုင်နှုန်းတို့ဖြစ်သည်။

နိုင်ငံသားများနှင့် ကျွမ်းကျင်ပညာရှင်များ၏ အကြံဉာဏ်များကို ရယူမှုတွင် မသိပါက ၄၇ ရာခိုင်နှုန်း၊ ၂၆ ရာခိုင်နှုန်းက ကောင်းပါသည်။ ၁၇ ရာခိုင်နှုန်းက ကြားနေနှင့် ၈ ရာခိုင်နှုန်းက ညံ့သည်ဟု ဆိုပါတယ်။

တိုင်းဒေသကြီး/ ပြည်နယ်များအတွက် အကျိုးဖြစ်ထွန်းစေမည့် ဥပဒေများကို ပြဋ္ဌာန်းနိုင်မှုတွင် မသိပါက ၄၆ ရာခိုင်နှုန်း၊ ကောင်းပါသည်က ၂၄ ရာခိုင်နှုန်း၊ ကြားနေက ၁၈ ရာခိုင်နှုန်းနဲ့ ညံ့တာက ၉ ရာခိုင်နှုန်း ဖြေထားတယ်။ ဒီနေရာမှာ ရှမ်းပြည်နယ်အတွင်း အဖြေများမှာ မသိပါ ဖြေ တာက ၆၀ ရာခိုင်နှုန်း၊ ကောင်းတယ်လို့ ဖြေတာက ၁၃ ရာခိုင်နှုန်းသာရှိပြီး မသိပါက ၁၈ ရာခိုင်နှုန်းနဲ့ ညံ့တာက ၈ ရာခိုင်နှုန်း ရှိကြောင်းပါ။

လွှတ်တော်အသီးသီးရဲ့ အစည်းအဝေးတွေမှာ တက်ကြွစွာ ပါဝင်ဆွေးနွေးတဲ့နေရာမှာ လုံးဝတစ်ကြိမ်တစ်ခါမှ ဆွေးနွေးတင်ပြခြင်း မေးခွန်းမေးမြန်းခြင်း မရှိခဲ့တဲ့ အမတ်တွေ ရှိနေခဲ့တယ်ဆိုတာ အသေးစိတ် မဖော်ပြပေမယ့် ပါဝင်နေတယ်ဆိုတာ ပြောလိုပါတယ်။ အမတ်တွေရဲ့ဆွေးနွေးတဲ့ လုပ်ဆောင်ချက်ကို စစ်တမ်းမှာ ၄၉ ရာခိုင်နှုန်းက မသိပါလို့ဖြေသလို ကောင်းတာက ၂၄ ရာခိုင်နှုန်း၊ ကြားနေက ၁၄ ရာခိုင်နှုန်းနဲ့ ညံ့တယ်လို့ဖြေတာက ၁၁ ရာခိုင်နှုန်းရှိတယ်လို့ ဖော်ပြထားတာတွေ့ရပါတယ်။

ဥပဒေကြမ်းများ တင်သွင်းတဲ့နေရာမှာလည်း ပြည်နယ်တွေအနေနဲ့ မသိပါက ၅၅ ရာခိုင်နှုန်း၊ ကောင်းတာက ၁၆ ရာခိုင်နှုန်း၊ ကြားနေက ၁၇ ရာခိုင်နှုန်းနဲ့ ၉ ရာခိုင်နှုန်းက ညံ့တယ်လို့ ပါတယ်။

အခြားပါတီတွေက အမတ်တွေနဲ့ ပူးပေါင်းဆောင်ရွက်တဲ့နေရာမှာ ၅၄ ရာခိုင်နှုန်းက မသိပါ၊ ၁၇ ရာခိုင်နှုန်းက ကောင်းပါတယ်၊ ၁၅ ရာခိုင်နှုန်းက ကြားနေနဲ့ ၁၂ ရာခိုင်နှုန်းက ညံ့တယ်လို့ ဆိုတယ်။

အထက်ပါအချက်တွေကို အကျဉ်းချုံးပြီး အမတ်တွေအပေါ် မဲဆန္ဒရှင်တွေရဲ့ မျှော်မှန်းချက်တွေကို ဖော်ပြထားတာမှာ ရပ်ရွာတွင်းကိစ္စရပ်တွေကို အခုထက် ပိုမိုနားလည်အောင် အားထုတ်ရန် ၄၇ ရာခိုင်နှုန်း၊ ဖွံ့ဖြိုးရေးလုပ်ငန်းများကို စစ်ဆေးရန် ၃၀ ရာခိုင်နှုန်း၊ တစ်နိုင်ငံလုံးနဲ့ သက်ဆိုင်တဲ့ ကိစ္စရပ်တွေကို အခုထက် ပိုမိုနားလည်အောင် အားထုတ်ရန် က ၂၄ ရာခိုင်နှုန်း၊ မဲဆန္ဒနယ်ကို သွားရောက်လည်ပတ်ရန်က ၁၈ ရာခိုင်နှုန်း၊ ဥပဒေပြုရေး ကိစ္စရပ်တွေကို ပိုမိုနားလည်အောင် အားထုတ်ရန်က ၁၂ ရာခိုင်နှုန်း၊ ကျွမ်းကျင်ပညာရှင်တွေရဲ့ အကြံဉာဏ်ကို ရယူသင့်တာက ၉ ရာခိုင်နှုန်း၊ မဲဆန္ဒနယ်မှာ ရုံးခန်း ဖွင့်သင့်တယ်ဆိုတာက ၆ ရာခိုင်နှုန်း၊ အခြား ၇ ရာခိုင်နှုန်းနဲ့ ဘာမှမလိုဘူးဆိုတာက ၂ ရာခိုင်နှုန်းရှိပြီး မသိပါဆိုတာက ၂၄ ရာခိုင်နှုန်းရှိတယ်လို့ စစ်တမ်းက ဆိုတာကို မှတ်သားသင့်ကြောင်းပါ။

လက်ရှိ လွှတ်တော်အသီးသီးမှာ NLD က ပြည်သူ့လွှတ်တော် ၂၅၅ နေရာနဲ့ အမျိုးသားလွှတ်တော် ၁၃၅ နေရာ၊ USDP က ပြည်သူ့လွှတ်တော်မှာ ၃၀ ၊ အမျိုးသားလွှတ်တော်မှာ ၁၁ နေရာ၊ SNLD က ပြည်သူ့လွှတ်တော်မှာ ၁၂ နေရာ၊ အမျိုးသားလွှတ်တော်မှာ ၃ နေရာ၊ ANP က ပြည်သူ့လွှတ်တော်မှာ ၁၂ နေရာ၊ အမျိုးသားလွှတ်တော်မှာ ၁၀ နေရာ ရှိနေတာဖြစ်တယ်။

ရှမ်းပါတီဖြစ်တဲ့ SNLD ကို ရှမ်းပြည်နယ်မှာ ၄၄ ရာခိုင်နှုန်းက မသိပါ၊ ၂၃ရာခိုင်နှုန်းက ကောင်းပါတယ်၊ ၂၅ ရာခိုင်နှုန်းက ကြားနေနဲ့ ၅ ရာခိုင်နှုန်းက ညံ့တယ်လို့ ဆိုတာ စစ်တမ်းမှာ တွေ့ရတယ်။

NLD ကိုတော့ တစ်နိုင်ငံလုံး စစ်တမ်းပါ ပြည်နယ်များမှာ ၂၈ ရာခိုင်နှုန်းက မသိပါ၊ ၃၉ ရာခိုင်နှုန်းက ကောင်းတယ်၊ ၂၀ ရာခိုင်နှုန်းက ကြားနေနဲ့ ၁၁ ရာခိုင်နှုန်းက ညံ့တယ်လို့ ဆိုတယ်။

USDP ကိုတော့ တစ်နိုင်ငံလုံး စစ်တမ်းပါပြည်နယ်များမှာ ၃၄ ရာခိုင်နှုန်းက မသိပါ။ ၂၃ ရာခိုင်နှုန်းက ကောင်းပါသည်။ ၂၃ ရာခိုင်နှုန်းက ကြားနေနဲ့ ၁၈ ရာခိုင်နှုန်းက ညံ့တယ်လို့ ဖော်ပြပါတယ်။

တောင်ကြီးအခြေစိုက် Kanbawza Tai က စစ်တမ်းအသေးစား တစ်ခုကို ဖေဖော်ဝါရီအတွင်းက တောင်ကြီး ကျိုင်းတုံ၊ လားရှိုး စတဲ့ နေရာတွေမှာ ပထမဆုံး မဲပေးရမယ့် အသက် ၁၈ နှစ်ပြည့် လူငယ်တွေကို သမ္မတနာမည်၊ ရှမ်းပြည်နယ် ဝန်ကြီးချုပ်နာမည်၊ ရှမ်းပြည်မှာ ဘယ်ပါတီက မဲအများဆုံး နိုင်ခဲ့သလဲနဲ့ မဲပေးမှာလား မေးခွန်း(၄)ခုရဲ့ အဖြေရယူခဲ့တာမှာ လူငယ်အများစုက သမ္မတနာမည်ကို သိပေမယ့် ဝန်ကြီးချုပ်နာမည်နဲ့ ရှမ်းပြည်မှာ ဘယ်ပါတီက မဲအများဆုံးအနိုင်ရတယ်ဆိုတာ မသိတာတွေ့ရသလို မဲပေးတာတောင် အိမ်က ပြောမှဆိုတာမျိုးတွေ ပါတာတွေ့ရတာဖြစ်လို့ အမတ်လောင်းများအနေနဲ့ လူထုအကြား နိုင်ငံရေး အသိအမြင်ဖွင့်ကိစ္စရပ်တွေ လုပ်ပေးဖို့ ပိုမိုလိုအပ်နေတယ်ဆိုတာ တွေ့ရပါတယ်။

တစ်နိုင်ငံလုံးအတိုင်းအတာ Pacemyanmar စစ်တမ်းမှာ အမျိုးသမီး ကိုယ်စားလှယ်လောင်းကို ၅၆ ရာခိုင်နှုန်းက မဲပေးမယ်။ အသက် ၄၀ အောက်ကို ၅၅ ရာခိုင်နှုန်း မဲပေးမယ်၊ ကိုးကွယ်ရာဘာသာ မတူတဲ့သူကို ၂၂ ရာခိုင်နှုန်း မဲပေးမယ်၊ လူမျိုးမတူတာကို ၃၆ ရာခိုင်နှုန်းက မဲပေးမယ်၊ အခြားမြို့မှာနေသူကို ၃၆ ရာခိုင်နှုန်းက မဲပေးမယ် ဆိုတာတွေကို သတိမူသင့်ပါတယ်။

၂၀၁၅ တုန်းက လွှတ်တော်အားလုံးအတွက် ပါတီတစ်ခုထဲကို မဲပေးခဲ့တာက ၅၉ ရာခိုင်နှုန်းရှိပြီး လွှတ်တော်အလိုက် မတူညီတဲ့ ပါတီကို မဲပေးခဲ့တာက ၂၃ ရာခိုင်နှုန်းရှိကာ မသိပါက ၁၅ ရာခိုင်နှုန်းရှိခဲ့တာဖြစ်ပြီး ကြားဖြတ်ရွေးကောက်ပွဲ ၂ ခုမှာ မဲပေးတဲ့ဦးရေ သိသိသာသာ နည်းပါးသွားတာတွေ့ရလို့ အခု ၂၀၂၀ အတွက် မဲပေးလိုစိတ်ကို စစ်တမ်းကောက်တာမှာ တစ်နိုင်ငံလုံးအတိုင်းအတာအနေနဲ့ ၄၈ ရာခိုင်နှုန်းသာ ကျိန်းသေမဲပေးမယ်လို့ဖြေကြားထားတယ်။ ရှမ်းပြည်နယ်အနေနဲ့ကတော့ ၃၀ ရာခိုင်နှုန်းပဲ မဲပေးမယ်လို့ ဖြေထားတာတွေ့ရတာကို အထူး ဂရုပြုသင့်ပါတယ်။

အဆုံးသတ်ပြောချင်တာက အမျိုးသားလွှတ်တော်အမတ် ၂၂၄ နေရာမှာ တပ် ၅၆ ဖယ်ရင် ပြည်သူက ၁၆၈ နေရာ ရွေးပေးရမယ်။ ဒီထဲက ၁၁၃ နေရာ နိုင်တဲ့သူက အမျိုးသားလွှတ်တော်ကို လွှမ်းမိုးမယ်။ ပြည်သူ့လွှတ်တော်အမတ် ၄၄၀ မှာ တပ် ၁၁၀ ကို ဖယ်ရင် ၃၃၀ ကို ပြည်သူက မဲပေးလို့ ၂၂၁ ဦး နိုင်တဲ့ ပါတီကပြည်သူ့လွှတ်တော်ကို လွှမ်းမိုးမယ်။ အမျိုးသားနဲ့ ပြည်သူ့လွှတ်တော်ပေါင်း ၆၆၄ နေရာမှာ ၃၃၃ ဦးရတဲ့ ပါတီက အစိုးရ ဖွဲ့နိုင်မယ်။ ဆိုတော့ ပါတီတွေ အမတ်လောင်းတွေ ကြိုးစားသင့်တာက ၂၀၁၅ တုန်းက ရှုံးခဲ့တဲ့ နေရာတွေကို အနိုင် ပြန်ရနိုင်အောင် ရိုးသားစွာကြိုးစားကြစေလိုကြောင်းပါ။

အခြားပါတီများ၊ တိုင်းရင်းသားပါတီများနဲ့ တစ်သီးပုဂ္ဂလအမတ်များ အနေနဲ့ကတော့ အနီနဲ့အစိမ်းကြားက ၂၀၁၅ တုန်းက လွတ်သွားတဲ့ ကွာခြားချက် အမတ်နေရာ ၅၇ နေရာကို နိုင်ခဲ့မယ်ဆိုရင် အင်အားချိန်နဲ့ သွားတဲ့ ပါတီကြီးတွေကို မဲ တင်းနိုင်တဲ့ ပါဝါ ရသွားနိုင်တာဖြစ်လို့ မြန်မာ့နိုင်ငံရေးကို ထိန်းကျောင်းနိုင်မည် ဖြစ်ကြောင်းပါ။ ။

## ➢ စာမျက်နှာ (၂၄) စွပ်စွဲ အပြစ်တင်မှု မှ အဆက်

သင့်မသင့် တရားခွင်၌ စစ်ဆေးရာတွင် သက်သေများကို တစ်ဦးတစ်ယောက်မျှ ဆင့်ခေါ်ခြင်း မပြုခဲ့ပေ။ ဒီမိုကရက်တစ်ပါတီက သက်သေ တင်သွင်းရန် ကြိုးပမ်းခဲ့ကြသော်လည်း ရီပတ်ပလီကင် ပါတီက ပယ်ချခဲ့သည်။ အောက်လွှတ်တော်တွင် ဒီမိုကရက်တစ်များက ဦးဆောင်ပြီး စစ်ဆေးမေးမြန်းခဲ့စဉ်က သက်သေများအား ဆင့်ခေါ်ကြားနာခဲ့ပြီး ဖြစ်သောကြောင့် ထပ်မံ၍ သက်သေများအား ဆင့်ခေါ်ကြားနာရန် လိုအပ်ခြင်း မရှိတော့ကြောင်း ရီပတ်ပလီကင်ပါတီမှ ယူဆထားသည်။

ထိုကဲ့သို့ အထက်လွှတ်တော်က တရားခွင်က သက်သေများ ဆင့်ခေါ်ကြားနာခြင်း၊ မပြုဘဲ၊ မဲခွဲဆုံးဖြတ်ခဲ့သည်ကား သမိုင်းတစ်လျှောက် ပထမဆုံးအကြိမ် ဖြစ်သည်ဟု ဆိုသည်။ အဆိုပါ လုပ်ရပ်သည် စီရင်ထုံးတစ်ခုကဲ့သို့ ဖြစ်လာမည် ဆိုပါက နောင်ပေါ်ပေါက်လာမည့် စွပ်စွဲအပြစ်တင်မှုများ၌လည်း သက်သေမပါဘဲ ပြီးစလွယ် စစ်ဆေးဆုံးဖြတ်မှုများ ပေါ်ပေါက်လာနိုင်သည်ဟူ၍ ပညာရှင်များက သတိပေးထားပေသည်။



# ခြေဗလာနှင့် ထို သံဃာ

□ ဆက်းမောင်(ကွတ်ခိုင်)



လွန်ခဲ့သော ၁၅ နှစ်ခန့်၊ လားရှိုးမြို့တွင် နေစဉ်က မဟာဗောဓိရုံကျောင်းလမ်းအတိုင်း ဆိုင်ကယ်လေးစီးပြီး မောင်းနှင်လာခိုက် ရေကန်တောင် လမ်းဆုံအရောက်တွင် သံဃာတစ်ပါးက ကျွန်တော့်ဆိုင်ကယ်ကို တားပါသည်။ ရဟန်းများ ခရီးသွားလာလျှင် အသုံးပြုလေ့ရှိသည့် အဝါရောင် လွယ်အိတ်ကိုလည်း ပုခုံးထက်၌ လွယ်ထား၏။ အာဂန္တု ခရီးသွား ရဟန်းတစ်ပါးဖြစ်လိမ့်မည်ဟု အကြမ်းဖျင်း ကောက်ချက်ချမိပြီး ယခုကဲ့သို့ ကျွန်တော့်ဆိုင်ကယ်ကို တားခြင်းမှာ လမ်းကြုံ လိုက်ချင်၍ ဖြစ်မည်ဟု တွေးထင်မိသည်။ ထိုသို့ဆိုပေက ကျွန်တော့်၏ သွားလာရခြင်းအကြောင်းကိစ္စများကို အပထားပြီး သံဃာတော် အလိုရှိရာသို့ ဦးစားပေး လိုက်လံပို့ပေးမည်ဟု စိတ်ပိုင်းဖြတ်ထားသည်။ ပူပြင်းသော နေအရှိန်ကြောင့် သံဃာတော်သည် ဦးခေါင်းထက်၌ သင်းပိုင်စကို တင်ထားလေသည်။ အောက်ပိုင်းကို ဂရုတစိုက်ကြည့်မိလေသောအခါ ဖိနပ်မပါ ခြေဗလာချည်း။

"ဒကာ ဒကာ ခဏနေပါဦး။ ဦးဇင်းက ခရီးသွားပါ။ သွားရင်းသွားရင်း ဖိနပ်ပြတ်သွားလို့ အဲဒါ ဦးဇင်းကို ဖိနပ်လှူပေးဖို့ ဝတ္ထုငွေ အလှူခံချင်ပါတယ်"

ကျွန်တော့်စိတ် ဇဝေဇဝါ ဖြစ်သွားသော်လည်း ဖိနပ်တစ်ရံ ဝယ်လှူဖို့အတွက် ငွေကြေးအတိုင်းအတာ အခက်အခဲ မရှိပါ။ ခက်သည်က သည်အနီးအနားတွင် ပရိက္ခရာဆိုင် မရှိ။ ဖိနပ်ဝယ်ရန်အတွက် ဝတ္ထုငွေကို ပေးကပ်လိုက်ပါဘိ၊ သပိတ်မပါဆွမ်းခံထွက်ချိန် မဟုတ်ပါဘဲ သည်အတိုင်း နေပူကျဲတဲမှာ ခြေဗလာနှင့် သွားနေမည်ဆိုပေက အမြင်မသင့်တော်။ ထို့ကြောင့်

"အရှင်ဘုရား ဒီနား ပတ်ဝန်းကျင်မှာ ပရိက္ခရာဆိုင် မရှိဘူး။ ဖိနပ်ကို တပည့်တော် ဝယ်ပြီး ကပ်လှူပါ့မယ် ဘုရား"

သည်လို ကျွန်တော်က လျှောက်ထားလိုက်သောအခါ ဦးခေါင်းထက်တွင် နေအပူဒဏ်ကာ တင်ထားသည့် သင်းပိုင်ဖြင့် စီးကျလာသော ချွေးစချွေးနများကို သုတ်လိုက်ပြီး

"ဟာ နေပါ့စေ။ ဒကာလည်း သွားလာစရာ အလုပ်တွေ ရှိမှာပေါ့။ ဦးဇင်းကို ဖိနပ်ဝယ်ဖို့ ဝတ္ထုငွေသာ ကပ်ခဲ့ပါ။ ဦးဇင်းအတွက်လည်း ဒကာလေးမှာ ဝန်ထုပ်ဝန်ပိုးလို မဖြစ်စေချင်ဘူး။ ဦးဇင်းဘာသာပဲ ဦးဇင်း ဝယ်လိုက်ပါ့မယ်"

သံဃာတော်က ငြင်းဆန်နေပါသည်။ ကျွန်တော်က ဖိနပ်ကို ဝယ်ယူပြီး ကပ်လှူပေးပါမည်ဆိုတော့ ဖိနပ်ဝယ်ဖို့ရာ ဝတ္ထုငွေကို ကပ်လှူပေးရမည်ကို ကျွန်တော့်စိတ်တွင် သိပ်ဘဝင် မကျလှ။ သည့်အတွက် နည်းလမ်း ၂ ခု စဉ်းစားမိသည်။ ဦးဇင်းကို သည်နေရာမှာပဲ ရပ်စောင့်စေပြီး ကျွန်တော်ကပဲ ပရိက္ခရာဆိုင်သို့ သွားရောက်ကာ ဖိနပ် ဝယ်ယူမည်လော။ သို့တည်းမဟုတ် ဦးဇင်းကိုပါ ဆိုင်သို့ တစ်ပါတည်း ပင့်ဆောင်သွားရမည်လော။

ဖိနပ်ဆိုဒ်အရွယ် ဆိုသည်ကို ထည့်သွင်းစဉ်းစားမိရာမှ ဦးဇင်းကို ဆိုင်ကယ်ဖြင့် ပင့်ဆောင်ခေါ် သွားပြီး ဖိနပ်ကပ်လှူမည့် နည်းလမ်းကို ရွေးချယ်ပြီး

"တက်ပါ အရှင်ဘုရား တပည့်တော် လိုက်ဝယ်လှူပါ့မယ်"

"ဟာ ဒကာကလည်း"

ကျွန်တော်က အတင်းအကျပ် မရမက ပင့်ဆောင်ခေါ်မှုကြောင့် ဦးဇင်းလည်း လိုက်ပါလာတော့သည်။ ပရိက္ခရာဆိုင်သို့ ရောက်သောအခါ ဦးဇင်းစီးမည့် ဖိနပ်အရွယ်အစားကို ဝယ်ယူကပ်လှူပေးရုံမက ဥတုကလည်း ပူပြင်းသည်မို့ ထီးတစ်ချောင်းပါ ထပ်မံ ဝယ်ယူကပ်လှူပေးလိုက်သည်။ ကပ်လှူခြင်းကို ဆုပေးပြီး လိုရာအရပ်သို့ လိုက်ပို့ပေးမည်ဆိုသောအခါ ဒကာတစ်ယောက်အိမ်သို့ ဝင်ရဦးမည်ဆိုကာ ထွက်ခွာသွားလေသည်။

နောက် ၂ ရက် ၃ ရက်လောက်သာ ခြားပေလိမ့်မည်။ ကျွန်တော် ထိုလမ်းထဲသို့ တစ်ခေါက်ရောက်မိရာ အတော် အံ့သြသွားသည်။ အံ့သြမှုနှင့်အတူ ဒေါသတို့ပါ ရောဖက်လာသည်။ ထိုလမ်း၊ ထိုနေရာ၊ ထိုနေ့ကအတိုင်း၊ ထို ဦးဇင်းကို ဖိနပ်မပါ၊ ခြေဗလာနှင့် တွေ့ရပြန်သည်။ ကွဲပြားသည်မှာ ထိုသံဃာဆိုင်ကယ်တစ်စီးကို တားနေသည်မှာ ကျွန်တော်မဟုတ်။ အခြားလူတစ်ယောက် မောင်းနှင်လာသည့် ဆိုင်ကယ်ကို ကျွန်တော့်ကို ထိုနေ့က တားသကဲ့သို့အတိုင်း မြင်တွေ့လိုက်ရတော့သည်။

စေတနာသုံးတန်ပြတ် ဝယ်ယူလှူဒါန်းပေးလိုက်သည် ဆိုသော်လည်း စိတ်ထဲတွင် နိုးလုခုလု မတင်မကျ ခံစားမှုကြောင့် ထိုနေ့ ကုသိုလ်သည် ဒါနမြောက်ပေမည်လည်း မဟုတ်။ ယုံကြည်ကိုးကွယ်မှုကို အပေါ်ယံ သင်္ကန်းရုံ၍ အလွဲသုံးစားပြု လိမ်လည်ခံရသကဲ့သို့ မခံချိ မခံသာဖြစ်မိသည်။ နောက်နောင် အခါတွင် ဓမ္မစစ် အာဂန္တုသံဃာခရီးသွားများအတွက် တကယ်ပင် အခက်အခဲ ကြုံလာသည့်အခါ လှူဒါန်းပေးလာမည့် အလှူရှင်များအနေဖို့ သံသယ ရိပ်ကဲဝင်လာစရာများ ဖြစ်လာပေတော့မည်။

ဘာသာ၊ သာသနာကို ခုတုံးလုပ်ကာ တစ်ဦးတစ်ယောက်ချင်းစီသော်လည်းကောင်း၊ အုပ်စုဖွဲ့၍ သော်လည်းကောင်းနယ်လှည့်ကာ အမျိုးမျိုး လိမ်လည်နေသူများ ရှိလေသည်။ မည်သည့်အရပ်ဒေသကမှန်း မသိသော သံဃာအတုအယောင်များသည်လည်း ကားတစ်စီး ငှားရမ်းပြီး အနယ်နယ် အရပ်ရပ်သို့ လှည့်လည်ကာ လူငှားများ ခေါ်ဆောင်လာကာ အလှူခံ ပတ်ထွက်ခြင်းမျိုးပင် အုပ်စုဖွဲ့ သွားလာ၍ ဘာသာ၊ သာသနာကို အကြောင်းပြု လိမ်လည်နေသည့် အတုအယောင်များလည်း ရှိနေပေသည်။

စေတီတည်၊ ကျောင်းဆောက်၊ ပရဟိတ စသဖြင့် အမှန်တကယ် သာသနာပြုလုပ်ကိုင်ရန် နယ်လှည့် အလှူခံခြင်း ဟုတ်မဟုတ်ကို သက်ဆိုင်ရာ သံဃာ့နာယက အဖွဲ့အစည်းနှင့် မြို့နယ်သာသနာရေးရုံးများမှ ခေါ်ယူမေးမြန်း စိစစ်ထိန်းသိမ်းသင့်ပေသည်။ သက်ဆိုင်ရာ အထောက်အထား၊ စာရွက်စာတမ်းများ မခိုင်လုံပေက တင်းတင်းကျပ်ကျပ် ထိရောက်စွာ အရေးယူဖို့ လိုအပ်ပါသည်။ သို့မဟုတ်ပေက သာသနာတော် ညှိုးနွမ်းစေမည့်အပြင် အစစ်အမှန် ရဟန်းသံဃာတော်များကိုပါ အကြည်ညို ယုတ်လျော့သွားစေမည့် နောက်ဆက်တွဲ အကျိုးကို တင်ကြိုတွေးထိတ်မှုများကြောင့် ရေးသားလိုက်ရကြောင်းပါ။

□

---

## ➢ စာမျက်နှာ(၁၈) ရှူခက်ရင်ကျပ် အမြစ်ပြတ်မှ အဆက်

ဖြူအူန

ဤဆေးနည်းတိုလည်း ပန်းနာရင်ကျပ်အတွက် အလွန်ထိရောက် အကျိုးများ၏။ ရောဂါအမြစ်တောင် ပြတ်၏ဟု သိရသည်။ သို့သော် ဗုဒ္ဓဘာသာဝင်များဖြစ်သည့် အားလျော်စွာ သူ့ အသက်အတွက် မကြံကောင်းပါ။ ကိုယ့်ရောဂါ သက်သာပပျောက်ရေးအတွက် သူတစ်ပါး အသက်ကိုတော့ ရန်မရှာလိုတတ်ကြပါ။ ပုံသကူရလျှင်မူ အဆင်အပြေဆုံး ဖြစ်၏။ ကျွန်တော့်အဒေါ် တစ်ဦး၏ ပွဲတွေ့ဆေးဖြစ်၏။ "အောင်ကျော်ရေ ငါ့ asthma ရောဂါအမြစ် ပြတ်သွားပြီဟ" ဟု တစ်နေ့စကားစပ်ရင်း ပြောပြ၏။ "အန်တီကလည်းဗျာ။ လုပ်ရော့မယ်။ ပန်းနာရင်ကျပ်ဆိုတာ သေရာပါရောဂါ။ အမြစ်မပြတ်နိုင်ပါဘူး" ဟူ၍ စောဒက တက်မိ၏။ "ငါ အပေါက် ပြောတာပါ။ ခါတိုင်း ရာသီဥတု စပ်ကူးစပ်ကူးဆို အမြဲအဆိုးဆုံး ခံရနေကျ။ မင်းသိပါတယ်။ ခု ၃ နှစ် ရှိပြီ။ ပြန်ကို ပေါ် မလာတော့တာ"။ မယုံချင်စရာပါ။ အမြစ်ပြတ်ဟု သည်တစ်ခါပဲ ကြားဖူး၏။ ပြီးတော့ အဒေါ်ဖြစ်သူက ပြောခြင်းပါ။ "သားငယ် ကိုလေးဒေါက်တာ ကုပေးလိုက်တာလား အန်တီ"ဟု မေးတော့ "ဘယ်ဟုတ်ပါ့မလဲ။ ဆေးမြီးတို ဖြူအူနနဲ့ အဆင်ပြေသွားတာ" တဲ့လေ။ "ဖြူအူနကို ပြာချ၊ ပျားရည်မှာ ရက်တစ်ရာ စိမ်ပြီးမှ လျက်ရတာ။ ထမင်းစားပြီးတိုင်း လက်ညှိုး ၃ တို့စာပဲ လျက်ရတာ" ဟု သူ့ပွဲတွေ့ကို ပြောပြ၏။

အတန်းဖော် သူငယ်ချင်းတစ်ဦး ကျွန်တော့်တွင် ရှိ၏။ သူလည်း ပန်းနာရင်ကျပ်ရောဂါ အတော်ကြီး ဒုက္ခပေး၏။ သူကိုယ်တိုင်ကလည်း အလွန်အောင်မြင်သော ထွေကုဆရာဝန်ပါ။ ရောဂါအထွေထွေ အစုံကုသပျောက်ကင်းသောကြောင့် အင်းတစ်ကြောသူ့ကို အလွန်အားကိုးကြရ၏။ စေတနာမေတ္တာကြီးမားသူ သမားကောင်းတစ်ဦးဖြစ်၏။ သူ့ရင်ကျပ်ရော ထလျှင်မှောက်နေရပြီ။ သူ့တပည့် ဆရာဆရာမတွေကို ဘာဆေးထိုးပါဟု ညွှန်းပြီး အထိုးခိုင်းရမြဲ။ ကျွန်တော့်အဒေါ် အကြောင်းကို ပြောပြ၏။ သူလည်း ခေတ်ဆေးသိပ္ပံဆရာဝန်ဆိုတော့ ကျွန်တော့်လိုပဲ ကြားသိစမှာ မယုံကြည်နိုင်ပါ။ ရောဂါလည်း ပျောက်ချင်ပါ၏။ ဖြူကောင်ရဖို့က မလွယ်ရေးချမလွယ်။ သူ့စေတနာအကျိုးပေးဟုပဲ ပြောရပါလိမ့်မည်။ ဤဖြူအူနဆေးမြီးတိုအကြောင်း သိရှိရသူ၊ သူ့မိတ်ဆွေတစ်ဦးက ပါးစပ်ဆော့ပြီး မေးမြန်းစုံစမ်းတော့၏။ အခြား မိတ်ဆွေတစ်ဦးသည် ဆေးကုမစားသော်လည်း ဝါသနာအလျောက် ဖြူအူရရှိချိန်၌ ဆေးဖော်စပ်ထား၏။ အလုံးလေးတွေဟု သိရ၏။ သူ မယုံ့တယုံနှင့် စားကြည့်၏။ သိသာထင်ရှား၏။ လုံးဝအမြစ် မပြတ်သေးသော်လည်း ဆိုးဆိုးဝါးဝါးကြီး ရောဂါမသည်းတော့ပါ။ ရောဂါလက်ကျန်မျှလောက်သာ အရိပ်အယောင် ပြတော့၏။ သတင်းကောင်း ကြားသိရ၍ ဆေးနည်းကို လိုက်ခိုင်းပါ၏။ ဆေးအမယ် ၃ မျိုးထဲရယ်။ နနွင်းခါး တစ်မျိုး တိုးရုံပါ။ အချိန်အတွယ်ကိုတော့ မသိရပါ။

ဖြူအူသာမဟုတ်၊ အစာအိမ်မှ စအိုထိ အားလုံးယူပါသတဲ့။ နနွင်းခါးမှုန့်ကို ဖြူအူအမှုန့်နှင့် ရော။ ပျားရည်ဖြင့် ထန့်ထန့်လေတေကာ အလုံးသေးလေးတွေ လုံးပြီး အခြောက်ခံထားခြင်းပါတဲ့။ ပန်းပေါင်းတစ်ထောင် ပျားရည်တစ်ခုတည်းတောင် အလွန်အားကိုးထိုက်၏။ နနွင်းခါးကလည်း ဆေးအဖြစ် နာမည်ကြီးပြီးသား။ အကောင်းတွေ ၃ မျိုးဆုံမိသောအခါ ပို၍သာ၍ ဆေးအစွမ်းထက်မြက်ဖို့သာ ရှိတော့၏။ ရှူခက်ရင် ကျပ်အဖြစ်ဖြတ်ဆေးနည်းလေး နတ်လမ်းညွှန်ရင်း။

VOLUME.6, ISSUE 9 THURSDAY, FEBRUARY 27, 2020
ကမ္ဘောဇတိုင်း

# စွပ်စွဲ အပြစ်တင်မှုမှ လွတ်မြောက်သွားသည့် ထရမ့်



□ စိုင်းကွမ်းမိုင်း

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် သမ္မတသက်တမ်းအပြည့် ထမ်းဆောင်ခွင့် ရရှိသွားပြီဟု ဆိုနိုင်သည်။ ထရမ့်အား သမ္မတ ရာထူးမှ ဖယ်ရှားရန် စွပ်စွဲပြစ်တင်မှု ဆိုင်ရာ စုံစမ်းမှုအား အောက်လွှတ်တော် ဒီမိုကရက်တစ် အမတ်အများစုမှ စတင်ခဲ့ပြီး ၄ လကျော်အကြာတွင် အထက်လွှတ်တော်သည် အာဏာအလွဲသုံးစားမှု၊ လွှတ်တော်အား ဟန့်တား နှောင့်ယှက်မှုတို့ဖြင့် စွပ်စွဲပြစ်တင်ခံရသည့် ထရမ့်၌ အပြစ်မရှိဟူ၍ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၅ ရက်တွင် မဲပေးဆုံးဖြတ်ခဲ့ကြသည်။

မဲခွဲဆုံးဖြတ်ရာတွင် လွှတ်တော်အမတ် အားလုံးနီးပါးခန့်က ပါတီ၏ ရပ်တည်မှုအတိုင်းသာ မဲပေးခဲ့ကြပြီး အများစု မျှော်မှန်းထားသည့် ရလဒ်ပင် ထွက်ပေါ်ခဲ့သည်။ ထရမ့်သည် သမ္မတရာထူးမှ ဖယ်ရှားခြင်း ခံရမည့်အရေးမှ လွတ်မြောက်လာခဲ့ပြီး ဖြစ်သော်လည်း အမေရိကန်သမိုင်း၌ တတိယအကြိမ်မြောက်ဖြစ်သော အဆိုပါ စွပ်စွဲအပြစ်တင်မှုသည် အစိုးရနှင့် နိုင်ငံရေးစနစ်တို့အပေါ်၌ ရေရှည်အကျိုးသက်ရောက် ရိုက်ခတ်မှုများ ရှိလာမည်ဟု သမိုင်းသုတေသီ ပညာရှင်များက သဘောတူ သုံးသပ်ထားသည်။

ရီပတ်ပလီကန်ပါတီမှ သမ္မတ ထရမ့်ကို အတိုက်အခံပါတီ လွှတ်တော်အမတ်များက ရာထူးမှ ဖယ်ရှားရန် ကြိုးစားခဲ့မှု ၏ ထူးခြားချက် ၅ ချက်အား တင်ပြပေးသွားမည် ဖြစ်သည်။

## ပါတီစွဲစိတ် ဇာတ်ကြီးမားမှုမှာ နောင်သမ္မတများကိုလည်း ရာထူးမှ ဖယ်ရှားရန် ခက်ခဲသွားခြင်း

အမေရိကန်တွင် သမ္မတတစ်ဦးအား စွပ်စွဲပြစ်တင်ပြီး ရာထူးမှ ဖယ်ရှားရန်သည် လွယ်ကူသည့် လုပ်ငန်းစဉ် တစ်ရပ် မဟုတ်ပေ။ အမေရိကန်၏ ဖွဲ့စည်းပုံ အခြေခံဥပဒေအရ သမ္မတတစ်ဦးအား ပြစ်တင်စွပ်စွဲနိုင်ရန် အောက်လွှတ်တော် အမတ်ထက်ဝက်ကျော်၏ ကောက်ခံမဲ လိုအပ်သည်။ အောက်လွှတ်တော်မှ စွပ်စွဲပြစ်တင်ရန် ဆုံးဖြတ်နိုင်သော်လည်း ရာထူးမှ ဖယ်ရှားရန် သင့်မသင့်ကို အထက်လွှတ်တော်မှ မဲခွဲဆုံးဖြတ်ကာ မဲ ခွဲပေးရပေမည်။ အထက်လွှတ်တော် အမတ်ဦးရေ ၃ ပုံ ၂ ပုံထက်ကျော် မဲခွဲထောက်ခံပေးမှသာ သမ္မတ၌ အပြစ်ရှိသည်ဟု ဆုံးဖြတ်ပြီး ရာထူးမှ ဖယ်ရှားနိုင်ပေမည်။ အမေရိကန်သမိုင်းတွင် အင်ဒရူးဂျွန်ဆင်၊ ဘီလ်ကလင်တန်နှင့် ယခု သမ္မတထရမ့်တို့ ၃ ဦးသာ စွပ်စွဲပြစ်တင်ခံရသူများ ဖြစ်သည်။ သို့သော် ထို ၃ ဦးစလုံးသည် သမ္မတရာထူးမှ ဖယ်ရှားခြင်း မခံရပေ။

လက်ရှိတွင် အမေရိကန်၌ ပါတီစွဲ စိတ်ဓာတ်များ ပြင်းထန်နေကြသည်ဖြစ်ရာ သမ္မတတစ်ဦးအား လွှတ်တော်မှ ဖြုတ်ချနိုင်ရေးသည် ဖြစ်နိုင်ချေ လွန်စွာ နည်းပါးအဆင့်တွင် ရှိနေပေသည်။ အာဏာရပါတီက သမ္မတကို ထောက်ခံနေသရွေ့ အထက်လွှတ်တော်အား ထိန်းချုပ်ထားနိုင်သရွေ့ ပြစ်မှုများ မည်မျှပင် ထင်ရှားနေသည်ဖြစ်စေ သမ္မတအား ရာထူးမှ ဖယ်ရှားရန် မဖြစ်နိုင်ဟူ၍ သုံးသပ်ဆုံးဖြတ်ထားသည်ကို တွေ့ရှိရသည်။

ထရမ့်အား စွပ်စွဲပြစ်တင်မှုတွင် ပါတီစွဲစိတ်ဓာတ်များ ပြင်းထန်နေမှုအား အထင်အရှား တွေ့မြင်ရသည်။ အောက်လွှတ်တော်တွင် မဲပေးမှု၌ မည်သည့် ရီပတ်ပလီကင်ပါတီဝင် အမတ်များက ထောက်ခံမဲပေးခဲ့ခြင်း မရှိချေ။ အထက်လွှတ်တော်တွင် မဲခွဲဆုံးဖြတ်မှုတွင်လည်း ဖစ်ရွန်းမှ လွဲ၍ မည်သည့် ရီပတ်ပလီကင် အမတ်ကမျှ ထရမ့်အား ဆန့်ကျင့်ကာ မဲပေးခြင်း မရှိခဲ့ပေ။

၁၉၇၀ ပြည့်လွန်နှစ်များတွင် ဝါးတားဂိတ် အရှုပ်တော်ပုံနှင့် ပတ်သက်၍ သမ္မတ နစ်ဆင်အား စွပ်စွဲ အပြစ်တင်ပြီး ရာထူးမှ ဖယ်ရှားရန် လွှတ်တော်အမတ်များ ဆွေးနွေးလာကြသည့် အချိန်၌ ယခုကဲ့သို့ ပါတီစွဲ စိတ်ဓာတ်များ ပြင်းထန်မှု မရှိသေးချေ။ မိခင် ရီပတ်ပလီကင်ပါတီ အမတ်များကပင် ဆန့်ကျင်လာကြသောအခါတွင် သမ္မတနစ်ဆင်သည် စွပ်စွဲပြစ်တင်ခြင်း မခံရမီမှာပင် သမ္မတရာထူးမှ အသာတကြည် နုတ်ထွက်ပေးခဲ့သည်ကား အမေရိကန်သမ္မတ သမိုင်းတွင် တစ်ဦးသာ ရှိသေးသည်ကို တွေ့ရှိရသည်။

## စွပ်စွဲပြစ်တင်မှုအား လူထုများမှ ထောက်ခံမှု ရှိ/မရှိကို ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် တွေ့ရှိရပေမည်

ထရမ့်အား စွပ်စွဲပြစ်တင်သောအခါတွင် အမေရိကန်နိုင်ငံရေးသမားများက စွပ်စွဲအပြစ်တင်မှုကို ပေါ့တန်စွာ သဘောထားလာကြမည်ကို အချို့က စိုးရိမ်စိတ်များ ကြီးမားလာကြသည်။ စွပ်စွဲ အပြစ်တင်မှုကို ပေါ့ပေါ့တန်တန် သဘောထားလာပါက သာမန် မူဝါဒရေးရာ သဘောထား ကွဲလွဲမှုများကြောင့်ပင် သမ္မတများ စွပ်စွဲအပြစ်တင်ခံရမည့် အစဉ်အလာ ဖြစ်လာနိုင်သည်ဟူ၍ ရီပတ်ပလီကင်များက ထောက်ပြလာကြသည်။

လာမည့် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလတွင် ကျင်းပမည့် သမ္မတရွေးကောက်ပွဲတွင် ဤအမေရိကန် ပြည်သူလူထု၏ စွပ်စွဲပြစ်တင်မှုအပေါ် မြင်တွေ့ရမည်ဟု လေ့လာသူများက ပြောဆိုနေကြသည်။ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် ထရမ့်အနိုင်ပြန်ရခဲ့မည် ဆိုပါက စွပ်စွဲအပြစ်တင်မှုအား ပြည်သူလူထုက ထောက်ခံမှု မပြုသည့် သဘော သက်ရောက်ကာ နောင်တွင်လည်း စွပ်စွဲပြစ်တင်မှုများ ရှားပါးသွားမည် ဖြစ်သည်။

အကယ်၍ ထရမ့်က ရှုံးနိမ့်မည် ဆိုပါလျှင် စွပ်စွဲအပြစ်တင်မှုအား ပြည်သူလူထုများက ထောက်ခံသည့် သဘော သက်ရောက်ပြီး နောင်တွင်လည်း စွပ်စွဲပြစ်တင်မှုများ ရေပန်းစားလာမည် ဖြစ်သည်။ လွှတ်တော်တွင် အမတ်အင်အား တောင့်တင်းမှု မရှိသဖြင့် သမ္မတတစ်ဦးအား ရာထူးမှ ဖယ်ရှားနိုင်လျှင်ပင် စွပ်စွဲအပြစ်တင်မှုကို ရွေးကောက်ပွဲအတွက် ရည်ရွယ်ကာ နိုင်ငံရေး နည်းလမ်းလက်နက်တစ်ခုသဖွယ် အသုံးပြုမှုများ ပေါ်ပေါက်လာနိုင်သည်။ ယခုဖြစ်ရပ်တွင်လည်း ဒီမိုကရက်တစ်တို့သည် ထရမ့်အား ရာထူးမှ ဖယ်ရှားမှု မပြုလုပ်နိုင်ခြင်းကို ကြိုတင်သိရှိထားလျက်ပင် စွပ်စွဲအပြစ်တင်ခြင်းသည် မဲဆန္ဒပေးမည့် ပြည်သူလူထုအားကို ရယူခြင်းပင် ဖြစ်သည်။

## အာဏာအလွဲသုံးစား ပြုလုပ်သည်ဟုဆိုကာ ရာထူးမှ ဖယ်ရှားနိုင်ရန် ပိုမိုခက်ခဲလာခြင်း

ထရမ့်အား ရာထူးမှ ဖယ်ရှားရန် အောက်လွှတ်တော်မှ စွပ်စွဲအပြစ်တင်သည့် ပြစ်မှု ၂ ခုတွင် ပထမတစ်ခုသည် အာဏာအလွဲသုံးစား ပြုလုပ်မှု ဖြစ်သည်။ ထရမ့်သည် လာမည့် ရွေးကောက်ပွဲ၌ ပြိုင်ဘက်ဖြစ်လာနိုင်သည်။ ဂျိုးဘီဒန်အား စုံစမ်းစစ်ဆေးပေးရန် ယူကရိန်းသမ္မတ ဇီလင်စကီးထံ တယ်လီဖုန်းဖြင့် ဆက်သွယ်အကူအညီတောင်းခံခဲ့သည်။

ထိုလုပ်ရပ်သည် သမ္မတရာထူးမှ ဖယ်ရှားထိုက်သော အာဏာအလွဲသုံးစား ပြုလုပ်မှု ဖြစ်သည်ဟု ဒီမိုကရက်တစ်များက ယူဆသည်။ ဒီမိုကရက်တစ်များက မည်သို့ ယူဆထားသော်လည်း ရီပတ်ပလီကင်များကိုယ်တိုင်ကလည်း ထိုလုပ်ရပ်သည် လျော်ကန်မှု မရှိဟု လက်ခံ သဘောတူကြသည်။ သို့သော် ထိုဖြစ်ရပ်သည် ရာထူးမှ ဖယ်ရှားရန် ကြီးလေးသည့် ပြစ်မှု မဟုတ်ဟု ဆုံးဖြတ်သောကြောင့် ထရမ့်သည် အပြီးသတ် မဲခွဲဆုံးဖြတ်ခြင်းတွင် အနိုင်ရခဲ့သည်။

အဆိုပါ ဆုံးဖြတ်ချက်သည် စီရင်ထုံးတစ်ခုသဖွယ် ဖြစ်လာရပြီဖြစ်ကာ နောင်လာမည့် သမ္မတများကလည်း ကြီးလေးသည့် အာဏာအလွဲသုံးစားမှု ပြုလုပ်ခြင်း မဟုတ်ပါက ရာထူးမှ ဖယ်ရှားခြင်း ခံရတော့မည် မဟုတ်ပေ။

## အာဏာအပြန်အလှန် ထိန်းညှိမှုတွင် အုပ်ချုပ်ရေးမဏ္ဍိုင်မှ အသာစီးရရှိခြင်း

ဒီမိုကရေစီဘိုးအေ နိုင်ငံကြီး အမေရိကန်တွင် အုပ်ချုပ်ရေးမဏ္ဍိုင် (အစိုးရ) ဥပဒေပြုရေးမဏ္ဍိုင် (လွှတ်တော်) နှင့် တရားရေးမဏ္ဍိုင် (တရားရေးဌာန) တို့သည် အာဏာကို ခွဲဝေကျင့်သုံးကာ အပြန်အလှန် ထိန်းကျောင်းကြသည်။ သို့သော် ယခု အုပ်ချုပ်ရေးမဏ္ဍိုင် (ထရမ့်အစိုးရ)က ဥပဒေပြုရေးမဏ္ဍိုင် (လွှတ်တော်)ကို လွှမ်းမိုးကာ အသာစီး ရရှိနေသည့် သဘောဖြစ်နေကြောင်း ထရမ့်၏ ဖြစ်ရပ်က သက်သေပြသနေသည်ဟု လေ့လာသုံးသပ်သူများက ပြောဆိုလျက်ရှိကြသည်။

အစိုးရမှ လွှတ်တော်ကို အသာစီးရ လွှမ်းမိုးထားနိုင်မှုသည် သမိုင်းတစ်လျှောက်တွင် အဆိုးရွားဆုံး အခြေအနေထိတိုင် ရောက်ရှိနေသည်ကို တွေ့ရှိရသည်။ အပြန်အလှန်သာ ထိန်းညှိနိုင်မှုသာ မရှိတော့ပါက အမေရိကန်၏ ဒီမိုကရေစီစနစ်သည်လည်း မကြာမီကာလအတွင်းမှာပင် မလွဲမသွေ ကျဆုံးသွားရမည် ဖြစ်သည်ဟု သုံးသပ်ထားသည်။

မကြာသေးမီ ဆယ်စုနှစ်များအတွင်းတွင် အမေရိကန်နိုင်ငံရေးစနစ်၌ အစိုးရ၏ ဩဇာအာဏာက ကျန်မဏ္ဍိုင်များအပေါ် ပိုမိုလွှမ်းမိုးလာသည်ကို တွေ့ရှိလာရသည်။ ပြည်တွင်းရေးနှင့် နိုင်ငံရေးကိစ္စရပ်များ၌ သမ္မ၏ လုပ်ပိုင်ခွင့်များသည်လည်း တဖြည်းဖြည်းချင်း ကျယ်ပြန့်လာခဲ့သည်။ အဆိုပါ နိုင်ငံရေး ရေစီးကြောင်းသည် ယခု ထရမ့်၏ ဖြစ်ရပ်ကြောင့် ပိုမိုအားကောင်းလာဖွယ် ရှိနေသည်ကို တွေ့ရှိလာရသည်။

## သက်သေများ မပါဝင်သည့် တရားခွင်

အထက်လွှတ်တော်သည် ထရမ့်အား ရာထူးမှ ဖယ်ရှားရန်

စာမျက်နှာ (၂၂) သို့ ➤ ➤ ➤

> စာမျက်နှာ(၁၇) ရှမ်းပြည်နယ်လွှတ်တော် မှ အဆက်

စက်မှုဝန်ကြီး ဦးစိုင်းရဲန်တစ်လုံမှ " ရှမ်းပြည်နယ်တွင် ဓါတ်အား ဖြန့်ဖြူးရေးမြို့နယ် (၃၆)မြို့အနက်(၃၄)မြို့ရှိပြီးဖြစ်ကြောင်း၊ ရွာပေါင်း(၄၇၈၇)ရွာတွင် ၂၉၄၆ ရွာမီးလင်းရန် ကျန်သေးကြောင်း ထိုအတွက် ဆိုလာပြားများ ဆောင်ရွက်လျက်ရှိကြောင်း၊ ဧပြီလတွင် ကျိုင်းတုံမြို့သို့ဓါတ်အားဖြန့်ဖြူးပေးနိုင်ရန် ဆောင်ရွက်လျက် ရှိပါကြောင်း၊ အထက်ကျိုင်းတောင်း ရေအားလျှပ်စစ် စီမံကိန်းအား (ဩဂုတ်လတွင်)မီးလင်းနိုင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း "ပြန်လည်ဖြေကြားခဲ့သည်။

ရွာငံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးအေးမင်းစိုး၏ "ရွာငံမြို့နယ်အတွင်းရှိ ပလောင်တိုင်းရင်းသားများ နေထိုင်သော ပဒုံးကိုင်းနှင့် ဆတ်သေကျေးရွာတို့အား ကျန်းမာရေးဌာနခွဲ Sub Center ခွဲဝေချထားရန် အစီအစဉ် ရှိ/မရှိ" မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်နယ်လူမှုရေး ဝန်ကြီးဒေါက်တာမျိုးထွန်းမှ "လူဦးရေနည်းပါးပြီး၊ မြေနေရာလိုအပ်ကြောင်း၊ ကျန်းမာရေးဌာနပိုင် အနည်းဆုံး ပုံစံ(၁၀၅/၁၀၆)ရှိရမည်ဖြစ်ကြောင်း” ပြန်လည်ဖြေကြားခဲ့သည်။

တပ်မတော်သား ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဗိုလ်မှူးညီညီမင်း၏ "ပင်လောင်းမြို့နယ် မီးသတ်စခန်းတွင် ဝန်ထမ်း(၅)ဦးနှင့် မီးသတ်ယာဉ်(၁)စီးအား ထပ်မံဖြည့်တင်းပေးရန်နှင့် အရေးပေါ် ရှာဖွေကယ်ဆယ်ရေး ပစ္စည်းများ ဖြည့်တင်းပေးနိုင်ခြင်း အစီအစဉ် ရှိ/မရှိ"မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးလှဦးမှ " ဝန်ထမ်း(၅)ဦးအား အဆင့်သတ်မှတ်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ၂၀၁၉-၂၀၂၀ ခုနှစ်တွင် ဟိုက်ဒရောလစ် တစ်စီးဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း၊ မီးသတ်ယာဉ်အား ဆောင်ရွက်ပေးရန် အစီအစဉ် မရှိသေးပါကြောင်း" ဖြေကြားခဲ့သည်။

နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်ထွဏ်း၏ "နမ့်ဆန်မြို့ရှိ တောင်ပိုင်စော်ဘွားကြီး စဝ်ခွန်ပန်းစိန်၏ သမိုင်းဝင် ဟော်နန်းကြီးအား တအာင်း (ပလောင်) စာပေနှင့် ယဉ်ကျေးမှု ဇာတိုကော်မတီထံသို့ ပြန်လည်လွှဲပြောင်းပေးရန် အစီအစဉ်ရှိ/မရှိ”မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးလှဦးမှ " ယင်းဟော်နန်းအား တောင်ပိုင်စော်ဘွားကြီး စဝ်ခွန်ပန်းစိန်မှ ၁၉၃၂ ခုနှစ်၊ ဒီဇင်ဘာလတွင် စတင်ဆောက်လုပ်ပြီး ၁၈.၃.၁၉၉၃ ခုနှစ်တွင် စော်ဘွားကြီး သရေစည်သူ စဝ်ခွန်ပန်းစိန်၏သားသာမိုင်း စဝ်ခွန်ဟွမ်မှ နမ့်ဆန်မြို့နယ် ဆေးရုံသို့ လှူဒါန်းခဲ့ကြောင်း၊ နိုင်ငံတော် အကြီးအကဲခရီးစဉ် အတွင်းရေးမှူး(၁)ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးမှ နမ့်ဆန်မြို့နယ် အထွေထွေ အုပ်ချုပ်ရေးမှူး ပိုင်ဆိုင်သည့် ဧည့်ရိပ်သာ မြေနေရာအား ၂.၁.၂၀၁၀ ရက်နေ့တွင် ကုတင်(၅၀)ဆံ့ ဆေးရုံတိုးချဲ့ ဖွင့်လှစ်ခဲ့ကြောင်း၊ ၎င်းဆေးရုံ ဟောင်းနေရာအား (၃. ၁. ၂၀၁၁) ရက်နေ့တွင် ပလောင်ကိုယ်ပိုင်အုပ်ခွင့်ရ ဒေသဦးစီးရုံးသို့ ထပ်မံဖွင့်လှစ်ခဲ့ကြောင်း၊ ၂၀၁၇-၂၀၁၈ ခုနှစ်တွင် မြန်မာနိုင်ငံရဲစခန်း ဖွင့်လှစ်ခဲ့ကြောင်းနှင့် ဆိုပါနေရာအား နှစ်(၃၀)ငှါးရန် ရရှိထားသဖြင့် လွှဲပြောင်းပေးရန် အစီအစဉ် မရှိကြောင်း” စသည်ဖြင့် ပြန်လည် ဖြေကြားခဲ့သည်။

မိုင်းဖြတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းကျောက်၏ "မိုင်းဖြတ်မြို့နယ်အတွင်းရှိ ဝန်ထမ်းများ နေထိုင်ရန်အတွက် မြို့ပြအိုးအိမ် အိမ်ရာများ တည်ဆောက်ပေးနိုင်ခြင်း အစီအစဉ်ရှိ/မရှိ”မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးခွန်ရဲထွေးမှ " ၂၀၂၀-၂၀၂၁ ခု ဘဏ္ဍာငွေတွင် လျာထားနိုင်ခြင်း မရှိသေးပါကြောင်းနှင့် အခြားဌာနများနှင့် ညှိနှိုင်း၍ မြေနေရာ ရှာပြီး မြို့နယ်စီမံကိန်းမှ ဦးစားပေးတင်ပြလာပါက သင့်လျော်သော ဘဏ္ဍာနှစ်တွင် လျာထား ပေးသွားမည်ဖြစ်ကြောင်း ” ပြန်လည်ဖြေကြားခဲ့သည်။

လွိုင်လင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခွန်ဒီဂေါလ်၏ "လွိုင်လင်မြို့နယ်၊ ဆင်ခြေဖုန်းကျေးရွာအုပ်စုရှိ လုံအောင်နှင့် ရွှေဥဒေါင်းကျေးရွာချင်းဆက် ကိုယ်ထူကိုယ်ထ မြေသားလမ်း (၈) မိုင်ကို စံကိုက်မြေသားလမ်းအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/ မရှိ”မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးလှဦးမှ" မြို့နယ်စီမံကိန်းရေးဆွဲရေး၂၀၂၀-၂၀၂၁ အဆိုပြု တင်ပြလာပါက ရန်ပုံငွေအား တွက်ချက်၍ ဆောင်ရွက်ရသဖြင့် ရန်ပုံငွေလုံလောက်မှုရှိမှသာ ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း” ပြန်လည် ဖြေကြားခဲ့သည်။

လွိုင်လင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခွန်ဒီဂေါလ်၏ "လွိုင်လင်မြို့နယ်၊ ပန်ပိုးကျေးရွာအုပ်စု၊ဝါးတော၊ ပန်ပိုးကျေးရွာနှင့် ဆင်ခြေဖုန်းကျေးရွာအုပ်စု၊ ပန်အုံကျေးရွာများ လျှပ်စစ်မီးလင်းရေးအတွက် မည်သို့စီမံ ဆောင်ရွက်ပေးသွားမည်"မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်နယ်လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီး ဦးစိုင်းရဲန်တစ်လုံမှ " ၎င်းတွင်ဂျာမဏီနိုင်ငံ၏ KFW ချေးငွေဖြင့်ဆောင်ရွက်ရန် လျာထားပါကြောင်းနှင့် ၂၀၂၀-၂၀၂၁ ခုနှစ်တွင် စတင်ဆောင်ရွက်နိုင်မည် ဖြစ်ကြောင်းနှင့် ပန်အုံကျေးရွာအား ပြည်နယ်ဘဏ္ဍာငွေတွင် ထည့်သွင်း လျာထားပေးသွားမည် ဖြစ်ကြောင်း ”ပြန်လည်ဖြေကြားခဲ့သည်။

တပ်မတော်သားပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဗိုလ်မှူးစိုးသူထွန်း၏ " နမ့်စန်မြို့နယ်၊ ခိုလမ်မြို့၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန၊ ရှေ့တန်းကင်းစခန်း အတွက် ရုံးအဆောက်အအုံအား ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/ မရှိ”မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးလှဦးမှ " ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်ရသော ဌာနဖြစ်ပြီး ၂၀၁၉-၂၀၂၀ ခုဘဏ္ဍာနှစ်တွင် ပြည်ထောင်စုအစိုးရထံ တင်ပြတောင်းခံထား



သော်လည်း ခွဲဝေရရှိမှုမရှိပါကြောင်းနှင့်၂၀၂၀-၂၀၂၁ တွင် ထပ်မံတင်ပြ တောင်းခံပေးသွားမည် ဖြစ်ကြောင်း "ဖြေကြားခဲ့သည်။

ကျိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါက်တာဝဏ္ဏစိုး၏ "၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း ကျိုင်းတုံမြို့နယ်၌ One Stop Shop (OSS)ရုံး (၂)ထပ် အဆောက်အဦ ဆောက်လုပ်ခွင့် ချထားပေးရန် အစီအစဉ်ရှိ/မရှိ” မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစိုင်းလုံကျော်မှ "၂၀၂၀-၂၀၂၁ ခုဘဏ္ဍာနှစ် ဒေသန္တရ စာရင်းတွင် လျာထားပြီးဖြစ်ကြောင်း” ပြန်လည်ဖြေကြားခဲ့သည်။

ကျိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါက်တာဝဏ္ဏစိုး၏ "ယခုအစိုးရသက်တမ်း (၁-၄-၂၀၁၆)ရက်နေ့မှ ယနေ့အထိ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ အမှုတွဲများ"မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစိုင်းလုံကျော်မှ " ပြည်ထောင်စုမှ ပေးပို့လာသော အမှုပေါင်း (၆၉၂)ခုအနက် ပိတ်သိမ်းသည့် အမှုပေါင်း(၃၉၀)ခု၊ ဇာတိုသို့တင်ပြထားသည့်အမှု(၁၄၀) ခု ကျန်ရှိသည့်အမှုပေါင်း(၃၀၂)၊ စိစစ်ဆဲအမှုပေါင်း(၁၆၂)ဖြစ်ပါကြောင်း” ပြန်လည်ဖြေကြားခဲ့သည်။

ညောင်ရွှေမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးသိန်းဇော်မိုး၏ "ညောင်ရွှေမြို့နယ်၊ ညောင်ရွှေ-တုံ့ဟိုးစံကား-လွိုင်ကော်လမ်းနှင့် ဆက်သွယ်ထားသော လွယ်မောရွာ အဝင်လမ်း ပေပေါင်း(၁၁၈၀၀)ကို ကတ္တရာလမ်းအဖြစ် တိုးမြှင့်ပေးရန်" မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်နယ်လမ်းပန်း ဆက်သွယ်ရေးဝန်ကြီး ဦးခွန်ရဲထွေးမှ " ၂၀၂၀-၂၀၂၁ ခုဘဏ္ဍာနှစ်တွင် ပြည်ထောင်စုဘဏ္ဍာတွင် ထည့်သွင်းလျာထားပြီးဖြစ်ကြောင်း”ပြန်လည်ဖြေကြားခဲ့သည်။

မောက်မယ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်နန်းဖွေးဟွမ်ဦး၏ " မောက်မယ်မြို့နယ်အတွင်း ဒေသခံပြည်သူများ၏ လိုအပ်ချက်များနှင့် ကိုက်ညီစေရန်နှင့် အခွင့်အရေးများ ဆုံးရှုံးနစ်နာမှု မရှိစေရန် ဌာနအသီးသီးအား မူဝါဒနှင့် အညီမည်ကဲ့သို့ လမ်းညွှန်ဆောင်ရွက်ပေးမည်"မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်နယ်လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီး ဦးစိုင်းရဲန်တစ်လုံမှ " ဌာနဆိုင်ရာ လုပ်ငန်းများ အားလုံးသည် မြို့နယ် စီမံကိန်းရေးစွဲရေးမှ ပြည်နယ်စီမံကိန်းသို့ တင်ပြရကြောင်း ပြည်နယ်စီမံကိန်းမှ စိစစ်ပြီးလွှတ်တော်သို့ တင်ပြကာ အတည်ပြုချက်ရယူပြီး ဆောင်ရွက်ရကြောင်း တောင်သူများ ဆုံးရှုံးမှု မရှိစေရန်အတွက် ပြည်ထောင်စု အစိုးရမှ လမ်းညွှန်မှာကြားချက်အတိုင်း ဆောင်ရွက်လျက်ရှိပါကြောင်း" ပြန်လည်ဖြေကြားခဲ့သည်။

တပ်မတော်သားပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဗိုလ်မှူးလင်းကျော်ခိုင်၏ "ရှမ်းပြည်နယ်အတွင်းရှိ နိုင်ငံတကာ ဆက်သွယ်ရေးလမ်းမကြီး (AH2) အဖြစ် သတ်မှတ် ထားရှိသော မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ- တာချီလိတ် လမ်းမကြီးနယ်နိမိတ်အတွင်း အခိုင်အမာ ဆောက်အအုံများ ဆောက်လုပ်ခြင်း၊ ခြံစည်းရိုးကာရံခြင်းများ မရှိစေရေးအတွက် မည်ကဲ့သို့စီမံဆောင်ရွက်သွားမည်"မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်နယ်လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးဦးခွန်ရဲထွေးမှ " လမ်းဦးစီးဌာနနှင့် မြို့နယ်စီမံကိန်း ရေးဆွဲရေးဌာနတို့ ပေါင်းစပ်၍ ရပ်ကွက်/ကျေးရွာအထိ လမ်းနယ်နိမိတ် အမှတ်အသားများ၊ ပန်းဖလက်များ ဖြန့်ဝေအသိပညာပေးခြင်း လုပ်ငန်းများဆောင်ရွက်လျက်ရှိပါကြောင်း " ဖြေကြားခဲ့သည်။

ကွတ်ခိုင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးအိုက်မွန်း၏ "ကွတ်ခိုင်မြို့နယ်၊ ယုံးမောကျေးရွာအုပ်စု၊ ယုံးမော ကျေးရွာမှ နမ့်နင်းချောင်းကူးတံတားသွားလမ်း အရှည်(၄)မိုင်နှင့်အဆိုပါတံတားမှ ဒွန်းတောင်ကျေးရွာ-မန်ပြိန်းလုံ ကျေးရွာ-တာမိုးညဲမြို့သို့ ဆက်သွယ်ထားသည့် လမ်းအရှည် (၈)မိုင်၊ စုစုပေါင်း(၁၂)မိုင်ကို မြေသားလမ်း ဖောက်လုပ်ပေးမည့် အစီအစဉ် ရှိ/ မရှိ"မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးလှဦးမှ " ၎င်းတွင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် နတလ ရန်ပုံငွေဖြင့် တံတားတစ်စင်း ဆောက်လုပ်ပြီးဖြစ်၍ (၁၂)မိုင်လမ်းပိုင်းအား ရန်ပုံငွေမလုံလောက်သဖြင့် လက်တလောတွင် ဆောင်ရွက်ပေးနိုင်ခြင်း မ

စာမျက်နှာ (၂၇) သို့ > > >

ကမ္ဘောဇတိုင်း
VOLUME.6, ISSUE. 9 THURSDAY, FEBRUARY 27, 2020

# အရှေ့အာရှ ဆောင်းခိုငှက်များ ပျံသန်းရာလမ်းကြောင်း ၉ ခုတွင် အင်းလေးကန် ပါဝင်



စုလှိုင်

ဆောင်းရာသီ ကာလအတွင်း ကမ္ဘာအနှံ့ ပျံသန်းနေသော အရှေ့အာရှ ဆောင်းခိုငှက်များ၏ ပျံသန်းရာ လမ်းကြောင်း ၉ ခုတွင် ရှမ်းပြည်နယ်တောင်ပိုင်း၊ ညောင်ရွှေမြို့နယ်ရှိ အင်းလေးကန်သည်တစ်ခု အပါအဝင်ဖြစ်သည်ဟု သိရသည်။

"မြန်မာနိုင်ငံထဲမှာတင် မဟုတ်ဘဲ အရှေ့အာရှက ထိုင်း၊ လာအိုလိုနိုင်ငံတွေမှာလည်း ရှိတယ်။ ဆောင်းခိုငှက်တွေရဲ့ အဓိကပျံသန်းရာ လမ်းကြောင်း ၉ ခုမှာ အင်းလေးကန်ဧရိယာကိုလည်း တရားဝင် အတည်ပြု သတ်မှတ်ထားပါတယ်" ဟု အင်းလေးကန် သဘာဝ ဘေးမဲ့တော အုပ်ချုပ်ရေးမှူး ဦးစိန်ထွန်းက ကမ္ဘောဇတိုင်းသို့ ပြောသည်။

အရှေ့အာရှ ဆောင်းခိုငှက်များ၊ ဒေသပြောင်း ရေပျော်ငှက်များ ပျံသန်းရာ လမ်းကြောင်းပေါ်တွင် အဓိကကျသည့် နေရာများကို ရွေးချယ်ရာ၌ မြန်မာနိုင်ငံသာမက ထိုင်း၊ လာအိုနိုင်ငံတို့တွင်လည်း ဆောင်းခိုငှက်မျိုးစိတ်များ ပျံသန်းရာ လမ်းကြောင်းရှိပြီး အရှေ့အာရှ၏ ပျံသန်းရာ ကွန်ရက်ဧရိယာအဖြစ် တရားဝင်အသိအမှတ်ပြုထားခြင်းဖြစ်ကြောင်း သိရသည်။

"အင်းလေးကန်က အပြည်ပြည်ဆိုင်ရာ ပျံသန်းရာကွန်ရက် (Flyway Network Side)တင် မကဘူး။ အပြည်ပြည်ဆိုင်ရာ ရေဝပ်ဒေသလည်း ဖြစ်တယ်။ အာဆီယံ အမွေအနှစ်ဥယျာဉ်လည်း ဖြစ်တယ်။ အင်းလေးကန်တစ်ခုလုံးကလည်း လူသားနဲ့ ဇီဝနယ်မြေလည်း ဖြစ်တယ်။ ဒီလောက် အဖိုးတန်တဲ့၊ ထင်ရှားတဲ့ ဇီဝမျိုးစုံမျိုးကွဲ သဘာဝအနေအထားတွေ ရှိနေတဲ့ အင်းလေးကန်ကြီးကို အဘက်ဘက်က ဝိုင်းဝန်းထိန်းသိမ်းဖို့ လိုအပ်တယ်လို့ မြင်ပါတယ်" ဟု ဦးစိန်ထွန်းက ဆက်လက် ပြောဆိုခဲ့သည်။

ကမ္ဘာတစ်ဝှမ်းတွင် ဆောင်းခိုငှက်ကြည့်ရှုသူ ဝါသနာရှင်များ၊ လေ့လာလိုသူများ များပြားပြီး ငှက်များ ပျံသန်းရာ လမ်းကြောင်းများတွင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး လုပ်ငန်းစဉ်များကို ဦးစားပေးထိန်းသိမ်းရန် လိုအပ်နေကာ သဘာဝကို အခြေခံသည့် ခရီးသွားလုပ်ငန်း မြှင့်တင်မှုအတွက်လည်း များစွာ အရေးပါကြောင်း ၎င်းက ဆက်လက် ပြောဆိုခဲ့သည်။

အင်းလေးကန်သည် ဇီဝမျိုးစုံမျိုးကွဲ တိရစ္ဆာန်များ ခိုလှုံရာ သာမက များစွာသော ဘုရားပုထိုးများဥယျာဉ်များ ရှိပြီး ကြီးမားသော သဘာဝအသိုက်အမြုံကြီးတစ်ခု ဖြစ်ကာ ရှမောဖွယ်ကောင်းသည့် ကန်ပတ်လည် ကျေးရွာများနှင့် နယ်မြေများကြောင့် ပြည်တွင်းပြည်ပ ခရီးသွားများကို ဖိတ်ခေါ်နေပြီး မြန်မာနိုင်ငံ၏ ဒုတိယအကြီးဆုံး ကုန်းတွင်းပိတ်ရေကန်တစ်ခုလည်း ဖြစ်ကြောင်း သိရသည်။

ဆောင်းခိုငှက်များသည် ကမ္ဘာ့ရာသီဥတု အပြောင်းအလဲကြောင့် တစ်နေရာမှ တစ်နေရာသို့ ခေတ္တပြောင်းရွှေ့ နေထိုင်သည့် ငှက်များဖြစ်ပြီး ကမ္ဘာ့အအေးပိုင်းဒေသရှိ ငှက်များသည် ဆောင်းရာသီတွင် ၎င်းတို့နေထိုင်ရာ ကမ္ဘာ့မြောက်ခြမ်းဒေသမှ အအေးဒဏ်သက်သာသော အရပ်ဒေသများသို့ခေတ္တပြောင်းရွှေ့ နေထိုင်ကြခြင်း ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ဆောင်းခိုငှက်များ ပုံမှန်လာရောက်ချိန်သည် နှစ်စဉ် အောက်တိုဘာလ နောက်ဆုံးအပတ်မှ ဇန်နဝါရီလကုန်၊ ဖေဖော်ဝါရီလအထိ ဖြစ်ပြီး ရေတိမ်ဒေသများဖြစ်သော အင်းတော်ကြီးကန်နှင့် အင်းလေးကန် ဘေးမဲ့တောများသို့ အများဆုံး လာရောက်လေ့ရှိကာ အင်းလေးကန် ဒေသသို့လာရောက်လေ့ရှိသော ဆောင်းခိုငှက်များမှာ ဆိုက်ဘေးရီးယားဒေသမှ ဖြစ်ကြောင်း သိရသည်။

# ရှမ်းပြည်နယ်အတွင်း လူထုဗဟိုပြု စီမံကိန်းအတွက် တန့်ယန်းမြို့နယ်အား ရွေးချယ်

စုလှိုင်

စိုက်ပျိုးရေးမွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်းဆောင်ရွက်သည့် လူထုဗဟိုပြုစီမံကိန်း၏ ရှမ်းပြည်နယ်အတွင်း မြို့နယ်တစ်မြို့နယ် ထပ်မံတိုးချဲ့ အကောင်အထည်ဖော်နိုင်ရေးအတွက် တန့်ယန်းမြို့နယ်အား ရွေးချယ်ခဲ့သည်ဟု သိရသည်။

အဆိုပါ မြို့နယ်ရွေးချယ်ရေးအတွက် ရှမ်းပြည်နယ်စီမံကိန်း မြို့နယ်ရွေးချယ်ရေး အကြံဉာဏ်ရယူခြင်းအစည်းအဝေးကို ဖေဖော်ဝါရီလ ၂၂ ရက်၊ နံနက်ပိုင်းက တောင်ကြီးမြို့၊ မြို့တော်ခန်းမတွင် ပြုလုပ်ရာ အစည်းအဝေးတွင် တက်ရောက်လာသူများမှ တန့်ယန်းမြို့နယ်အား ရွေးချယ်ခဲ့ခြင်းဖြစ်သည်ဟု သိရသည်။

အစည်းအဝေးတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က မြို့နယ်အတွင်းရှိ ကျေးရွာများ အားလုံး တွင် လုပ်ငန်းများ အကောင် အ ထည်ဖော်ပါက လိုအပ်သည်များ ဝိုင်းဝန်းပံ့ပိုးကူညီပြီး စီမံကိန်း အောင်မြင်အောင် ဆောင်ရွက်ပေးကြရန်နှင့် ရွေးချယ်ခြင်း မခံရသည့် မြို့နယ်များ အနေဖြင့် စိတ်ပျက်ရန် မလိုဘဲ စီမံကိန်း အောင်မြင်လာသည်နှင့် အမျိုးကမ္ဘာ့ဘဏ်နှင့် အခြားဖွံ့ဖြိုးရေး အေဂျင်စီအသီးသီးက ထပ်မံပေးအပ်လာမည့် အကူအညီများနှင့် နိုင်ငံတော်အစိုးရ ဘတ်ဂျက်ရန်ပုံငွေ၊ ပြည်နယ်အစိုးရ ရန်ပုံငွေများဖြင့် ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း အမှာစကားပြောကြားခဲ့သည်။

"လူထုအခြေပြုစီမံကိန်းမြို့နယ်တစ်မြို့နယ် ထပ်ရွေးတာပေါ့။ ကျေးရွာသူ/ကျေးရွာသားတွေ ကိုယ်တိုင် စီမံကိန်းတွေ ရေးဆွဲပြီး ရွာသူရွာသားတွေကိုယ်တိုင် အကောင်အထည်ဖော်တဲ့ စီမံကိန်းပါ။ အရင် ရှမ်းပြည်နယ်ထဲမှာ ၅ မြို့နယ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ အခု ရှမ်းပြည်နယ်အတွက် တစ်မြို့နယ် ခွဲတမ်းထပ်ရတဲ့ အတွက် ရွေးချယ်တာဖြစ်ပါတယ်" ဟု ရှမ်းပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဦးမောင်မောင်ဝင်းက ကမ္ဘောဇတိုင်းသို့ ပြောသည်။

လက်ရှိတွင် ရှမ်းပြည်နယ် အတွင်း၌ လူထုဗဟိုပြု ဖွံ့ဖြိုးရေး စီမံကိန်းများကို နမ့်ဆန်မြို့နယ်၊ ဆီဆိုင်မြို့နယ်၊ မဘိမ်းမြို့နယ်၊ မိုင်းခတ်မြို့နယ်နှင့် မောက်မယ်မြို့နယ်များရှိ ကျေးရွာအုပ်စု ၆၅ အုပ်စု၊ ကျေးရွာပေါင်း ၇၇၅ ရွာ၌ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ အခြေခံအဆောက်အဦ အမျိုးအစား စုစုပေါင်း ၁၂၃၀ ခုကို ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

အဆိုပါ ရွေးချယ်ခံရသည့် မြို့နယ်ကို ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြပြီး ပြည်နယ်အစိုးရ၏ ထောက်ခံချက်ဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသို့ ပြန်လည်တင်ပြသွားမည် ဖြစ်ကြောင်း သိရသည်။

"လူထုဗဟိုပြု စီမံကိန်း ကျေးရွာသူ/သားတွေရဲ့ ဆင်းရဲမှုပပျောက်ရေး ဝင်ငွေတိုးပွားလာဖို့ မြစ်မ်းရောင် စီမံကိန်းတွေကို ဆောင်ရွက်ပေးနေသလို မြစိမ်းရောင် မရသေးတဲ့ မြို့နယ်တွေမှာလည်း VDP လုပ်ငန်းစဉ်ကိုလည်း အဓိကထားပြီး ဆောင်ရွက်ပေးနေပါတယ်"ဟု ဦးမောင်မောင်ဝင်းက ဆက်လက်ပြောဆိုခဲ့သည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေဖြင့် ကျေးလက်ဒေသ သောက်သုံးရေ ရရှိရေး၊ ကျေးလက် ဒေသများ၏ ကုန်ထုတ်လမ်းများ ဖောက်လုပ်ရေး၊ မဟာဓာတ်အားလိုင်းနှင့် ချိတ်ဆက်မှုမရှိသော ဒေသများတွင် အသေးစားဓါတ်အားပေးလုပ်ငန်း ဆောင်ရွက်သည့် NEP စီမံကိန်းများ၊ ကျေးလက်ဒေသ အခြေခံအဆောက်အအုံများ ကောင်းမွန်ရေး၊ ကျေးရွာသူ/သားများဝင်ငွေ တိုးတက်ရရှိရေးနှင့် ဆင်းရဲမှု လျှော့ချရေး လုပ်ငန်းစဉ်များကို ဆောင်ရွက် ပေးလျက်ရှိကြောင်း သိရသည်။






ကမ္ဘောဇတိုင်းသတင်းဂျာနယ်၏ ရုပ်သံသတင်းများကို
@kbztai တွင် ကြည့်ရှု နိုင်ပါသည်။

## ➢ စာမျက်နှာ (၂၅) ရှမ်းပြည်နယ်လွှတ်တော် မှ အဆက်

ရှိသေးပါကြောင်း"ပြန်လည် ဖြေကြားခဲ့သည်။

ကွတ်ခိုင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးအိုက်မွန်း၏ "ကွတ်ခိုင်မြို့နယ်၊ နမ့်ဖတ်ကာကျေးရွာအုပ်စု၊ ရီးယန်ကျေးရွာမှ နားဖိုင်ကျေးရွာအုပ်စု၊ လုံဂျာယန်-မန်ကန်-နားဖိုင်ကျေးရွာချင်းဆက် မြေသားလမ်း(၅)မိုင်နှင့် (၁၀)ပေချောင်းကူးတံတား(၁)စင်း၊ Box Culvert(၄)ခု ပြုလုပ်ပေးရန် အစီအစဉ်ရှိ/မရှိ "မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးခွန်ရဲထွေးမှ " ၂၀၂၅-၂၀၂၆ ခု၊ ဘဏ္ဍာနှစ်အထိ လျာထား ဆောင်ရွက်ပေးထားမည် ဖြစ်ကြောင်း"ပြန်လည်ဖြေကြားခဲ့သည်။

ကျိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါက်တာဝဏ္ဏစိုး၏ "ကျိုင်းတုံမြို့နယ်အတွင်း စက်မှုလက်မှု အထက်တန်းကျောင်းနှင့် စက်မှုလက်မှုသိပ္ပံကျောင်း မြေနေရာရရှိရေးနှင့် ဖွင့်လှစ်ခွင့်ရရှိရေး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ" မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစိုင်းလုံကျော်မှ "မြေလွတ်၊မြေလပ်နှင့် မြေရိုင်းများကော်မတီ(ဗဟို)ထံသို့ တင်ပြခဲ့ပါကြောင်း၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေး ဦးစီးဌာနသို့ အမှုတွဲ ပေးပို့ရန်အကြောင်းကြားထားပါကြောင်း" ပြန်လည်ဖြေကြားခဲ့သည်။



ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းထွန်းညဏ်၏ "ရှမ်းပြည်နယ်အစိုးရ၏ ရင်းနှီးမြှုပ်နှံမှုကိစ္စရပ်များ ဆောင်ရွက်ရာတွင် ဒေသစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေရန် ကုမ္ပဏီ၊ ပုဂ္ဂလိကများ၏ Performance Guarantee ငွေများကို ပုဂ္ဂလိကဘဏ်များတွင် ထားခွင့်ပြုရန် အစီအစဉ် ရှိ/မရှိ" မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်နယ်စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးစိုးညွန့်လွင်မှ "အဆိုပါရင်းနှီးမြှုပ်နှံမှုကိစ္စရပ်များ ထားရှိနိုင်ပါကြောင်း" ပြန်လည်ဖြေကြားခဲ့သည်။

မိုင်းရှူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းလင်းမြတ်၏ "မိုင်းရှူးမြို့နယ်၊ လွိုင်ဆောင်ထောက်ဒေသ ကျောက်မျက်တူးဖော်ထုတ်လုပ်ခြင်း လုပ်ကိုင်ခွင့်များ မည်သည့် အချိန်တွင် ပြန်လည်ချထားပေးမည်" မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်နယ်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး ဒေါက်တာညီညီအောင်မှ "လုံခြုံရေး အခက်အခဲ ရှိပါကြောင်း၊ လုံခြုံရေးကောင်းမွန်ပါက ဆက်လက်လုပ်ဆောင်သွားမည် ဖြစ်ပါကြောင်း" ပြန်လည် ဖြေကြားခဲ့သည်။

ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးညီညီ(ခ) ဦးညီလေးချမ်း၏ "ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်များတွင် ကျွဲ၊ နွားစားကျက်မြေများ သတ်မှတ်ခြင်း" မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစိုင်းလုံကျော်မှ "သတ်မှတ်ထားသော စားကျက်မြေ မရှိပါကြောင်း၊ ကျွဲ၊ နွားများ စားသုံးမှုများ လိုအပ်ပါက ကျေးရွာသား၊ ကျေးရွာသူများအနေဖြင့် စာတင်ပြလာပါက ရရှိနိုင်ရန် ဆက်လက်လုပ်ဆောင်ပေးသွားမည် ဖြစ်ပါကြောင်း"ပြန်လည်ဖြေကြားခဲ့သည်။

မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းလှဝင်း၏ "ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်ဒေသန္တရ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းကော်မတီနှင့် Heho Resort (INN KHAUNG) ကုမ္ပဏီတို့အကြား အကျိုးတူပူးပေါင်း ဆောင်ရွက်မည့် နားလည်မှုစာချွန်လွှာ (MoU)" မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်နယ်စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးစိုးညွန့်လွင်မှ ၂၇-၈-၂၀၁၉ ခုနှစ်တွင် MoU ထိုးခဲ့ပါကြောင်း၊ အကျိုးအမြတ်ခံစားခွင့် အနေနဲ့ ပါရှိခြင်း မရှိပါကြောင်း" ပြန်လည်ဖြေကြားခဲ့သည်။

မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းလှဝင်း၏ "မိုင်းပျဉ်းမြို့နယ်၊ ဖာဝေါ၊ဆင်မောင်း၊တာကော် ကျေးရွာအုပ်စုအတွင်းရှိ သောက်သုံးရေ အခက်အခဲရှိသည့် ကျေးရွာ(၄)ရွာအား စိမ့်စမ်းရေသွယ်လုပ်ငန်း ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ" မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစိုင်းလုံကျော်မှ "အနီးစပ်ဆုံး ဘဏ္ဍာရေးနှစ်တွင် စီမံကိန်း ရေးဆွဲ၍ တင်ပြလာမှုပေါ် မူတည်ပြီး ဆက်လက်လုပ်ဆောင်ပေး သွားမည်ဖြစ်ပါကြောင်း"ပြန်လည်ဖြေကြားခဲ့သည်။

တပ်မတော်သား ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဗိုလ်မှူးအေးမင်းထိုက်၏ "ရှမ်းပြည်နယ်အတွင်းရှိ စက်မှုဇုန်/စက်မှုရပ်ကွက်များနှင့် ပတ်သက်၍ ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ စီမံဆောင်ရွက်နေမှု" မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်နယ်လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီး ဦးစိုင်းရှဲန်တစ်လုံမှ "တောင်ကြီးတွင် အေးသာယာ စက်မှုဇုန်၊ မူဆယ်စက်မှုဇုန်နှင့် တာချီလိတ် စက်မှုဇုန်တို့ ရှိပါကြောင်း၊ ၄င်းစက်မှုဇုန်များကို နိုင်ငံတကာမှ လာရောက်၍ ရင်းနှီးမြှုပ်နှံမှု ကမ်းလှမ်းခြင်း မရှိပါကြောင်း" ပြန်လည်ဖြေကြားခဲ့သည်။

ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခိုင်ညီညီကျော်၏ "ရပ်စောက်မြို့နယ်တွင် စွန့်လွှတ်ထားသည့် မြေ (၁၃၄၇) ဧကအနက် အမှိုက်စွန့်ပစ်ရန်အတွက် (၁၀) ဧကခန့်အား ဆောလျင်စွာ အသုံးပြုခွင့်ရရှိနိုင်ရန် မည်သို့ဆောင်ရွက်ပေးမည်" မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစိုင်းလုံကျော်မှ "လတ်တလောတွင် မြေနေရာ သတ်မှတ်ပေးနိုင်ရန် အစီအစဉ် မရှိသေးပါကြောင်း" ပြန်လည်ဖြေကြားခဲ့သည်။

အဆိုနှင့် ဥပဒေ(မူကြမ်း)များ တင်သွင်းခြင်း

ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးညီညီ(ခ)ဦးညီလေးချမ်း၏ ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးတွင် ပလပ်စတစ်အိတ်သုံးစွဲခြင်းကို လျော့ချရေးအတွက် ပညာပေးဟောပြောပွဲများ ပြုလုပ်ပေးရန်နှင့် ပလပ်စတစ်အိတ်သုံးစွဲမှုကင်းမဲ့ဇုန်များကို စီမံချက်များ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ပေးရန် တိုက်တွန်းကြောင်း အဆိုကို ရှမ်းပြည်နယ်လွှတ်တော်သို့ တင်သွင်းခဲ့ရာ လွှတ်တော်ကိုယ်စားလှယ် ၃ ဦးမှ ထောက်ခံဆွေးနွေးခဲ့ကာ သက်ဆိုင်ရာ ဝန်ကြီးမှ ရှင်းလင်းပြီး ရှမ်းပြည်နယ်လွှတ်တော်၏ အဆုံးအဖြတ်ကို ရယူခဲ့ကာ ကန့်ကွက်သူမရှိ၍ အဆိုအား အတည်ပြုကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကြေညာခဲ့သည်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန/အဖွဲ့အစည်းများ၏ ၂၀၁၉-၂၀ ခု၊ ဘဏ္ဍာရေးနှစ် ဖြည့်စွက် ခွင့်ပြုငွေ စာရင်းအား ရှမ်းပြည်နယ်လွှတ်တော်သို့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးစိုးညွန့်လွင်မှ တင်သွင်းခဲ့ရာ လွှတ်တော်၏ အဆုံးအဖြတ် ရယူကာ အတည်ပြုကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကြေညာခဲ့သည်။

ဥပဒေပြုရေးဆိုင်ရာ ကော်မတီအဖွဲ့ဝင် မဘိမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးမောင်ညိုမှ ရှမ်းပြည်နယ် ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆု ပစ္စည်းချီးမြှင့်အပ်နှင်းခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေ (မူကြမ်း)ကို လွှတ်တော်သို့ အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခဲ့ကာ လွှတ်တော်၏အဆုံးအဖြတ် ရယူကာ ကန့်ကွက်သူမရှိ၍ အတည်ပြုကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကြေညာခဲ့သည်။

ဥပဒေပြုရေးဆိုင်ရာကော်မတီအဖွဲ့ဝင် လင်းခေးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းအောင်မျိုးကျော်မှ ရှမ်းပြည်နယ် အခြေခံပညာကျောင်းများ ဘေးကင်းစိတ်ချရသော အစားအသောက် ဥပဒေ(မူကြမ်း)ကို လွှတ်တော်သို့ အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခဲ့ကာ လွှတ်တော်၏အဆုံးအဖြတ် ရယူကာ ကန့်ကွက်သူမရှိ၍ အတည်ပြုကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကြေညာခဲ့သည်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သက်တမ်း အတွင်း ပုံမှန်အစည်းအဝေး ၁၈ ကြိမ်၊ အရေးပေါ် အစည်းအဝေး ၄ ကြိမ်နှင့် အထူးအစည်းအဝေး ၁ ကြိမ် စုစုပေါင်းလွှတ်တော် အစည်းအဝေး ၂၃ ကြိမ် ကျင်းပပြုလုပ်ခဲ့ကာ အဆို ၅၈ ခုဆွေးနွေး အတည်ပြုနိုင်ခဲ့ပြီး ကြယ်ပွင့်ပြမေးခွန်း ၁၀၀၄ ခု မေးမြန်းခြင်း၊ ဖြေကြားခြင်းများ ဆောင်ရွက်နိုင်ခဲ့ပြီး ဖြစ်ကြောင်း သိရသည်။

အရည်အသွေးမှာစိတ်ချရ ဘိလပ်မြေမှာ “ ရှမ်းရိုးမ ”

SHAN YOMA CEMENT




09 401455558 , 09 401455559
09 401455515 , 09 401455535
sale@shanyomacement.com
marketing@shanyomacement.com

DICA ၏ (၁၀.၉.၂၀၁၉) ရက်စွဲပါစာအရ KBZ Industries Ltd မှ SHAN YOMA CEMENT Co., Ltd အဖြစ်သို့ ပြောင်းလဲဖွဲ့စည်းခဲ့ပါသည်။

CHERRY QUEEN HOTEL (Wedding & Meeting Hall)

Phone ; +95 81 205100/ 205200, Fax ; +95 81 2125404, Mail ; cherryqueenhotel1@gmail.com

Website : www.cherryqueenhotelmyanmar.com






No (119), Myint Mo Street, Nyaung Phyu Sakan Quater,
Taunggyi, The Capital of Shan State, Myanmar